ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (27-8-2015) (၈၃၀၅)

A'tvus tq;trawm

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# "အာမခံထားခြင်းက မိမိထိခိုက်ခဲ့ရင် ကုစားပေးရုံသာမကဘဲ နိုင်ငံ့စီးပွားရေး မထိခိုက်အောင်လည်း အကာအကွယ်ပေးတဲ့ သဘောပါပဲ"

## ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း-မိုးသူဇာစိုး
ဓာတ်ပုံ-ရွှေကိုကိုလေး



အာမခံထားရှိခြင်းသည် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့်လုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် လူသားတို့ခံစားခဲ့ရသည့် ဆုံးရှုံးမှုများကို ကုစားပေးနိုင်ရန် အာမခံလုပ်ငန်း ပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။ ပျက်စီးဆုံးရှုံးမှုများကို ငွေကြေးတန်ဖိုးသတ်မှတ်ပြီး ယင်းငွေကြေးကို အာမခံလုပ်ငန်းက လျော်ကြေးအဖြစ် ပြန်လည်ပေးအပ်ခြင်းဖြစ်ရာ အာမခံလုပ်ငန်းသည် ဆုံးရှုံးမှုကို ပြန်လည်ကုစားခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မကြာသေးမီကာလက သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်အဖြစ်များခြင်းနှင့် အာမခံထားရှိခြင်းတို့ အရေးပါပုံကို ဆက်စပ်သိရှိနိုင်ရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်ဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

> ' အာမခံထားတဲ့သူတွေများတဲ့ နိုင်ငံတွေမှာ ဆုံးရှုံးမှုဖြစ်ပွားလာရင် နိုင်ငံ့စီးပွားရေးကို ကာလတိုပဲထိခိုက်ပြီး အာမခံထားသူနည်းတဲ့ နိုင်ငံတွေမှာတော့ နိုင်ငံ့စီးပွားရေးတိုးတက်မှုကို ၂ ရာခိုင်နှုန်းလောက် ထာဝရထိခိုက်သွားစေတယ်။

r;&mo e;rrsm;

| | |
|---|---|
| မော်လမြိုင် | ၈ ဒသမ ၅၀ လက်မ |
| ပေါင် | ၆ ဒသမ ၂၂ လက်မ |
| ပူတာအို | ၄ ဒသမ ၁၃ လက်မ |
| ဟိုင်းကြီးကျွန်း | ၃ ဒသမ ၈၂ လက်မ |
| ကျိုက်မရော | ၃ ဒသမ ၄၆ လက်မ |
| မုဒုံ | ၂ ဒသမ ၈၇ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၈၃ လက်မ |

### ဟုမ္မလင်းမြို့ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်း

နေပြည်တော် ဩဂုတ် ၂၆

ချင်းတွင်း မြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် တစ်ပေခန့်အထိ မြင့်တက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (ကြေးမုံ)

# ပြည်ပမှ ကုန်စည်ဝင်ထွက်မှု များပြားလာသည့်အတွက် လေဆိပ်ကုန်လှောင်ရုံသစ်တိုးချဲ့ဆောက်လုပ်မှု ၂၀၁၆ မတ်လတွင် ပြောင်းရွှေ့နိုင်မည်

ဆုနှင်းလဲ့




သွင်းကုန် ထုတ်ကုန်လုပ်ငန်းများ ပိုမိုတွင်ကျယ်လာပြီး မြန်မာနိုင်ငံသို့ ပြည်ပမှကုန်စည်ဝင်ထွက်မှု ပိုမိုများပြားလာသည့်အတွက် လေဆိပ်ကုန်လှောင်ရုံသစ် တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ရာ လာမည့် ၂၀၁၆ ခုနှစ်မတ်လတွင် ပြီးစီးပြောင်းရွှေ့ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှသတင်းရရှိသည်။

မြန်မာနိုင်ငံသို့ပြည်ပမှခရီးသည်များ လာရောက်မှုများပြားလာပြီး ပြည်ပနှင့် တိုက်ရိုက်ချိတ်ဆက်ပြေးဆွဲသည့် လေကြောင်းလိုင်းများ ပိုမိုများပြားလာသည့်အပြင် ကုန်စည်ဝင်ထွက်မှုပမာဏမှာလည်း တိုးတက်များပြားလာခဲ့သောကြောင့် ကုန်လှောင်ရုံအသစ် တိုးချဲ့တည်ဆောက်ရခြင်းဖြစ်ပြီး လာမည့် ၂၀၁၆ မတ်လအကုန်တွင် ပြောင်းရွှေ့နိုင်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက ပြောသည်။

"ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဟိုတုန်းက တစ်နေ့လုံးနေမှလေယာဉ် သုံး၊ လေးစင်းလောက် ဆင်းသက်ရာကနေ အခုဆိုရင် ည ၁၂ နာရီ ၁ နာရီလောက်အထိ လေယာဉ်အစင်း ၃၀၊ ၄၀ လောက်အထိဆင်းသက်မှုရှိပြီး ပြည်တွင်းလေကြောင်း လေယာဉ်တွေလည်း အများကြီးဖြစ်လာပါတယ်။ အလားတူ ကုန်လှောင်ရုံဟာ အခုဆိုရင်ဘယ်လိုမှမဆံ့တော့တဲ့အတွက် စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



**ကြေးမုံစာတည်းရှုထောင့်** ၂၇-၈-၂၀၁၅၊ ကြာသပတေးနေ့

# အကောင်းဆုံးမျှခြေ

မြန်မာ့နွေဦး ဇာတ်လမ်းတွင် ပထမပိုင်းဇာတ်ကွက် ပြီးဆုံးလုကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ တင်ဆက်ပြီးသော ဇာတ်လမ်းဇာတ်ကွက်များကို ပရိသတ်များလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ဇာတ်လမ်းတွင် ပါဝင်ကြသူအားလုံးအနေဖြင့် ဇာတ်လမ်း၏ အဓိကရည်မှန်းချက်သို့ ရောက်အောင် တတ်စွမ်းသမျှ အကောင်းဆုံးတင်ဆက်ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့နွေဦးဇာတ်လမ်းသည် ပထမပိုင်းဇာတ်လမ်း ဇာတ်ကွက်ပြီးဆုံးလုကာလနှင့် ဒုတိယပိုင်း ဇာတ်လမ်းဇာတ်ကွက်သို့ မရောက်မီကာလအကြား အလွန်အရေးကြီးသည့် တင်ဆက်မှုအနေအထားသို့ ရောက်ရှိနေပြီဟု ဥပမာပြ ဆိုလိုချင်ပါသည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ ဆယ်စုနှစ်တစ်ခုအတွင်း နိုင်ငံနှင့်လူမျိုး၏ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များနှင့် ထည့်သွင်းတွက်ချက်ကြည့်မည်ဆိုပါက အနောက်တိုင်းနှုန်းစံများနှင့်လျော်ညီသည့် ဒီမိုကရေစီလူ့ဘောင်သစ်သို့ ရောက်ရှိနိုင်ခြေမှာ အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ဇာတ်လမ်းဇာတ်ကွက်တစ်ထုပ်ပြီးတိုင်း ထိုဇာတ်လမ်းဇာတ်ကွက်၏ အားသာချက်၊ အားနည်းချက်တို့ကို ပရိသတ်များ မြင်တွေ့နိုင်မည်ဖြစ်ပါသည်။

အများကြိုက်တစ်ခုတည်းသော စံနှုန်းသို့ရောက်ရှိအောင် ဆောင်ရွက်ကြည့်ရာတွင် အကောင်အထည်ဖော်တင်ဆက်ကြသူများနှင့် ပရိသတ် တစ်ထပ်တည်းကျစေနိုင်ရန်မှာ ခက်ခဲသည့်အလုပ်တစ်ခုဟုဆိုရမည်ဖြစ်သည်။ မိသားစုတစ်စုတည်းမှာပင် တူညီသည့်စနစ်တစ်ခု ချမှတ်နိုင်ရန်မှာ လွန်စွာခက်ခဲပြီး အခြားမိသားစုများနှင့် ထပ်တူကြနိုင်ရေးမှာမူ ပိုမိုမလွယ်ကူသည့်အလုပ်ဖြစ်သည်။

သို့ရာတွင်မူ အကောင်းဆုံးမျှခြေသို့ရောက်ရှိနိုင်ရေးအတွက် အဓိကသရုပ်ဆောင်များသာမက ဇာတ်ပို့၊ ဇာတ်ရန်များ၊ ပါဝင်ဆောင်ရွက်သူများ၊ ကူညီပံ့ပိုးသူများ၊ ပရိသတ်များအားလုံးကပါ ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ် သဘောတရားကို နားလည်လက်ခံပြီး ညီညီညွတ်ညွတ်ဆောင်ရွက်မှသာ ဇာတ်လမ်းအစ၊ အလယ်၊ အဆုံး အောင်မြင်စွာ ပြီးဆုံးသည့် ဇာတ်ကောင်းတစ်ခုဖြစ်ပေလိမ့်မည်။

ဒီမိုကရေစီဇာတ်လမ်းအခင်းအကျင်းတွင် လုံခြုံမှုဆိုင်ရာဇာတ်အိမ်မှာ အရေးကြီးသည်။ စီးပွားရေးလုံခြုံမှု၊ အစားအစာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှုနှင့် ပတ်ဝန်းကျင်လုံခြုံမှုများမှာ ဒီမိုကရေစီဇာတ်ညွှန်းအတိုင်း ခင်းကျင်းနိုင်မည်ဖြစ်သော်လည်း လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် နိုင်ငံရေးလုံခြုံမှုကိုမူ တစ်ပြေးညီ တစ်ပုံစံတည်းခင်းကျင်းနိုင်ရန် ခက်ခဲပေလိမ့်မည်။

ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်နှင့်မကိုက်ညီသော ဇာတ်လမ်းကို ခင်းကျင်းမိသောအခါ အရပ်က ခဲနှင့်ပေါက်ကာ ဇာတ်ခေါင်းကွဲရသည့်အဖြစ်သို့ ရောက်ရှိသကဲ့သို့ မဖြစ်အောင်လည်း သတိပြုရပေသည်။ သမိုင်းတစ်လျှောက်တွင် မိမိတို့အခြေခံ အကြောင်းတရားများနှင့် မတူကွဲပြားသည့် စံနှုန်းများနှင့် တန်ဖိုးများကို အလွန်အကျွံတင်ဆက်မိသောကြောင့် ဇာတ်ခေါင်းကွဲခဲ့ရသည့်၊ ဇာတ်ပွဲ ပျက်ခဲ့ရသည့် သာဓကများလည်း အမြောက်အမြားရှိခဲ့ပြီးဖြစ်သည်။

ယခုဇာတ်လမ်းများမှာ ကမ္ဘာ့သမိုင်းကြောင်း အဖြစ်အပျက်များနှင့် နှိုင်းယှဉ်ဆိုလိုခဲ့ခြင်းသာဖြစ်သည်။ ငါ့စကားနွားရ ကိုယ်ထင်ရာဆိုလိုခဲ့ခြင်း မဟုတ်ချေ။ အဓိကမှာ လူသားဆိုင်ရာလုံခြုံမှု အခင်းအကျင်းမှာ လွန်စွာ အရေးကြီးပါသည်။ ပြည်သူတစ်ဦးချင်း၏ အခြေခံခိုင်မာမှုနှင့် ဒီမိုကရေစီစနစ်ခိုင်မာမှုသည် တိုက်ရိုက်အချိုးကျသည်ဟူသောအယူအဆမှာ ပစ်ပယ်၍မရသည့်အချက်ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းမှုသည် လူတစ်ဦးချင်းဆိုင်ရာ အချက်အလက်များ ကောင်းမွန်နေရုံသာမက နိုင်ငံတစ်ခုချင်းစီအလိုက် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေသည်မှာ သေချာပါသည်။ စီးပွားရေး၊ လူမှုရေးလုံခြုံမှု အခင်းအကျင်းကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်ပယ်အတွင်း ဦးဆောင်မှုကို ရယူနိုင်ခဲ့သည့်အဖြစ်များမှာလည်း အထင်အရှားရှိသည်။

သို့ဖြစ်ရာ ဒီမိုကရေစီအခင်းအကျင်းကို ကမ္ဘာလုံးဆိုင်ရာ အနေအထားအရ ဆောင်ရွက်ကြရာတွင် မိမိတို့နှင့်ဆီလျော်ကိုက်ညီသည့် အကောင်းဆုံးမျှခြေအနေအထားဖြင့် ခင်းကျင်းမှသာ အောင်မြင်နိုင်မည်ဟု ဆိုချင်ပါသည်။ ။

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန် ထရန်စဖော်မာများတိုးချဲ့တပ်ဆင်

**မတ္တရာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ် ဓာတ်အားခွဲရုံမှ မတ္တရာမြို့ အမှတ် (၂) ဘူတာရပ်ကွက် မြနန္ဒာလမ်းတွင် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဩဂုတ် ၂၄ ရက်က (၁၁/၀. ၄) ကေဗွီ (၂၀၀)ကေဗွီအေထရန်စဖော်မာအသစ် တစ်လုံး တိုးချဲ့တပ်ဆင်ပေးခဲ့သည်။

အဆိုပါရပ်ကွက်ရှိ အိမ်ထောင်စု ၂၀၀ ခန့်သည် ယခင်က မြို့မဈေးအနီးရှိ (၁၁/၀. ၄)ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားရယူသုံးစွဲရသောကြောင့် ဓာတ်အားလုံလောက်မှုမရှိဘဲ အခြားရပ်ကွက်နှင့် မျှဝေသုံးစွဲနေရသောကြောင့် လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် New Ever Light ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရပ်ကွက်အတွင်းရှိ လျှပ်စစ်သုံးစွဲသူများ ယခင်ထက် ဓာတ်အားပိုမိုပြည့်ဝစွာသုံးနိုင်မည်ဖြစ်သည်။

"မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများရော၊ ကုမ္ပဏီကိုပါ ကျေးဇူးတင်ပါတယ်။ အရင်က ကျွန်တော်တို့ ရပ်ကွက်မှာ ဗို့အား (၁၂၀) လောက်ပဲရလို့ မီးအားမမီပါဘူး။ သုံးလို့လည်း မရပါဘူး။ မကြာခဏ ဓာတ်အားပြတ်တောက်တာတွေ၊ ဗို့အားကျတာတွေကြုံရပါတယ်။ အခု ဘူတာမြောက်ရပ်ကွက်အတွင်း သီးသန့်ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးလို့ မီးသုံးရတာတွေကောင်းလာတော့မှာပါ။ အခု အိမ်မှာဗို့အား ၂၀၀ လောက်ဝင်ပါတယ်။ နောင်မှာလည်း ရပ်ကွက်အတွင်း ဗို့ဓာတ်အားလိုင်း ၄၀၀ ရှိတဲ့ သစ်သားတိုင်များကို ကွန်ကရစ်တိုင်များ၊ သံလက်တန်းတွေနဲ့ အစားထိုးလဲလှယ်ပေးသွားမယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

မတ္တရာမြို့နေပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် New Ever Light ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ရာ အမှတ်(၂)ရပ်ကွက်တွင် ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ အမှတ်(၃)ရပ်ကွက်တွင် ၃၁၅ ကေဗွီအေထရန်စဖော်မာ သုံးလုံး၊ အမှတ်(၅) ရပ်ကွက်တွင် (၃၁၅) ကေဗွီအေထရန်စဖော်မာ တစ်လုံးနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံးတို့ကို တိုးချဲ့တပ်ဆင်ခဲ့ကြောင်း သိရသည်။

**(စိုးကျော်သူထွေး-မတ္တရာ)**


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၈၇၀၀ | - | ၇၅၉၇၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၈၇၀၀ | - | ၇၅၉၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၇. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၉၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၉၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၂၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၅. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၅၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄. ၃၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၁. ၀၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပခဲ့ရာ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉နာရီက စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကုံကော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် Book Review ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင်များ၊ အနောက်ပိုင်းခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် ဦးဝင်းအောင်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြင့်မြင့်က လက်ခံရယူကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်

**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၆**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းအား ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဦးဒိုဒက်စီတဘွတ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဩဂုတ် ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ထိုင်းဘုရင့် ကြည်းတပ်ဌာနချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး ချူလာလောင်ကွန် အထိမ်းအမှတ်ရုပ်တု၌ ပန်းခွေချ အလေးပြုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဦးဒိုဒက်စီတဘွတ်နှင့်ကြည်းတပ် ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ လူကုန်ကူးမှု အပါအဝင် လက်နက်မှောင်ခိုရောင်းဝယ်မှု များတိုက်ဖျက်ရေးအတွက် တပ်မတော် နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် သင်တန်းသားများ တိုးမြှင့်စေလွှတ်ရေး၊ မြန်မာနိုင်ငံ အချို့ဒေသများတွင် ရေလွှမ်းမိုးခဲ့မှုအပေါ် ပြန်လည်ထူထောင်ရေးနှင့် ဆေးကုသရေးဆိုင်ရာများတွင် အကူအညီပေးရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(အောက်ပုံ)**

ဇင်းနောက် ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်သန်းသန်းနွယ်အား ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် နှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(မြဝတီ)**





# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ထိုင်းနိုင်ငံဆိုင်ရာလက်မှုပညာများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၂၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဘန်ကောက်မြို့ရှိ Grand Palace သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြဘုရားနှင့် Wat Benchamabophit Dusitvanaram ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ပြီး **(အပေါ်ပုံ)** အလှူငွေများပေးအပ်သည်။

ယင်းနောက် ထိုင်းဘုရင့်ကြင်ယာတော် Queen Sirikit ၏ ဆင်းရဲနွမ်းပါးသူများ အလုပ်အကိုင်ရရှိရေး၊ ထိုင်းရိုးရာလက်မှုပညာများ ထိန်းသိမ်းဆောင်ရွက်ရေးနှင့် ထိုင်းရှေးဘုရင်မင်းဆက်အလိုက် အသုံးအဆောင်ပစ္စည်းများ၏ အနုပညာလက်ရာအမွေအနှစ်များ ရေရှည်ထိန်းသိမ်းထားနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် Ananta Samakhom Throne Hall သို့သွားရောက်၍ ခန်းမတည်ဆောက်ထားရှိမှု ဗိသုကာလက်ရာများနှင့် Queen Sirikit Institute ရှိ ထိုင်းနိုင်ငံရိုးရာလက်မှုပညာများအား လေ့လာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောအဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဘန်ကောက်မြို့ရှိ ထိုင်းဘုရင့်တပ်မတော်စစ်ဦးစီးတက္ကသိုလ်နှင့် ကြည်းတပ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ကရစ်ဆာဒါ အရီရတ်ချကူလ်နှင့် စစ်ဦးစီးတက္ကသိုလ်ခန်းမတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။ ထို့နောက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်သားသစ်သင်တန်းဖွင့်လှစ်သင်ကြားမှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များအား တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

**(မြဝတီ)**

**✻ ပြည်ပမှ**

နေရာပြောင်းဖို့လုပ်နေရတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့သဘောတူညီမှုလည်း လုပ်ပြီးသွားပြီ။ နေရာရွှေ့မယ်။ လာမယ့်မတ်လကုန်မှာကုန်လှောင်ရုံအသစ်တိုးချဲ့တာဟာ ပြီးစီးသွားမယ်။ အဲဒီအချိန်မှာ နိုင်ငံတကာနည်းတူ ကုန်လှောင်ရုံကိုလည်း အအေးခန်းနဲ့စနစ်တကျတိုးချဲ့မယ်။ ကျန်တဲ့ကုန်ပစ္စည်းထားသိုမယ့်နေရာတွေကိုလည်း ပုဂ္ဂလိကကိုစနစ်တကျလွှဲပြောင်းပြီးတော့မှ စနစ်တကျလုပ်ဆောင်သွားဖို့ရှိပါတယ်” ဟု အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက ဩဂုတ် ၂၅ ရက်က ရန်ကုန်မြို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ခန်းမဆောင်၌ ပြောကြားခဲ့သည်။

အသစ်ထပ်မံတည်ဆောက်မည့်ကုန်လှောင်ရုံအသစ်နှင့်ပတ်သက်၍ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးမင်းလွင်က အခုရှိနေတဲ့ကုန်လှောင်ရုံနဲ့ပတ်သက်လို့ Customs Warehouse တစ်လုံးရှိပါတယ်။ နောက်ပုဂ္ဂလိကက လုပ်နေတဲ့ကုန်လှောင်ရုံတစ်ခုရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ယခင်လုပ်ခဲ့တုန်းကရှိနေတဲ့ Traffics Capicityပေါ်မှာ မူတည်ပြီးတော့မှတည်ဆောက်ခဲ့ကြတာပါ။ အဲဒီတုန်းကတော့ လုံလောက်မှုရှိခဲ့ပေမယ့် အခုတိုးတက်လာတဲ့ပမာဏနဲ့ မလောက်တော့တဲ့အနေအထားလေးတွေ့လာတယ်။ ကျွန်တော်တို့စီမံကိန်းအပေါ် ညှိနှိုင်းပြီးဖြစ်ပါတယ်။ ဘယ်ကိုရွှေ့မလဲဆိုရင်Run way ရဲ့အနောက်ဘက်ခြမ်း စော်ဘွားကြီးကုန်းဘက်ကိုရွှေ့ဖို့လုပ်ထားပါတယ်။ အကောက်ခွန်နဲ့လည်း ညှိနှိုင်းအစည်းအဝေးလုပ်ပြီးဖြစ်ပါတယ်။ အစည်းအဝေးရဲ့ရလဒ်တွေအရ ၂၀၁၆ မတ်လမှာအဲဒီကိုရွှေ့ပါမယ်။ ရွှေ့တဲ့အခါမှာ အခုလက်ရှိကျဉ်းနေတဲ့နေရာ၊ လုံလုံလောက်မှုမရှိတဲ့နေရာတွေဟာ နောက်ဆောက်တဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့တည်ဆောက်သွား မှာဖြစ်ပါတယ်။ အအေးခန်းတွေ၊ ဘာတွေနဲ့ စနစ်တကျလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နေရာဝေးသွားတဲ့အတွက် လေယာဉ်ပေါ်ကပစ္စည်းတွေချတဲ့အခါ ဘယ်နေရာအထိပို့ပေးမယ်။ ပိုင်အိုနီးယားက ဘယ်လိုဆောင်ရွက်ပေးမယ်စတဲ့အသေးစိတ်စီမံကိန်းတွေ ရေးဆွဲပြီးဖြစ်ပါတယ်။ အကျိုးအမြတ်အနေနဲ့ဘာရှိလဲဆိုတော့လေဆိပ်ကိုလမ်းခွဲကနေဝင်လာတဲ့အခါမှာ ပစ္စည်းလာထုတ်တဲ့သူတွေက ဒီကိုပဲလာတယ်။ ခရီးသွားတွေကလည်း ဒီပဲလာတယ်ဆိုတော့ ဒီမှာကျပ်တယ်။ Cargo Warehouseကို ဟိုဘက်ကိုရွှေ့လိုက်ခြင်းအားဖြင့် ပစ္စည်းလာရွေးတဲ့သူတွေ ပစ္စည်းလာအပ်တဲ့သူသည် ဒီကိုမလာတော့ဘူး။ စော်ဘွားကြီးကုန်းဘက်ကိုပဲထွက်တော့မယ်။ အဲဒါဆိုရင် ဒီဘက်မှာလည်း အများကြီးချောင်သွားမယ်။ ဒါဟာကောင်းတဲ့အချက်တစ်ချက်ပါ။ နိုင်ငံတကာမှာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့နောက်ဆောက်တဲ့ Warehouse ဟာ ပိုကြီးပြီး ပိုကျယ်ပြန့်အောင်ဆောက်လုပ်သွားမှာဖြစ်ပါတယ်” ဟု တိုးချဲ့မှုအပေါ် ရှင်းလင်းပြောကြားခဲ့သည်။ ■

# ဟိုပန်တွင် ကျေးလက်လမ်းများဖောက်လုပ်

**ဟိုပန် ဩဂုတ် ၂၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့်ပန်ခွန်ကုမ္ပဏီက “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်း ရွှေဝါ - နောင်အွန်ကျေးရွာလမ်း ကတ္တရာခင်းခြင်း(၀/၄)မိုင်နှင့် မော်ဟွေ့-ဟာဖြတ်ကျေးရွာလမ်းကတ္တရာခင်းခြင်း(၂/၀)မိုင်တွင် လုပ်ငန်းဆောင်ရွက်နေကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါလမ်းများပြီးစီးသွားပါက ရွှေဝါကျေးရွာအုပ်စုနှင့်နောင်မိုကျေးရွာအုပ်စု၊ မော်ဟွေ့ကျေးရွာအုပ်စုနှင့် ဟာဖြတ်ကျေးရွာအုပ်စုတို့ကို ရာသီမရွေးလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

❖

# လယ်ယာသုံးစက်ကိရိယာ သင်တန်းဖွင့်

**ဒိုက်ဦး ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာအုပ်စုတွင် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၄ရက်က ကျင်းပရာ ပဲခူးခရိုင် ဦးစီးမှူး ဦးအောင်သောင်းက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ တောင်သူသင်တန်းသား ၃၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော် (IPRD)**

**○ပွဲဦးထွက်မှ**

မြန်မာအသင်းအနေဖြင့် သတိပြုယှဉ်ပြိုင်ရဖွယ် ရှိနေသည်။ မြန်မာအသင်းသည် ပွဲဦးထွက်ပွဲ၌ စင်ကာပူအသင်းကို အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များစွာရှိနေသေးရာ ယင်းပွဲထက် ပိုမိုကောင်းမွန်သည့် ခြေစွမ်းကို ပြသနိုင်ရန် လိုအပ်နေသည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန်အတွက် မလေးရှား၊ ဗီယက်နမ်တို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ရာ ယင်းနှစ်ပွဲမတိုင်မီ အမှတ်ပြည့်ရရှိထားရန်လိုအပ်နေသည်။ အုပ်စုပွဲစဉ်များကို ဩဂုတ် ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် မလေးရှားအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ ဗီယက်နမ်အသင်းနှင့်မြန်မာအသင်းတို့က တစ်ပွဲကစား တစ်ပွဲနိုင်၊ သုံးမှတ်စီ၊ တီမောအသင်းနှင့် စင်ကာပူအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တိုက်ကြီးမြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တော်တင်မင်္ဂလာကျင်းပ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တရားရုံး အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၈ မိနစ်တွင် အဆောက်အအုံသစ်ဆောက်လုပ်မည့် ရန်ကုန်-ပြည်ကားလမ်းနှင့် သူရလမ်းထောင့် မင်္ဂလာရပ်ကွက် တိုက်ကြီးမြို့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများဖြစ်ကြသည့် ဦးမျိုးမြင့်၊ ဦးလှအေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်တို့က သတ်မှတ်နေရာများတွင် အသီးသီးပန္နက်တင်ပေးကြပြီး တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားများ ပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်းဈေးကွက် ပိုမိုကျယ်ပြန့်လာမည်ဟု ဘိုးအင်းခန့်မှန်း

**ပေကျင်း ဩဂုတ် ၂၆**

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးသွားပြီး စတော့ရှယ်ယာဈေးကွက် အားနည်းသွားသော်လည်း ယင်းနိုင်ငံ၏ မြို့ပြလေကြောင်းဈေးကွက်မှာ အလားအလာကောင်းမွန်နေကြောင်း၊ လာမည့် နှစ် ၂၀ ကာလတစ်လျှောက် တရုတ်နိုင်ငံ၏ အရပ်ဘက်သုံး လေယာဉ်ဝယ်လိုအားမှာ ဆက်လက် မြင့်တက်နေဦးမည်ဟု ခန့်မှန်းရကြောင်း အမေရိကန်ပြည်ထောင်စု အခြေစိုက် ဘိုးအင်းကုမ္ပဏီက ဟောကိန်းထုတ်လိုက်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး မြို့ပြလေကြောင်း ဈေးကွက်တည်ရာ နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံသည် လာမည့် နှစ် ၂၀ ကာလ တစ်လျှောက် လေယာဉ်အစင်း ၆၃၃၀ လိုအပ်မည်ဟု ခန့်မှန်းရကြောင်း အမေရိကန် လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော ဘိုးအင်းကုမ္ပဏီက ပြောကြားသည်။ ဖော်ပြပါကာလအတွင်း တရုတ်နိုင်ငံအနေဖြင့် ဒေါ်လာ ဘီလီယံ ၉၅၀ ဖိုး လေယာဉ်များဝယ်ယူရလိမ့်မည်ဟု ဆိုသည်။

တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးဈေးကွက်သည် လတ်တလောအနေဖြင့် မတည်မငြိမ်ဖြစ်နေသော်လည်း ယင်းနိုင်ငံ၏ မြို့ပြလေကြောင်းကဏ္ဍမှာ ကာလရှည်အားဖြင့် အားကောင်းနေသည်ဟု ရှုမြင်ရကြောင်း ဘိုးအင်းကုမ္ပဏီ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလေယာဉ် အရောင်းမြှင့်တင်ရေးဌာန ဒုတိယဥက္ကဋ္ဌ ရန်ဒီ တင်ဆက်က ပြောကြားသည်။

လာမည့်နှစ် ၂၀ ကာလတစ်လျှောက် တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေယာဉ်အရေအတွက် သုံးဆနီးပါးတိုးတက်လာမည်ဟု ခန့်မှန်းရကြောင်း၊ တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ လေယာဉ်အင်အားသည် ၂၀၁၄ ခုနှစ်တွင် အစင်း ၂၅၇၀ ရှိခဲ့ရာမှ ၂၀၃၄ ခုနှစ်တွင် အစင်း ၇၂၁၀ အထိ မြင့်တက်လာမည်ဟု တွက်ဆရကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**




## ဖမ်းဆီးရမိသည့် ဆင်စွယ်နှစ်တန် ထိုင်းအစိုးရ ဖျက်ဆီး

**ဘန်ကောက် ဩဂုတ် ၂၆**

ထိုင်းအစိုးရက တရားမဝင်ကုန်သွယ်မှုကို အမြစ်ဖြတ်ချေမှုန်းရေးအတွက် ဖမ်းဆီးရမိထားသည့် ဆင်စွယ်များကို ဖျက်ဆီးပြသည့်ပွဲတွင် မီဒီယာများအနေဖြင့် သက်သေအဖြစ် တက်ရောက်သတင်းယူရန် ဩဂုတ် ၂၆ ရက်တွင် ဖိတ်ကြားခဲ့သည်။

အာဖရိကမှ ဆင်စွယ်များ တရုတ်နိုင်ငံနှင့် အခြားနေရာများသို့ တရားမဝင်သယ်ယူပို့ဆောင်ရာတွင် ထိုင်းနိုင်ငံ၏ တရားမဝင်သော အကူးအပြောင်းနေရာနှင့် ပတ်သက်၍ ထိုင်းနိုင်ငံသည် နိုင်ငံတကာ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

ထိုင်းအစိုးရသည် ယခုနှစ်အတွင်း ဖမ်းဆီးရမိထားသည့် ဆင်စွယ်ငါးတန်ကို လေဆိပ်များနှင့် အခြားနေရာများတွင် ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းရှိ ဆင်စွယ်များနှင့် ဆင်စွယ်အပိုင်းအစ နှစ်တန်ကျော်ကို ဩဂုတ် ၂၆ ရက်က ဘန်ကောက်မြို့တွင် ဖျက်ဆီးခဲ့သည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ ခရစ်ယာန်ဘုန်းကြီးများနှင့် အခြားပါဝင်သူများက တရားမဝင်ဖမ်းဆီးသတ်ဖြတ်သူများ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည့် ဆင်များအတွက် ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ထိုင်းနိုင်ငံ၏ အမြတ်တနိုးဖြင့်တန်းဖိုးထားသော ဆင်များကို ပြည်သူများအနေဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဟု ပြောကြားသည်။ ထိုင်းနိုင်ငံ၌ ယခုနှစ်အတွင်း တရားမဝင်ဆင်စွယ်ရောင်းဝယ်မှုကို တားမြစ်ပိတ်ပင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဆင်စွယ်ပိုင်ဆိုင်ထားသူများ အနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မှတ်ပုံတင်ပြုလုပ်ကြရမည်ဖြစ်သည်။

သဘာဝအတွက် ကမ္ဘာ့တစ်ဝန်းရန်ပုံငွေအဖွဲ့က တရားမဝင်ဖမ်းဆီးသတ်ဖြတ်သူများကြောင့် အာဖရိကနှင့် အခြားနေရာများတွင် တစ်နှစ်လျှင် ဆင်ကောင်ရေ ၃၀၀၀၀ ခန့် သတ်ဖြတ်ခံနေရသည်ဟု ခန့်မှန်းထားသည်။ တာဝန်ရှိသူတစ်ဦးက ထိုင်းအစိုးရ၏ ယခုစွမ်းဆောင်မှုသည် သမိုင်းတွင်သည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ဟု ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## ပင်လယ်ဓားပြနှိမ်နင်းရန် လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့ မလေးရှားနှင့် အင်ဒိုနီးရှား ဖွဲ့စည်းမည်

**စင်ကာပူ ဩဂုတ် ၂၆**

မလက္ကာရေလက်ကြားနှင့် စင်ကာပူ ရေလက်ကြားတို့၌ ကုန်သွယ်ရေကြောင်းသင်္ဘောများ ပင်လယ်ဓားပြ တိုက်ခံရသည့်ဖြစ်ရပ်များ တိုးပွားလာနေမှုကို ဟန့်တားနိုင်ရန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့က လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့များကို ဖြန့်ကြက်မည်ဖြစ်ကြောင်း မလေးရှားရေတပ် ဗိုလ်ချုပ်တစ်ဦးက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

မလက္ကာနှင့် စင်ကာပူရေလက်ကြားတို့၌ ယခုနှစ်အတွင်း ကုန်သွယ်ရေကြောင်း သင်္ဘောအစင်း ၇၀ ကျော် ပင်လယ်ဓားပြ တိုက်ခံခဲ့ရသည်။ မလေးကျွန်းဆွယ်၏ အနောက်ဘက်ခြမ်းရှိ ယင်းရေလက်ကြားများသည် ကမ္ဘာပေါ်တွင် သင်္ဘောအသွားအလာအထူထပ်ဆုံး ရေလမ်းကြောင်းများလည်းဖြစ်ကြသည်။

ယခုနှစ်အတွင်း ပင်လယ်ဓားပြတိုက်မှုအရေအတွက်သည် ၂၀၀၈ ခုနှစ်နောက်ပိုင်း နှစ်အလိုက်နှိုင်းယှဉ်ချက်အရ စံချိန်တင် အရေအတွက်ဖြစ်သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က သင်္ဘောခုနစ်စင်းထက်မနည်း ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုနှင့် တွေ့ကြုံခဲ့ရသည်။

စင်ကာပူသို့ ဦးတည်မောင်းနှင်နေသော သင်္ဘောများ၊ မလေးရှား ရေပိုင်နက်ကို ဖြတ်သန်းနေသော သင်္ဘောများအတွက် လုံခြုံရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန် မိမိတို့အကြံပြုထားကြောင်း ကမ္ဘာ့အကြီးဆုံး သင်္ဘောလုပ်ငန်းကုမ္ပဏီဖြစ်သော Maersk Line ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျိုဟောဘာရူး၌ စစ်ရဟတ်ယာဉ်များနှင့်အတူ အထူးစစ်ဆင်ရေးလုပ်ငန်းနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ဖြန့်ကြက်နိုင်ရန် မလေးရှား ပင်လယ်ရေကြောင်း လုံခြုံရေးအေဂျင်စီက စီစဉ်လျက်ရှိသည်။ အလားတူပင် မလေးရှားနှင့် အင်ဒိုနီးရှား ရေတပ်များသည် ဒေသတွင်း၌ လျှပ်တစ်ပြက် တုံ့ပြန်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ပူးပေါင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မလေးရှားရေတပ်ဗိုလ်ချုပ် အဘူဘာကာက ပြောကြားသည်။ **ရိုက်တာ။**

## ရုရှားက အီရန်သို့ အက်စ် ၃၀၀ ဒုံးကျည်စနစ် ရောင်းချမှု ပင်တဂွန် စိုးရိမ်ပူပန်

**ဝါရှင်တန် ဩဂုတ် ၂၆**

အီရန်နှင့် ရုရှားနှစ်နိုင်ငံအကြား ဒုံးကျည်စနစ်ရောင်းချရေး သဘောတူညီမှုအပေါ် စိုးရိမ်ပူပန်မှုဖြစ်မိကြောင်း အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်က ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ကာလကြာမြင့်စွာကတည်းကပင် စိုးရိမ်ပူပန်မိသည့်အတိုင်း အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည်စနစ်ကို ရုရှားနိုင်ငံက အီရန်သို့ ရောင်းချပေးရန် စီစဉ်ထားကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ပီတာကွက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းသဘောတူညီမှုသည် အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုအဖြစ် မိမိတို့ မရှုမြင်ကြောင်း ၎င်းက ပြောကြားသည်။

အက်စ် ၃၀၀ အမျိုးအစား မြေပြင်မှဝေဟင်ပစ် ဒုံးကျည်စနစ်ကို ရုရှားထံမှ အီရန်ဝယ်ယူရန် သဘောတူညီချက်ရရှိပြီဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဟူစိန်ဒါဟန်က ဩဂုတ် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒုံးကျည်စနစ်ရောင်းချရေး ကန်ထရိုက်စာချုပ်ကို ရေးသားပြီးဖြစ်ကြောင်း၊ အီရန်ကိုယ်စားလှယ်အဖွဲ့သည် လာမည့်ရက်သတ္တပတ်အတွင်း ရုရှားနိုင်ငံသို့သွားရောက်ကာ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကာလျက် ဖားစ်သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်ဇူလိုင်လအတွင်းက အီရန်နှင့် အနောက်အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံအကြား အီရန်၏နျူကလီးယားအစီအစဉ်အား ကန့်သတ်ရန်နှင့် အီရန်အပေါ် အရေးယူဒဏ်ခတ်မှုများ ပယ်ဖျက်ပေးရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ယင်းဒုံးကျည်စနစ် အရောင်းအဝယ်သဘောတူညီချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အက်စ်-၃၀၀အမျိုးအစား ဒုံးကျည်စနစ်ကိုစစ်အေးခေတ်တင်းမာမှု အမြင့်ဆုံးအချိန်ဖြစ်သည့် ၁၉၇၉ ခုနှစ် တွင် ပထမဆုံးဖြန့်ကြက်ခဲ့သည်။ ယင်းဒုံးကျည်စနစ်သည် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်ဖြစ်သည်။

**ဆင်ဟွာ။**



## ပါလ်မိုင်ရာရှိ ရှေးဟောင်းဘုရားကျောင်းအား ဖျက်ဆီးလိုက်သည့်ပုံများ အိုင်အက်စ်အဖွဲ့ ထုတ်ပြန်

**ဒမတ်စကတ် ဩဂုတ် ၂၆**

ဆီးရီးယားရှေးဟောင်းမြို့တော် ပါလ်မိုင်ရာရှိ ရောမခေတ် ဘုရားကျောင်းတစ်ကျောင်းအား ဖျက်ဆီးပုံကို ပြသနေသောဓာတ်ပုံငါးပုံကို အိုင်အက်စ်စစ်သွေးကြွအုပ်စုက ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ဩဂုတ် ၂၅ ရက်က ဖြန့်ဝေလိုက်သည့် အဆိုပါဓာတ်ပုံများတွင် အိုင်အက်စ်စစ်သွေးကြွများက ဘယ်လ်ရှာမင်ဘုရားကျောင်းထဲသို့ ဖောက်ခွဲရေးပစ္စည်းများ ယူဆောင်ပြီးဖောက်ခွဲခဲ့သည့်အတွက် မီးခိုးများ ထွက်ပေါ်လာပြီး အုတ်ကျိုးအုတ်ပဲ့များ စုပုံသွားပုံကို ပြသသည်။

အေဒီပထမရာစုတွင် တည်ဆောက်ခဲ့သော အဆိုပါဘုရားကျောင်းမှာ ပါလ်မိုင်ရာမြို့ရှိ အကောင်းမွန်ဆုံး ထိန်းသိမ်းစောင့်ရှောက်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများအနက် တစ်ခုအဖြစ်လူသိများသည်။ အိုင်အက်စ်အုပ်စုက ဘုရားကျောင်းကို ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားအစိုးရက ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့၏အစွန်းရောက်ယူဆမှုကြောင့် အခြားယဉ်ကျေးမှုပစ္စည်း အများအပြားကို ဖြိုဖျက်ခဲ့ကြသည်။ နာမည်ကျော်ကြားသော ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာအား ဖျက်ဆီးခြင်းအားဖြင့် ၎င်းတို့၏ ဩဇာအာဏာကို သရုပ်ဖော်ပြသရန် အိုင်အက်စ်စစ်သွေးကြွများက ကြိုးစားခြင်းဖြစ်သည်ဟု ယုံကြည်ရသည်။ ၎င်းတို့က ပါလ်မိုင်ရာမြို့ရှိ ယဉ်ကျေးမှုပစ္စည်းများအား ထပ်မံဖျက်ဆီးပစ်မည်ကို စိုးရိမ်ပူပန်မှုများ ကြီးထွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

**မေး ။ ။ ဒီဘက်နှစ်တွေမှာ သဘာဝဘေးဖြစ်စဉ်နဲ့ ဆုံးရှုံးမှုတန်ဖိုးတွေ များပြားလာတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်စဉ်တွေရဲ့ အခြေခံအကြောင်းအရင်းကို သိပါရစေရှင့်။**

ဖြေ ။ ။ အဓိကအကြောင်းရင်း သုံးခုရှိပါတယ်။ ရာသီဥတုပြောင်းလဲမှု၊ လူဦးရေသိပ်သည်းလာမှုနဲ့ လူနေသိပ်သည်းမှုကြောင့် မြို့ပြချဲ့ထွင် တည်ဆောက်လာမှုကြောင့်ပါ။ ရာသီဥတုပြောင်းလာစေတဲ့ အချက်တွေကတော့ အများကြီးရှိပါတယ်။ လူနေသိပ်သည်းမှုကလည်း အမေရိကန်ပြည်ထောင်စုက ဖလော်ရီဒါပြည်နယ်မှာပဲ လွန်ခဲ့တဲ့ ၁၀ စုနှစ်အတွင်းမှာ လူဦးရေ ၂၀ ရာခိုင်နှုန်း တိုးလာပြီး တစ်နိုင်ငံလုံးလူဦးရေတိုးနှုန်းရဲ့ နှစ်ဆနီးပါး ဖြစ်လာပါတယ်။ လူနေသိပ်သည်းလာတော့ အရင်က သဘာဝဘေးကြောင့် အသုံးမပြုခဲ့တဲ့ နေရာတွေကိုလည်း မြို့ပြချဲ့ထွင်လာရတာတွေ ဖြစ်လာပါတယ်။

**မေး ။ ။ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်နဲ့ အာမခံထားရှိခြင်းတို့ ဆက်စပ်ဖြစ်တည်မှုကို သိပါရစေရှင့်။**

ဖြေ ။ ။ ရာသီဥတုဖောက်ပြန်ခြင်းကို အာမခံလောကမှာ Extreme Weather လို့ခေါ်ပါတယ်။ ဒီလို သဘာဝဘေးအန္တရာယ်တွေက အကြိမ်အရေအတွက်ရော ပြင်းအားတွေပါ များပြားကြီးမားလာပြီး ပျက်စီးဆုံးရှုံးမှုတွေလည်း ကြီးမားလာပါတယ်။ လွန်ခဲ့တဲ့ နှစ် ၄၀ အတွင်းမှာ သဘာဝဘေးကြောင့် လူသားတွေ ခံစားလိုက်ရတဲ့ စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုက ဒီကနေ့မှာ ကိုးဆမြင့်တက်လာပါတယ်။ ၁၉၆၀ ပြည့်နှစ်တွေလောက်က ဆုံးရှုံးမှု ဒေါ်လာ ၇၃ ဘီလီယံက ၁၉၈၀ ရောက်တော့ ဘီလီယံပေါင်း ၂၀၄ ဘီလီယံ ဖြစ်လာတယ်။ ၁၉၉၀ ကနေ ၁၉၉၉ ခုနှစ်အတွင်းမှာတော့ ဆုံးရှုံးမှု ဘီလီယံပေါင်း ၆၃၀ ဖြစ်လာပါတယ်။ ဒီဆုံးရှုံးမှုတွေကို ကုစားနိုင်ဖို့က အာမခံပါပဲ။ အာမခံဆိုတာကလည်း အာမခံကြိုတင်ထားရှိမှသာ ကုစားပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ကမ္ဘာတစ်လွှားဖြစ်ပွားနေတဲ့ သဘာဝဘေးတွေနဲ့ မကြာခင်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးတွေကို အာမခံလုပ်ငန်းအရ ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ ဘယ်လိုများ ရှုမြင်ပါသလဲရှင့်။**

ဖြေ ။ ။ မကြာခင်က ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုဟာ နှစ်ပေါင်း ၆၀ အတွင်းမှာ အကြီးဆုံးလို့ ဆိုနိုင်ပါတယ်။ ဒါက မြန်မာနိုင်ငံရဲ့ အတိုင်းအတာနဲ့ပါ။ **ဆုံးရှုံးမှုအနေနဲ့ မြန်မာငွေကျပ် ၁၆၅ ဘီလီယံခန့်လို့ သိရပြီး အမေရိကန်ဒေါ်လာနဲ့ ခန့်မှန်းခြေ ၁၆၅ သန်းလောက်ရှိပါတယ်။**

ဒီနေ့အထိ ကမ္ဘာပေါ်မှာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှု အများဆုံး စာရင်းဝင် ၁၀ မှုရှိပြီး အနိမ့်ဆုံးက ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀၀၀၀ ရှိခဲ့တဲ့ ၂၀၀၈ ခုနှစ် ဇွန်လတုန်းက အမေရိကန်မှာ ဖြစ်ခဲ့တဲ့ ရေကြီးရေလျှံမှုပါ။ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၀၀၀ ရှိခဲ့တဲ့ ၂၀၁၁ ခုနှစ်က ထိုင်းနိုင်ငံရဲ့ ရေကြီးရေလျှံမှုနဲ့ မြေပြိုမှုက ဒီနေ့အထိ ကမ္ဘာပေါ်မှာ ဆုံးရှုံးမှုတန်ဖိုးအကြီးမားဆုံး သဘာဝဘေးတွေဖြစ်ပါတယ်။

ဒီလို ဆုံးရှုံးမှုတွေနဲ့ မြန်မာနိုင်ငံက ဆုံးရှုံးမှုကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ဒါက ရေကြီးတာချင်း နှိုင်းယှဉ်တာပါ။ ဒီနှစ် ဧပြီလက နီပေါမှာလှုပ်ခဲ့တဲ့ ငလျင်ဆိုရင်လည်း အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ဆုံးရှုံးခဲ့ပြီး ဒါက နီပေါနိုင်ငံ GDP ရဲ့ ၂၅ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

**မေး ။ ။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ အာမခံလုပ်ငန်းနဲ့ ပြည်သူလူထုရဲ့ နားလည်လက်ခံမှု ဘယ်လောက်ရှိတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ အာမခံပေါ်လာတာက ၁၉ ရာစုလောက်ကတည်းကပါ။ နှစ်ပေါင်း ၅၀ လောက်ကို နိုင်ငံပိုင်အာမခံကုမ္ပဏီတစ်ခုတည်းနဲ့ ရှင်သန်ခဲ့ပါတယ်။ ပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို ခွင့်ပြုလုပ်ကိုင်ခဲ့တာ အခုဆို နှစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ လက်ရှိမှာ နိုင်ငံသားပိုင် အာမခံကုမ္ပဏီ ၁၂ ခုရှိပြီး အထူးစီးပွားရေးဇုန်အတွင်းမှာ အာမခံလုပ်ပေးဖို့ နိုင်ငံခြားကုမ္ပဏီသုံးခုကိုလည်း ဒီနှစ် နှစ်ဦးပိုင်းမှာ ခွင့်ပြုထားပြီးဖြစ်ပါတယ်။

မြန်မာ့အာမခံမှာ နယ်ရုံးခွဲ ၃၈ ရုံးရှိပြီး IKBZ က နယ်ရုံးခွဲ ၁၃ ခု နဲ့ တခြားကုမ္ပဏီတွေလည်း နယ်ရုံးခွဲတွေ ရှိနေပြီဖြစ်ပါတယ်။ ဒါပေမယ့် မလုံလောက်သေးပါဘူး။ အချက်အချာကျတဲ့ နယ်တွေမှာ နိုင်ငံသားပိုင် အာမခံကုမ္ပဏီတွေကို ရုံးခွဲဖွင့်နိုင်ဖို့၊ အာမခံရောင်းချဖို့ အမြဲတိုက်တွန်းပေးနေပါတယ်။

မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်က လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ စခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ သက်တမ်းအနုဆုံးလည်းဖြစ်ပါတယ်။ ဒါပေမယ့် သူ့အတိုင်းအတာနဲ့ သူတော့ အောင်မြင်တယ်လို့ ဆိုရမှာပါ။ အာမခံထားရှိမှုတွေမှာ အာရှနဲ့ အနောက်နိုင်ငံတွေမတူပါဘူး။ ဥပမာ ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံးမှာ သဘာဝဘေးကြောင့် ဆုံးရှုံးပျက်စီးမှု အမေရိကန်ဒေါ်လာ ၁၀၁ ဘီလီယံရှိပြီး တစ်ဝက်လောက်က အာရှနိုင်ငံတွေမှာ ဖြစ်ခဲ့တာပါ။ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော် အာရှမှာ ဆုံးရှုံးခဲ့တယ်ဆိုပါတော့။ အာမခံထားတာက တစ်ကမ္ဘာလုံးမှာ အာရှက ပျမ်းမျှ ရှစ်ရာခိုင်နှုန်းလောက်ပဲရှိတော့ ဆုံးရှုံးမှု ဘီလီယံ ၅၀ ကျော်မှာ ရှစ်ရာခိုင်နှုန်းလောက်ပဲ အာမခံကုမ္ပဏီတွေဆီက လျော်ကြေးရခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာတော့ အာမခံထားမှုက ၆၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါကြောင့် အာရှယဉ်ကျေးမှုအရ အာမခံထားရှိမှု နည်းပါတယ်။

**မေး ။ ။ သဘာဝဘေးအန္တရာယ် အာမခံထားချင်ရင် ဘယ်လိုဆောင်ရွက်နိုင်ပါသလဲရှင့်။**

ဖြေ ။ ။ သဘာဝဘေးအန္တရာယ်အာမခံမှာ ပထမအနေနဲ့ မီးအာမခံအရင်ထားရပါတယ်။ ပြီးမှ မီးအာမခံနဲ့ တွဲပြီး မိမိဆန္ဒရှိတဲ့ အာမခံအမျိုးအစားကို တွဲဖက်ထားနိုင်ပါတယ်။ ရေကြီးရေလျှံတာ၊ မုန်တိုင်း၊ ငလျင်နဲ့ မိုးကြိုးစသဖြင့် အာမခံအမျိုးအစားတွေ ထားနိုင်ပါတယ်။

**မေး ။ ။ အခုဖြစ်ခဲ့တဲ့ ရေကြီးရေလျှံမှုမှာ အာမခံအနေနဲ့ လျော်ကြေးပေးခဲ့ရတာ ရှိပါသလားရှင့်။**

ဖြေ ။ ။ လျော်ရတာ ရှိပါတယ်။ နိုင်ငံတော်ပိုင် မြန်မာ့အာမခံက အာမခံလက်ခံထားတာပါ။ ကလေးမြို့မှာ ရေကြီးလို့ ပျက်သွားတဲ့ ကုန်ပစ္စည်းတွေကို ငွေကျပ် ၃၉၉ သန်း ပေးလျော်တာပါ။

**မေး ။ ။ အာမခံထားရှိမှုကျယ်ပြန့်အောင် ဘယ်လိုဆောင်ရွက်နေပြီး ဘာတွေ ဆက်လုပ်သွားမယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ ။ ။ အဓိကက ပညာပေးရတာပါ။ အာမခံမှာ အကောင်းဆုံးပညာပေးမှုကတော့ လျော်ကြေးပေးခြင်း ဖြစ်ပါတယ်။ အာမခံနဲ့ပတ်သက်တဲ့ ပညာပေးတဲ့ အစီအစဉ်တွေ၊ အမျိုးသားကဇာတ်ရုံမှာ ဟောပြောပွဲတွေလည်း လုပ်ခဲ့ပါတယ်။ လူထုထဲမှာ အာမခံထားရှိတဲ့ ရည်ရွယ်ချက်နဲ့ အကျိုးသက်ရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် မြန်မာ့အာမခံနဲ့ အာမခံကုမ္ပဏီတွေ ပူးပေါင်းပြီး နယ်တွေမှာလည်း ဆောင်ရွက်နေပါတယ်။

**မေး ။ ။ သဘာဝဘေးတွေကို ရင်ဆိုင်ကြုံတွေ့နိုင်ရမှုတွေ များလာတဲ့အပေါ် အာမခံကဏ္ဍကနေ ဘယ်လို သတင်းစကားများ ပါးချင်ပါသလဲရှင့်။**

ဖြေ ။ ။ Bank For International Settlements က သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုတွေနဲ့ စီးပွားရေးတိုးတက်မှု ဆက်စပ်ပုံကို သုတေသနပြုခဲ့တာ ရှိပါတယ်။ ၁၉၆၀ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်ကြားမှာ ဖြစ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ပေါင်း ၂၄၇၆ ခုကို လေ့လာကြည့်ရာမှာ **အာမခံထားတဲ့သူတွေများတဲ့ နိုင်ငံတွေမှာ ဆုံးရှုံးမှုဖြစ်ပွားလာရင် နိုင်ငံ့စီးပွားရေးကို ကာလတိုပဲ ထိခိုက်ပြီး အာမခံထားသူနည်းတဲ့ နိုင်ငံတွေမှာတော့ နိုင်ငံ့စီးပွားရေး တိုးတက်မှုကို နှစ်ရာခိုင်နှုန်းလောက် ထာဝရထိခိုက်သွားစေတယ်**ဆိုတဲ့အချက်ကို ပြောချင်ပါတယ်။

အာမခံထားတာများရင် သဘာဝဘေးတွေ ဖြစ်သည့်တိုင် နိုင်ငံ့စီးပွားရေးကို အခိုက်အတန့်ပဲ သက်ရောက်နိုင်ပြီး အာမခံထားတာ နည်းရင်တော့ အတိုင်းအတာတစ်ခုထိ ထာဝရထိခိုက်သွားစေတယ်ဆိုတဲ့အချက်ကို သတိပြုမိဖို့ လိုပါတယ်။

ဒါကြောင့် အာမခံထားခြင်းက မိမိထိခိုက်ခဲ့ရင် ကုစားပေးရုံသာမကဘဲ နိုင်ငံ့စီးပွားရေး မထိခိုက်အောင်လည်း အကာအကွယ်ပေးတဲ့ သဘောပါပဲ။ ဒါတင်မကသေးပါဘူး။ **မိမိက မထိခိုက်ဘဲ တစ်ပါးသူ ထိခိုက်သွားရင်တောင် ဒီအာမခံကြေးကို ထိခိုက်ခံမိသားစုကို ကုစားပေးနိုင်မှာ ဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် အချင်းချင်းဖေးမကူညီ လှူဒါန်းသလိုလည်း ဖြစ်စေပါတယ်။ ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးဖြစ်စေ၊ နိုင်ငံတော်အတွက်ဖြစ်စေ အကျိုးသက်ရောက်မှုနဲ့ အကာအကွယ်ပေးနိုင်တဲ့အတွက် အာမခံထားသင့်ကြတယ်**လို့ ပြောချင်ပါတယ်။

**(အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင့်။)**





**ချင်းပြည်နယ် ဟားခါးမြို့ ပြည်တော်သာရပ်ကွက်အတွင်း ဩဂုတ် ၂ ရက်က သဘာဝဘေးဒဏ်သင့်၍ နေအိမ်ပြိုကျပျက်စီးနေမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

# မော်ဘီမြို့နယ် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဘင်္ဂါလီ ၁၀ ဦး တင်ဆောင်လာသည့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၂၆**

မော်ဘီမြို့နယ် အမှတ် (၄) လမ်းဆုံ စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့ဖြင့် ယာဉ်စစ်ဆောင်ရွက်စဉ် ရန်ကုန်-ပြည်လမ်းအတိုင်း တိုက်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသော 9H/---- ပရိဘောက်အဖြူရောင်အငှားယာဉ်အား ရပ်တန့်စစ်ဆေးရာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေ သန့်ဇင်ထွန်း (၂၇) နှစ်မောင်းနှင်လာသည့် ယာဉ်ပေါ်တွင် ဘင်္ဂါလီ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦးပါရှိကြောင်း စစ်ဆေးတွေ့ရှိပြီး အဆိုပါဘင်္ဂါလီ ၁၀ ဦးမှာ ရခိုင်ပြည်နယ် သက္ကေပြင်ကျေးရွာနှင့် သဲချောင်းကျေးရွာတို့မှ ဖြစ်ကြောင်း၊ ပွဲစား အာလီက ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်း၊ လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၂ သိန်းဖြင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဘင်္ဂါလီများ သယ်ဆောင်လာသည့် သန့်ဇင်ထွန်းနှင့် အာလီ(စုံစမ်းဆဲ)၊ ဌေးအောင်(စုံစမ်းဆဲ)၊ ညဏ်လင်းအောင်(စုံစမ်းဆဲ) တို့အား မော်ဘီမြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ ကျန်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိ ဘင်္ဂါလီ ၁၀ ဦးအား သက်ဆိုင်ရာ လဝကမှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် နေအိမ်များပြိုကျ

**ပုသိမ် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း ဩဂုတ် ၂၄ ရက်က မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့ပြီး မြေကြီးများပျော့သဖြင့် ဝါးရုံလဟာကျေးရွာမှ ဦးဇော်မင်းနိုင်၏ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀ ခန့်နှင့် ဦးအုန်းကြွေ၏ ဓနိမိုး၊ ထရံကာ၊ ကြမ်းခင်း နေအိမ်တန်ဖိုး ငွေကျပ် ၁၀၀၀၀၀ ခန့်တို့ ပြိုကျဆုံးရှုံးခဲ့သည်။ အလားတူ ကိုင်းတာကြီးကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် ဦးအောင်နိုင်ဝင်း၏ ဓနိမိုး၊ ထရံကာ၊ ကြမ်းခင်း နေအိမ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀ ခန့် ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့သည်။ ယင်းပြိုကျသွားသော နေအိမ်သုံးလုံးမှ အိမ်ထောင်စု သုံးစု၊ အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၀ ဦးတို့သည် နီးစပ်ရာဆွေမျိုးများ နေအိမ်၌ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့် (တိုင်း ပြန်/ဆက်)**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

# အိန္ဒိယ-ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်ပြီးစီးပါက ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရုံသာမက အာရှလမ်းမကြီး ပေါ်ထွန်းလာမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၁)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ (၁)နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မော်တော်ယာဉ်ဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူးက လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်အား** မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ဦးခိုင်မောင်ရည်၊ ဒေါက်တာမေဝင်းမြင့်တို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က နောက်ဆက်တွဲအခြေပြစာချုပ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်တွင် နိုင်ငံပေါင်း (၁၅၉)နိုင်ငံရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ရှစ်နိုင်ငံမှာ အတည်ပြုပါဝင်ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးကို တိုးမြှင့်ကာကွယ်စောင့်ရှောက်ရန် ခိုင်မာစွာပြသရာရောက်မည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ နှစ်စဉ်တင်သွင်းလျက်ရှိသည့် ကလေးသူငယ်နှင့်လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းမှ မြန်မာနိုင်ငံအား ပယ်ဖျက်ပေးရန် ကြိုးပမ်းရာတွင် အထောက်အကူဖြစ်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့ရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။



ဒုတိယဝန်ကြီး
ဦးတင်ဦးလွင်



ကရင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးမန်းကံညွန့်

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရန်ပုံငွေနှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ထံမှ အမေရိကန်ဒေါ်လာသန်း ၂၆၀ နှင့် ယူရိုသန်း ၄၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်က ယခုချေးငွေဖြင့် ဆောင်ရွက်မည့် အိန္ဒိယ-ကော့ကရိတ်လမ်းကို အဆင့်မြှင့်တင်ပြီးစီးပါက ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရုံသာမက အာရှလမ်းမကြီး ပေါ်ထွန်းလာမည်ဖြစ်ပြီး မဟာမဲခေါင်ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းမှာ ကရင်ပြည်နယ်အတွက် အလွန်အဖိုးတန်သည့်လမ်းဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက မလွတ်ကင်းသည့် ခြံမြေများအတွက် လျော်ကြေးငွေများကို တရားနည်းလမ်းကျ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လမ်းမကြီးဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက အိန္ဒိယ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အတွက် ကြိုဆိုထောက်ခံကြောင်း၊ အဆိုပါ လမ်းမကြီး အဆင့်မြှင့်တင်ပြီးစီးပါက အိမ်နီးချင်းထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ လမ်းတစ်လျှောက်တွင်လည်း ဖွံ့ဖြိုးတိုးတက်မှုများဖြင့် စည်ကားလာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက အာဆီယံနိုင်ငံများတွင် အာရှလမ်းမကြီး စတင်နေပြီဖြစ်ပါကြောင်း၊ မြဝတီ-ကော့ကရိတ်လမ်းပိုင်းမှာလည်း မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ လမ်းပိုင်းအဆင့်မြှင့်တင်ပြီးပါက အချိန်တိုအတွင်း ခရီးရောက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆိပ်ကမ်းများပေါ်ထွက်လာမှုနှင့်အတူ လမ်းများအဆင့်မြှင့်တင်လိုက်ပါက မြန်မာနိုင်ငံအတွက် အကျိုးများစွာရှိမည်ဖြစ်ပါကြောင်း၊ လမ်းပိုင်းကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး သယံဇာတများလည်း တူးဖော်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် အဆိုပါလမ်းပိုင်းမြှင့်တင်ခြင်းကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဦးအောင်သန်းဦးနှင့် ဒေါက်တာလင်းအောင်တို့က ချေးငွေများရယူပြီး လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်က ယင်းချေးငွေ ချေးယူရန်ကိစ္စများကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

---

ပြည်သူ့လွှတ်တော် အစည်းအဝေး

# အာဆင်းနစ်ကင်းလွတ်သော သောက်သုံးရေများရရှိစေရန် တူးဖော်ဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍မေးမြန်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏**"အာဆင်းနစ်ကင်းလွတ် သောက်သုံးရေတွင်း(တွင်းနက်)များအား အာဆင်းနစ်ကင်းလွတ်သော သောက်သုံးရေများရရှိစေရန် မည်သို့သော အစီအမံဖြင့် တူးဖော်ဆောင်ရွက်ပေးသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ အာဆင်းနစ်ဓာတ်ပါဝင်မှုအနည်းဆုံး သတ်မှတ်ပမာဏ (၅၀ppb) အထက်ရှိသော ကျေးရွာပေါင်း (၂၀၁)ရွာအား ဦးစားပေးအဆင့်အလိုက် အာဆင်းနစ်ကင်းစင်၍ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေကျပ် သန်း(၂၂၀)ဖြင့် ကျေးရွာ(၁၇)ရွာတွင် တွင်းနက်(၂၂)တွင်း၊ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ ကျပ်သန်း(၈၀)ဖြင့် ကျေးရွာခုနစ်ရွာတွင် တွင်းနက်(၈)တွင်း၊ ဖြည့်စွက် ရန်ပုံငွေကျပ်သန်း (၆၉၀)ဖြင့် ကျေးရွာ(၆၅)ရွာတွင် တွင်းနက် (၆၉)တွင်း တူးဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ် မူလရန်ပုံငွေကျပ် (၁၂၂၂)သန်းဖြင့် ကျေးရွာ (၁၁၅)ရွာတွင် တွင်းနက်(၁၂၃)တွင်းအား ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးတင်ငွေ

အနက်ပေ(၅၀)မှ ပေ(၂၀၀)ခန့်အတွင်း တူးဖော်ထားသော တုံကင်တွင်းများ၊ စက်ရေတွင်းများတွင် အာဆင်းနစ်ဓာတ်များပြားကြောင်း လေ့လာတွေ့ရှိရ၍ ကျောင်းကုန်းမြို့နယ်အတွင်း တူးဖော်ခဲ့ပြီးသော စက်ရေတွင်းအထောက်အထားများအရ အနည်းဆုံး မြေအောက်ပေ (၄၀၀) ပေ(၆၀၀)အတွင်း တူးဖော်လျှင် သံဓာတ်နှင့် အာဆင်းနစ်ကင်းလွတ်သော ရေချိုရရှိသည်ကို တွေ့ရှိရပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အရည်အသွေး၊ စံချိန်စံညွှန်းများအား လုပ်ငန်း ဆောင်ရွက်နေစဉ်နှင့် လုပ်ငန်း ပြီးစီးချိန်တို့၌ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဆင့်ဆင့်တို့မှ စစ်ဆေးရေးအဖွဲ့များဖြင့် မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးစေခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်နှင့် ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီများမှ လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများသို့ ညွှန်ကြားပြီး လိုအပ်ချက်များကို ပြုပြင်စေပါကြောင်း။

ကျောင်းကုန်းမြို့နယ်အတွင်း အာဆင်းနစ်ကင်းစင်သော သောက်သုံးရေရရှိရေးအတွက် တူးဖော်သည့် စက်ရေတွင်းများ၏ အာဆင်းနစ်ပါဝင်မှုအပေါ် မူတည်၍ အနက်ပေ(၄၀၀)နှင့် ပေ(၆၀၀)ရှိ တွင်းနက်များ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အနက်ပေ(၄၀၀)ရှိ တွင်းနက်တစ်တွင်းလျှင် ငွေကျပ်(၈)သန်း၊ အနက်ပေ(၆၀၀)ရှိ တွင်းနက်တစ်တွင်းလျှင် ငွေကျပ်(၁၀)သန်းဖြင့် ရန်ပုံငွေခွင့်ပြုခဲ့ပါကြောင်း၊ ဦးစီးဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ထင်သာမြင်သာမှုရှိစေရန် လုပ်ငန်းတစ်ခုချင်းစီ၏ ကုန်ကျငွေများအားလည်းကောင်း၊ လုပ်ငန်းအသေးစိတ်စာရင်းများအား လည်းကောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ဖော်ပြပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **"မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်(၈)ချက်အနက် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုလျှော့ချရေးတို့နှင့်စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"**မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းဝေးရေးဆိုသည့် ရည်မှန်းချက်နှစ်ရပ် ချမှတ်လျက် ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေး လူတိုင်းအား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပါကြောင်း။

အထူးသဖြင့် ထိခိုက်လွယ်ဆုံး အသက်အုပ်စုများဖြစ်သည့် ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာ (၂၀၀၀)ပြည့်နှစ်တွင် ချမှတ်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များအနက် ကလေး၊ မိခင်များနှင့်သက်ဆိုင်သော ရည်မှန်းချက် အမှတ် (၄)နှင့် (၅)တို့ ပြည့်မီစေရေးအတွက် မိခင်၊ မွေးကင်းစ၊ အသက်တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေးလုပ်ငန်းများအား ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်၍ မိခင်နှင့်ကလေး သေဆုံးမှုနှုန်းကို မည်မျှလျှော့ကျအောင်ဆောင်ရွက်မည်ဆိုသည့် လျာထားချက်များ သတ်မှတ်၍ ပိုမိုအလေးထား ဆောင်ရွက်ခဲ့ပါကြောင်း။



ကျောင်းကုန်း မဲဆန္ဒနယ်မှ
ဦးသိန်းထွန်း

၂၀၁၀-၂၀၁၁ ခုနှစ်တွင် အစိုးရအသုံးစရိတ်၏ (၁ ဒသမ ၀၃) ရာခိုင်နှုန်းကို ကျန်းမာရေးအသုံးစရိတ်အဖြစ်သုံးစွဲရာမှ (၂၀၁၁-၂၀၁၂)ခုနှစ်တွင် (၁ ဒသမ ၀၅)ရာခိုင်နှုန်း၊ (၂၀၁၂-၂၀၁၃) ခုနှစ်တွင် (၂ ဒသမ ၈၂)ရာခိုင်နှုန်း၊ (၂၀၁၃-၂၀၁၄)ခုနှစ်တွင် (၃ ဒသမ ၁၅) ရာခိုင်နှုန်း၊ (၂၀၁၄-၂၀၁၅) ခုနှစ်တွင် (၃ ဒသမ ၃၈)ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲခဲ့ပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် (၂၀၁၅-၂၀၁၆)ခုဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ကျန်းမာရေးဆေးခန်းများ ဆောက်လုပ်ခြင်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်၏ (၉၄)ရာခိုင်နှုန်းနှင့် ကုသရေးဆေးဝါးများအတွက် သာမန်အသုံးစရိတ်၏ (၃၃)ရာခိုင်နှုန်းကို အသုံးပြုခဲ့ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများအား ကျေးလက်နေပြည်သူများအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဘတ်ဂျက်သည် ၎င်းတို့အတွက်သာဖြစ်ပြီး နောင်တွင်လည်း ဆက်လက်တိုးမြှင့်သုံးစွဲသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **"သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်း"**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြန်လည်ထူထောင်ရေး

# ပျက်စီးဆုံးရှုံးခဲ့ရသော ရထားလမ်းပိုင်းများ အသစ်ပြန်တည်ဆောက်ရန် ငွေကျပ် သန်း ၃၈၃၀ ကုန်ကျမည်



ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့သော မုန်တိုင်းနှင့်အတူ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရထားလမ်းပိုင်းများ ပျက်စီးခဲ့ရပြီး ရထားလမ်းပိုင်းများပျက်စီးဆုံးရှုံးမှုအား အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် သန်း ၃၈၃၀ ကုန်ကျမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများတွင် ရထားလမ်းပိုင်းများပျက်စီးမှုကြောင့် ဆုံးရှုံးမှုငွေပမာဏတန်ဖိုးမှာ ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁၃၃၀ ရှိပြီး ရထားလမ်းပိုင်းများယာယီပြန်လည်ဖွင့်လှစ်ရန်အတွက် ပြန်လည်ပြုပြင်ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၉၀၀ ကျော်ကုန်ကျမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုးက "ရထားလမ်းပိုင်းများ ပြန်လည်တည်ဆောက်ဖို့ကတော့ မြန်မာ့မီးရထားကပဲ အစီအစဉ်နဲ့ဆောင်ရွက်မှာပါ။ အောက်တိုဘာလလောက်မှာ တင်ဒါခေါ်ယူသင့်လည်း ခေါ်ပါမယ်။ လက်ရှိဘဏ္ဍာရေးနှစ်က ငါးလကုန်တော့မှာပါ။ အလုပ်လုပ်ချိန်က နောက်ထပ်ခြောက်လပဲ ကျန်တော့တယ်။ ပြုပြင်တည်ဆောက်ဖို့အတွက်နိုင်ငံတော်ကိုလည်း တင်ပြထားပါတယ်။ နိုင်ငံတော်ရဲ့ခွင့်ပြုချက်အပေါ်မူတည်ပြီး ရရှိတဲ့အပေါ် ပုံစံဒီဇိုင်းရေးဆွဲမယ်။ ပြီးရင်အရေးကြီးရထားလမ်းပိုင်းများကိုပြုပြင်ဆောင်ရွက်သွားမှာပါ"ဟု ပြောကြားသည်။

ရေကြီးရေလျှံမှုများကြောင့် မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း ပိတ်ဆို့ခဲ့မှုမှာ နှစ်လနီးပါးရှိခဲ့ပြီး တံတားအမှတ်(၂၈၁)ဖြစ်သော ဇော်ချောင်းတံတားအား ယာယီ ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သောကြောင့် ဩဂုတ် ၁၆ ရက် ညနေပိုင်းက ယာယီဖွင့်လှစ်ပေးခဲ့ကာ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း ပိတ်ဆို့ခဲ့မှုမှာလည်း လက်ရှိရထားလမ်းပိုင်းတောက်လျှောက်ပွင့်ခဲ့ပြီဖြစ်ပြီး အဆိုပါလမ်းပိုင်းအား မိုးရာသီကုန်ဆုံး၍ နိုင်ငံတော်ဘတ်ဂျက်ရရှိလျှင် အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်သည်။

ဆက်လက်၍ "ဒီတံတားတည်ဆောက်ဖို့က လက်ရှိပုံစံရေးဆွဲနေပါပြီ။ တံတားပြုပြင်မှုအပိုင်းနဲ့ တံတားရေတိုက်စားခံထိလို့ ထပ်မံတိုးချဲ့မယ့်ခန်းဖွင့်တံတားများကိုပါပုံစံရေးဆွဲနေပါပြီ။ ဒီလကုန်ဆို ပုံစံဒီဇိုင်းရေးဆွဲပြီးမှာပါ။ နိုင်ငံတော်က ဘတ်ဂျက်ကျတာနဲ့ ဘတ်ဂျက်ရရှိမှုပမာဏအပေါ် မူတည်ပြီး အမြန်ဆုံးဆောင်ရွက်သွားမှာပါ။ တံတားအသစ်တည်ဆောက်စဉ်ကာလမှာလည်း ရထားလမ်းပိုင်းကို ဖွင့်ထားရင်း တည်ဆောက်သွားမှာပါ။ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအရ ကုန်ကျငွေကို နိုင်ငံတော်အစိုးရရဲ့အထူးရန်ပုံငွေကနေ ခွင့်ပြုနိုင်တဲ့အပေါ်မူတည်ပြီး လမ်းပိုင်းအားလုံးကို တစ်ပြိုင်တည်းလုပ်ဆောင်သွားမှာပါ"ဟုရှင်းပြသည်။

မကြာသေးမီက ပျက်စီးဆုံးရှုံးခဲ့ရသော ရထားလမ်းပိုင်းဖြစ်သည့် ရှမ်းပြည်နယ်ရှိ သီပေါတံတားအား ပြန်လည်ပြုပြင်ပြီးစီးသွားသောကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်က ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဘုတလင်-ရေဦး-ခင်ဦးရထားလမ်းပိုင်းမှာလည်း အလားတူပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်း၊ ဖွင့်လှစ်ရန်ကျန်ရှိနေသးသည့် အဆိုးရွားဆုံးဖြစ်ခဲ့သော ကလေး-ဂန့်ဂေါလမ်းပိုင်း၊ကြံခင်း-ပခုက္ကူ လမ်းပိုင်းရှိ ပွင့်ဖြူမြို့နယ် အနီးတစ်ဝိုက်နှင့် မုန်းချောင်းတံတားအနီးတစ်ဝိုက်တို့မှာ လက်ရှိရေမကျသေးသောကြောင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရန်အတွက် မလုပ်ဆောင်နိုင်သေးကြောင်း သိရသည်။

ပြီးခဲ့သည့်ဇူလိုင်လအတွင်းက စတင်ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသောရထားလမ်းပိုင်းများစာရင်းအရ မန္တလေး-မြစ်ကြီးနား၊ဘုတလင်-ရေဦး-ခင်ဦး၊ ဂန့်ဂေါ-ကလေး၊ ကြံခင်း-ပခုက္ကူ၊ မန္တလေး-လားရှိုး၊လှိုင်သာယာ-ညောင်တုန်း၊လက်ပံတန်း-သာရဝေါနှင့် ပြည်တော်သာ-ရေချမ်းပြင်-ကျောက်တော်ကြီးလမ်းပိုင်းများ ပျက်စီးခဲ့ရကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ညောင်တုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာအချို့၌ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ မွန်မြတ်စွာလှူဒါန်း



ညောင်တုန်း ဩဂုတ် ၂၆

ဩဂုတ်လဆန်းပိုင်းက ညောင်တုန်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ ကြီးမြင့်မှုနှင့်အတူ ဆည်မြောင်းရေကာတာအတွင်းရှိ ကျေးရွာများသည် ကွင်းရေ မြင့်တက်မှုကြောင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြရသည်။ အထူးသဖြင့် စံကင်းကျွန်းဒေသရှိ ကျေးရွာများမှာ ကွင်းရေမြင့်တက်မှုဒဏ်ကို ပြည်သူများ ခံစားကြရသည်။

အဆိုပါရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ နေ့စဉ်မပြတ် ယနေ့အထိ လှူဒါန်းလျက်ရှိကြရာ ရန်ကုန်မြို့မှ ကိုကျော်ကျော်သန့်(ခ)ကိုကျော်ကြီး ဦးဆောင်သည့် "မျှဝေခံစား ကူညီသူများ" ပရဟိတလူငယ်များ အဖွဲ့သည် ဩဂုတ် ၂၂ ရက်က ရေဘေးသင့်ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အရှေ့အင်းမကျေးရွာသို့ အခမဲ့ဆေးဝါးကုသပေးမှုနှင့် ဆန်အပါအဝင်စားနပ်ရိက္ခာနှင့် လူအသုံးအဆောင်ပစ္စည်းများ လာရောက် ထောက်ပံ့လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ဆေးဝါးအခမဲ့ကုသပေးတဲ့ အစီအစဉ်ပါတယ်။ အခုလို ရေကြီးရေလျှံဖြစ်တဲ့ကာလမှာ ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အရေပြားယားယံတဲ့ရောဂါ၊ အအေးမိနာမွန်းအော့အန်တဲ့ရောဂါနဲ့ အခြားရောဂါများအပြင် ကျေးရွာတွင်းမှာရှိတဲ့ သက်ကြီးရွယ်အို ဘိုးဘွားမိဘတွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုကုသပေးသွားမှာပါ။ လိုအပ်တဲ့ဆေးဝါးနဲ့ ညွှန်ကြားမှုတွေလည်း ဆောင်ရွက်ပေးသွားမှာပါ။ ဒါအပြင် မြွေ၊ ကင်း စတဲ့ အဆိပ်ရှိတဲ့ သတ္တဝါတွေ အန္တရာယ်ကနေ ရှောင်ရှားနိုင်အောင်လည်း အသိပညာပေးပြောကြားလမ်းညွှန်ပေးခဲ့ဦးမှာပါ" ဟု အဆိုပါအဖွဲ့မှ ဒေါက်တာမင်းသူကိုက ပြောပြသည်။

"ကျွန်တော်တို့ဒေသတွေဟာမြို့နဲ့ မိုင် ၂၀ နီးပါးဝေးကွာပြီး အင်းအိုင်တွေရဲ့ ကွင်းအလယ်မှာ ရွာကြီးတည်ထားတာပါ။ တကယ်ကွင်းရေမြင့်တက်လာတော့ ဘယ်ကိုပဲကြည့်ကြည့် ရေဖွေးဖွေးနဲ့ ကုန်းမြေဆိုတာမရှိ။ နှစ်စဉ်ခံစားခဲ့ရသော်လည်း ဒီနှစ်မှာ အဆိုးရွားဆုံး ခံစားရတဲ့နှစ်ပါပဲ။ နှစ်စဉ် ဘုန်းတော်ကြီးကျောင်းဝင်းကိုတောင် ရေမရောက်တာ အခုနှစ်မှာ ဘုန်းတော်ကြီး ကျောင်းနတ်လမ်းပေါ်ကို ရေတစ်တောင်လောက်တက်ခဲ့ပါတယ်။ အခုလို အနယ်နယ်အရပ်ရပ်က လာရောက် ဆေးကုသပေး၊ စားနပ်ရိက္ခာတွေ လှူဒါန်းပေးတဲ့ အလှူရှင်တွေရော မြို့နယ်က စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင် ဝမ်းသာပါတယ်" ဟု အသက်(၇၀)ကျော် အဘိုးတစ်ဦးက ကျေးဇူးတင်ဝမ်းသာစကား ဆိုသည်။

ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက် သိသိသာသာကျဆင်းသွားသော်လည်း ဆည်မြောင်းတာ အတွင်းပိုင်းဖြစ်သည့် အင်းမ၊ တာဝ၊ မြစ်ရိုးတန်း၊ ပါလှဲ့အောက်စု၊ အလယ်ချောင်း၊ ဘုရားကုန်း၊ ကတုက္ကမ၊ ဝါးတောကြင်ဖော်၊ ကျောင်းစု၊ အေးရွာလေး၊ အောက်ဆယ်စသည့် စံကင်းကျွန်းဒေသအချို့တွင် ကွင်းရေမြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ကွင်းရေ တဖြည်းဖြည်း ကျဆင်းနေသော်လည်း စိုက်ပျိုးရေးကိစ္စရပ်များ မဆောင်ရွက်နိုင်သေးကြောင်းနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ကုမ္ပဏီများ စုပေါင်းပြီး ငွေကျပ် ၂၂၇ သိန်းခန့်ရှိသော ပစ္စည်းများ လှူဒါန်း

မြဝတီ ဩဂုတ် ၂၆

ကရင်ပြည်နယ် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမရှိ နိုင်ငံတစ်ဝန်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများလက်ခံရေးဌာနသို့ GMM Media Public Co.,Ltd. နှင့် Greenwave 106.5 Radio ဦးဆောင်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ ကုမ္ပဏီများစုပေါင်းလှူဒါန်းသော ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇ သိန်းခန့်ရှိသော ပစ္စည်းစုံ ၂၅၀၊ ဘိလပ်မြေအိတ် ၁၈၄၀၊ သွပ်ချပ် ၆၆၀၊ သံ ၂ ဖာ၊ အဝတ်အစား ၆၃၆ စုံ၊ အတွင်းခံအဝတ်အစား ၂၆၆၄ စုံ၊ ဆန်ငါးကီလိုအိတ် ၇၁၃ အိတ်၊ အချိုရည် ၂၂ ဖာ၊ အမျိုးသမီးလစဉ်သုံးပစ္စည်း ၁၇ ဖာ၊ ဆေး ခြောက်ဖာ၊ တစ်ရှူးစက္ကူနှစ်ဖာ၊ နို့မှုန့်ခြောက်ဖာ၊ ရေသန့်ဒါဇင် ၃၂၀၊ နို့ ၁၀၃ ဖာ၊ ခေါက်ဆွဲခြောက်ဖာ ၄၀၊ အမှိုက်ထည့်အိတ်သုံးဖာ၊ မှတ်စုစာအုပ် ၆၁၈ အုပ်၊ ဘောပင်အချောင်း ၈၃၀၊ ခဲတံ ၁၈၈၄ ချောင်း၊ ငါးသေတ္တာသုံးဖာ၊ မီးချောင်း ၈၃ ချောင်း၊ ဓာတ်မီးအလက် ၃၀ စသည့် ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ပြည်သူများသို့ ဩဂုတ် ၂၃ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လာရောက်လှူဒါန်းရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးတင်မောင်ဝေ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြဝတီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် တာဝန်ရှိသူများက လက်ခံခဲ့ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ကူညီထောက်ပံ့မှုနှင့်ပြန်လည်ထူထောင်ရေး

# သဘာဝဘေးသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မီဒီယာများသို့ သတင်းထုတ်ပြန်ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မီဒီယာများသို့သတင်းထုတ်ပြန်ရှင်းလင်းခြင်း အခမ်းအနားအား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးမီဒီယာခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော် တက်ရောက်ရှင်းလင်းပြီး အခမ်းအနားသို့ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာများမှ သတင်းထောက်များတက်ရောက်ကြသည်။

အမြဲတမ်းအတွင်းဝန်က ရှင်းလင်းပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရမည့် အချိန်တွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခဲ့သကဲ့သို့ ထောက်ပံ့ရမည့်ကာလမှာလည်း တတ်စွမ်းသမျှထောက်ပံ့ကူညီပေးခဲ့ပါကြောင်း၊ ယခုပြန်လည်ထူထောင်ရေး ဆောင်ရွက်ရမည့် အချိန်တွင်လည်း ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများအလိုက် အခြေခံအကျဆုံးဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လမ်း၊ တံတား၊ ရေ၊ မီးစသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး တက်ညီလက်ညီဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနများအလိုက်ပျက်စီးဆုံးရှုံးမှုစာရင်းများ၊ ထောက်ပံ့ပေးခဲ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ဩဂုတ် ၂၅ ရက်အထိ ကောက်ယူရရှိခဲ့သည့် စာရင်းများအရ နွား ၅၇၀၁ ကောင်၊ နွားနောက် ၁၃၄ ကောင်၊ ကျွဲ ၃၀၀၅ ကောင်၊ သိုး၊ ဆိတ် ၄၃၄၁ ကောင်၊ ဝက် ၆၆၈၄ ကောင်၊ ကြက် ၂၁၈၇၀၆ ကောင်၊ ဘဲ ၃၉၈၃ ကောင်၊ မြင်း ၂၉ ကောင်၊ မွေးမြူရေးခြံ ၃၂၅ ခြံ၊ တိရစ္ဆာန်အစာ ၂၂၄၈၈ ပိဿာ၊ ပျားအုံ ၅၆၆ အုံပျက်စီးဆုံးရှုံးခဲ့ပြီး ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် ၅၄၁၆ ဒသမ ၂၈၈ သန်းဆုံးရှုံးခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လေးခုရှိရုံးအဆောက်အအုံ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများလည်း ပျက်စီးဆုံးရှုံးခဲ့ပြီး ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် ၂၈ ဒသမ ၃၈ သန်း ဆုံးရှုံးခဲ့ပါကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အဆိုပါဒေသများရှိ ကျွဲ၊ နွား ၁၁၄၆၆၈ ကောင်၊ နွားနောက် အကောင် ၂၆၀၊ သိုး၊ ဆိတ် အကောင် ၁၇၀၊ ဝက် ၁၁၇၆၆ ကောင်၊ ကြက် ၁၄၀၇ ကောင်တို့ကို ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ပြီး ကျွဲ၊ နွား ၁၂၉၁၆ ကောင်၊ နွားနောက် ၇၆ ကောင်၊ သိုးဆိတ် ၆၉၈ ကောင်၊ ဝက် ၇၇၁၀ ကောင်၊ ကြက် ၁၈၆၃ ကောင်နှင့် မြင်း ၁၂၀ ကောင် ကုသပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် မွေးမြူရေးဌာနအနေဖြင့် ကျပ်သန်း ၂၇ ဒသမ ၉၂၇ တန်ဖိုးရှိ တိရစ္ဆာန်အစာ ၁၁၆ ဒသမ ၂၄ တန်၊ ကျပ်သန်း ၁၃ ဒသမ ၆၁ တန်ဖိုးရှိ တိရစ္ဆာန်ဆေးဝါးများ၊ စုစုပေါင်းငွေကျပ် ၄၁ ဒသမ ၅၃၇ သန်းခန့် ရေဘေးသင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုကို ပေးပို့လှူဒါန်းပြီးဖြစ်ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ယူရရှိသည့်စာရင်းများအရ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ပျက်စီးဆုံးရှုံးမှုမှာ ပုဂ္ဂလိက ၂၄၃၈၅ ဒသမ ၁၄၆ ကျပ်သန်း၊ ဌာနဆိုင်ရာအနေနှင့် ၈၉ ဒသမ ၁၃၆ ကျပ်သန်းဖြစ်ပြီး၊ ထောက်ပံ့ပေးအပ်မှု စုစုပေါင်း ၁၀၁ ဒသမ ၁၆၆ ကျပ်သန်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ငါးမွေးမြူသူများအတွက် မျိုးငါးများ၊ ငါးသားပေါက်များ၊ ထောက်ပံ့ပေးနိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ငါးမွေးရာသီအမီ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ ကျပ်သန်း ၁၅၀ နှင့်ညီမျှသည့်မျိုးငါးများ၊ ငါးသားပေါက်များဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

ဩဂုတ် ၂၅ ရက်အထိ ကောက်ယူရရှိခဲ့သည့် အချက်အလက်များ အရ တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုရှိ မြို့နယ် ၄၅ ခုတွင် ကျေးလက်လမ်း ၆၀၄ မိုင် ၆ ဒသမ ၃ ဖာလုံ၊ တံတား ၈၂၄ စင်း ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံရန် ခန့်မှန်းကုန်ကျငွေကျပ် ၂၂၀၆၂ ဒသမ ၃၁၁ သန်း၊ ရေပေးရေးလုပ်ငန်းများအနေနှင့် ကျေးရွာပေါင်း၁၀၆၄ ရွာတွင် လုပ်ငန်းပေါင်း ၁၁၈၅၅ ခုရှိပြီး၊ ခန့်မှန်းကုန်ကျငွေကျပ် ၈၇၂ ဒသမ ၂၄၀ သန်း၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအတွက် ကျေးရွာ ၈၅ ရွာတွင် ပြန်လည်မွမ်းမံရန်အတွက် ငွေကျပ် ၁၄၀ ဒသမ ၆၂၀ သန်း၊ မီးလင်းရေးလုပ်ငန်းအတွက်ကျေးရွာ ၂၃ ရွာတွင် လုပ်ငန်းပေါင်း ၁၀၃ ခုဆောင်ရွက်ရန် ငွေကျပ် ၁၈၃ ဒသမ ၅၅၀ သန်း၊ အိမ်ရာလုပ်ငန်းများအတွက် ကျေးရွာ ၄၅၈ ရွာတွင် ငွေကျပ် ၄၉၂၃ ဒသမ ၇၀၃ သန်းရှိသည့်အတွက် ပြန်လည်ပြုပြင်မွမ်းမံမှုများဆောင်ရွက်နိုင်ရန် စုစုပေါင်း ငွေကျပ် ၂၈၁၈၂ ဒသမ ၄၂၄ သန်းကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေး တင်ပြထားကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအဆင့်ဆင့်မှ တန်ဖိုးငွေကျပ်၃၁၇ ဒသမ ၉၂၅ သန်းနှင့်ညီမျှသည့် စားသောက်ကုန်များ၊ ဆိုလာမီးအိမ်၊ ဓာတ်မီး၊ ဆိုလာဆလိုက်၊ အဝတ်အထည်စသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကလည်း စုစုပေါင်း ၇၆ ဒသမ ၅၃၀၀ သန်း တန်ဖိုးရှိစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီး ICDF(ထိုင်ဝမ်)က အမေရိကန်ဒေါ်လာ ၃၀၀၀၀ အား ပေးအပ်လှူဒါန်းလာသည့်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ရေဘေးသင့်ဒေသရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ လမ်း၊ တံတား၊ ကျေးလက်အိမ်ရာ၊ မီးလင်းရေးလိုအပ်ချက်များကို ဦးစီးဌာနရှိတာဝန်ရှိပုဂ္ဂိုလ်များ အဖွဲ့လိုက်ကွင်းဆင်းစစ်ဆေး အချက်အလက်များကောက်ယူ၍ လိုအပ်ချက်များကို ပြုပြင်မွမ်းမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခဲ့သည့် ကျေးရွာများထဲမှကျေးရွာပေါင်း ၁၄၈ ရွာ သဘာဝဘေးဒဏ်ကို ခံစားခဲ့ရကြောင်း၊ ကျေးရွာအလိုက် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ ဦးဆောင်သည့် စုံစမ်းစိစစ်ရေးအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းပြီး စိစစ်လျက်ရှိပါကြောင်း၊ ပျက်စီးဆုံးရှုံးမှု ပမာဏပေါ်မူတည်ပြီးဖြေရှင်းမည့် နည်းလမ်း ၅ သွယ်ထားရှိပြီးၗင်းတို့အနက်မှ အသင့်တော်ဆုံးနည်းလမ်းကို ရွေးချယ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဦးစီးဌာနများအလိုက် သဘာဝဘေးသင့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ပျက်စီးဆုံးရှုံးမှုအနေဖြင့် စုစုပေါင်း ကျပ် ၅၈၀၉၅ ဒသမ ၃၉၃ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဝန်ကြီးဌာနအစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်မှုတန်ဖိုး ကျပ် ၄၁၃ ဒသမ ၂၅၅ သန်းခန့်၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ ထောက်ပံ့မှုအနေဖြင့် ငွေကျပ် ၂၈၃ ဒသမ ၇၁၆ သန်းနှင့် အမေရိကန် ဒေါ်လာ ၃၁၀၄၀ ဖြစ်သည့်အတွက် စုစုပေါင်းငွေကျပ် ၆၉၆ ဒသမ ၉၇၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၃၁၀၄၀ ခန့် ထောက်ပံ့ပေးခဲ့ကြောင်း၊ တိရစ္ဆာန်ကာကွယ်ဆေးထိုးနှံပေးခဲ့သည့် တိရစ္ဆာန်ကောင်ရေပေါင်း ၁၂၈၂၇၁ ကောင်ရှိပြီး ကုသမှုပေးခဲ့သည့် တိရစ္ဆာန်ပေါင်း ၂၃၃၈၄ ကောင်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် သတင်းမီဒီယာများမှ သိရှိလိုသည်များကို မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၆**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးလျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းနှင့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ သုံးခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သည့် စားစရာ၊ အဝတ်အထည်မျိုးစုံ၊ နှလုံးစမ်းသပ်စက်၊ ဆန်နှင့်အသက်ကယ်အင်္ကျီများပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းသားများအား ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်ပညာရေးတက္ကသိုလ် ဆရာဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိရေဘေးသင့်အခြေခံပညာကျောင်းများနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ ထောက်ပံ့ပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေး တက္ကသိုလ် Learning Hub ၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်အေးအေးမြင့်က ရေဘေးသင့် အခြေခံပညာကျောင်းများနှင့်တက္ကသိုလ်ကျောင်းသားများ ပြန်လည်ထူထောင်ရေးနှင့် ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် လှူဒါန်းရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ရေဘေးသင့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ကြေးများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီနှင့် ဌာနမှူး (သင်တန်းရေးရာ) ဦးစန်းထွန်းတို့က လက်ခံရယူသည်။

ယနေ့လှူဒါန်းမှုအနေဖြင့် အလှူငွေနှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၇၁၆၀၈၅၀ ဖြစ်ပြီး ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း လှူဒါန်းခဲ့မှုမှာ ငွေကျပ် ၈၇၅၀၉၉၅ နှင့် အဝတ်အစား ပီနံအိတ် ၈၃ အိတ်နှင့် အစားအသောက်မျိုးစုံ ပီနံအိတ်(၂၄) အိတ် တို့ဖြစ်သည်။

**(ကြေးမုံ)**

# ဖလမ်း၌ သဘာဝရေဘေးသင့်ပြည်သူများ ထောက်ပံ့

**ဖလမ်း ဩဂုတ် ၂၆**

မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မြေအက်ကွဲခဲ့သော ဖလမ်းမြို့နယ် သီးလီကျေးရွာဟောင်း၌ နေထိုင်ကြသူ မိသားစု ၁၆ စုတို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လှူဒါန်းပေးသော ပစ္စည်းငါးမျိုးပါ ဘူးသေး ၁၆ ဘူးနှင့် ယာယီမိုးကာတဲ ၁၅ စုံတို့ကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက်တွင် အဆိုပါကျေးရွာသို့ သွားရောက်လွှဲအပ်ပေးခဲ့ပြီး နေထိုင်မှုအဆင်ပြေစေရန် ကျေးရွာသစ်သို့ ပြောင်းရွှေ့ယာယီတဲအိမ်များဆောက်လုပ်ပေးခဲ့ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**



ဇော်ချောင်း-ကံကြီးလမ်းပိုင်း တံတားအမှတ် (၂၈၁)တွင် RBE ရထားစမ်းသပ်မောင်းနှင်စဉ်။

# ရေဘေးကြောင့် ပျက်စီးရထားလမ်းပိုင်းများ ပြန်လည်ပြုပြင်ပြီးစီး

**နေပြည်တော် ဩဂုတ် ၂၆**

ဇူလိုင် ၁၇ ရက်မှ စတင်ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာ့မီးရထား၏ တိုင်းအသီးသီးတွင် ရထားလမ်းပိုင်းများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ပြည်သူများ သွားလာရေးအခက်အခဲများဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရထားလမ်းများ ပျက်စီးမှုတွင် တိုင်းအမှတ်(၂) မန္တလေး- မြစ်ကြီးနား လမ်းပိုင်းမှ ပေ ၁၀၀ ကျော်ရှည်သည့် ကံကြီး-ဇော်ချောင်း တံတားအမှတ် (၂၈၁)၏ မန္တလေးဘက်ခြမ်း၊ ကမ်းကပ်ခုံနောက်ပေ ၈၀ နှင့် မြစ်ကြီးနားဘက်ခြမ်း၊ ကမ်းကပ်ခုံနောက် ပေ ၁၂၀ ရေတိုက်စားပြီး သံလမ်းများ ပတ္တလားပုံသဏ္ဌာန် ဖြစ်ပွားခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် လမ်းပိုင်းများတွင် ပိတ်မိနေသော ခရီးသည်များအား သွားလာရေး အဆင်ပြေစေရန် သံလမ်းကူးကြိုးတန်းများ ပြုလုပ်ခြင်း၊ ကယ်ဆယ်ရေးအဖွဲ့များမှ ခရီးသည်များကို ကူညီပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းတို့ကို မြန်မာ့မီးရထားဝန်ထမ်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြန်မာ့မီးရထား အင်ဂျင်နီယာနှင့် လုပ်သားများသည် အခက်အခဲများကြားမှ ကြိုးပမ်းပြင်ဆင်ဆောင်ရွက်မှုကြောင့် ပျက်စီးမှုအများဆုံးဖြစ်သည့် ကံကြီး-ဇော်ချောင်း လမ်းပိုင်း တံတားအမှတ်(၂၈၁)ကို ဩဂုတ်၁၆ ရက်တွင်လည်းကောင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းကို ဩဂုတ် ၁၇ ရက်တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် မန္တလေး - မြစ်ကြီးနား - အစုန်/ အဆန်ခရီးစဉ်ကို ခရီးသွားလုပ်သားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြန်လည်ထူထောင်ရေး

# တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟားခါးမြို့သို့ ဆန်၊ ဆီ၊ ဆေးဝါးနှင့် စားစရာများ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၆**

မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားကာ လူနေအိမ်နှင့် စာသင်ကျောင်းများပျက်စီးခဲ့ရသည့် ချင်းပြည်နယ် ဟားခါးမြို့တွင် ဩဂုတ် ၁၇ ရက်က တပ်မတော်(လေ)ရဟတ်ယာဉ်ဖြင့် ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ ဆန်၊ ဆီ၊ ဆေးဝါးနှင့် စားစရာများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



"ဒုက္ခရောက်နေသူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ငွေကျပ်သိန်း ၈၀၀ ကျော်တန်ဖိုးရှိတဲ့ ဆန်၊ ဆီ၊ စားစရာတွေကို သွားရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒေသခံတွေရဲ့ စားဝတ်နေရေးအတွက် စားသောက်ကုန်ပစ္စည်းတွေကို သင့်တင့်တဲ့ လိုက်လျောညီထွေမှုရှိတဲ့ ဈေးနှုန်းနဲ့ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်" ဟု ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

ဟားခါးမြို့တွင် မြေပြိုကျမှုကြောင့် စာသင်ကျောင်း ၅၅ ကျောင်း ပျက်စီးပြိုကျမှုဖြစ်ခဲ့ပြီး ကျောင်းသားကျောင်းသူများ အမြန်ဆုံး ကျောင်းပြန်လည်တက်နိုင်ရန် အဆိုပါစာသင်ကျောင်းများကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ပြန်လည်တည်ဆောက်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဘေးဖြစ်ကတည်းက ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ အဓိကပျက်စီးမှုများတဲ့ ကလေးနဲ့ဟားခါး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အဓိကလုပ်ဆောင်သွားမယ်"ဟု ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူက ပြောသည်။

ထို့ပြင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ကလေးမြို့ ခရိုင်စုပညာရေးဌာနအောက်ရှိ မြို့နယ်များမှ ရေဘေးသင့်ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းစိမ်းလုံချည်နှင့် အင်္ကျီဖြူများကိုလည်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ခေါက်ဆွဲခြောက်ဘူး ၁၅၃၀၊ ငါးသေတ္တာဘူး ၁၆၀၊ ဘီစကွတ် ၈၇ ထုပ်၊ ဓာတ်ဆားထုပ် ၁၅၀၊ အဝတ်အထည် ခြောက်ထုပ်၊ ဆန်တစ်အိတ်၊ ရေသန့် ၃၉၆ ဘူး၊ သွားတိုက်ဆေး သုံးဘူးနှင့် ကော်ဖီမစ်ထုပ် ၂၅၀၊ အလှူပစ္စည်းရရှိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၃၅၀ နှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် လက်ခံရရှိသော အလှူပစ္စည်းစာရင်းများမှာ ဆန်အိတ် ၂၀၀၊ ခေါက်ဆွဲခြောက် ၁၉ ဖာ၊ အဝတ်အထည် သုံးအိတ်၊ စားစရာ(စက္ကူဖာ) နှစ်ဖာ၊ ဆေးပုံး(ဓာတ်ဆား) တစ်ဖာ၊ ဆေးပုံး(သောက်ဆေး) ခြောက်ဖာ၊ ရေသန့်ကတ် ၄၉၅ ကတ်နှင့် အဝတ်အစား ၈၈ အိတ်တို့ကို လက်ခံရရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ Join Together Society (JTS), Seoul, The Republic of Korea မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ မဘိမ်းမြို့နယ်အတွင်း စေတနာရှင်ပြည်သူများက ဒုတိယအကြိမ်လှူဒါန်းငွေကျပ် ၂၁၁၆၈၅၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်အလှူငွေစာရင်းအမှတ်(CF-002301)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ခြင်းနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အလှူငွေစာရင်းအမှတ် (1DA-0300086)သို့ အမေရိကန်ဒေါ်လာ ၄၃၂၁၃ ဒသမ ၆၅ ဒေါ်လာကို တိုက်ရိုက် ထည့်သွင်းလှူဒါန်းခြင်းအပါအဝင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၃၂၁၃ ဒသမ ၆၅ ဒေါ်လာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဩဂုတ် ၂၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၈၀၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀ လက်ခံရရှိခဲ့သည့်အတွက် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၆ ရက်ထိ အလှူရရှိငွေစုစုပေါင်းမှာ ငွေ ၁၈၆၄၈၄၅၂၇၂ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၂၃၃၁၅ ဒသမ ၂၆ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်
မွန်ပြည်နယ်တွင် မိုးဆက်လက် ပိုနေမည်။

# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများပြုပြင်ထားမှုအား မီဒီယာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးဒဏ်နှင့် ရေဘေးအန္တရာယ်ကြောင့် ဆက်သွယ်မှုပြတ်တောက်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း/တံတားများ ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ စတုတ္ထအကြိမ် သတင်းထုတ်ပြန်ခြင်းအခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာန နေပြည်တော်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်း၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်၍ သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာများ၏ သိရှိလိုသော မေးမြန်းချက်တို့ကို ဖြေကြားသည်။ ယင်းအခမ်းအနားသို့ ပြည်တွင်း/ပြည်ပမှ သတင်းမီဒီယာသမား ၂၀ တက်ရောက်သည်။ **(သတင်းစဉ်)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၀ | ၅၇၉၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၉၉၇၁ | ၁၈၆၈၇၅ | ၁၅၂၅၉၅ | ၁၂၁၃၄၉ | ၄၄၇၅၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၃၈၇၅၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၈၀၅၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၀၉၁၇ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၂၅၇၁ | ၇၆၇၈၇ | ၃၉၄၈၆ | ၅၁၄၄ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၁၆၃၅၇ | ၂၄၂၂၄၆ | ၁၉၇၀၈၈ | ၉၁၁၃ |
| စုစုပေါင်း | | ၁၄၄၅၈၉၃ | ၁၃၂၄၅၉၅ | ၁၀၉၉၄၈၂ | ၈၁၂၄၂၉ | ၃၁၃၂၉၇ |



# ရေကြီးရေလျှံခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေး အခမဲ့ထိုးနှံ

**ကောလင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံဖြစ်ပွားခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွားများကို ကာကွယ်ဆေးများ ဦးစားပေးအဆင့်လိုက်ထိုးနှံပေးလျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၅ ရက်ထိ ကျေးရွာ ၃၅ ရွာမှ ကျွဲ ၃၀၁ ကောင်၊ နွား ၁၄၅၃ ကောင်နှင့် ဝက် ၁၄၂ ကောင်တို့အား မိုးရာသီတွင် ဖြစ်ပွားတတ်သော ဒေါင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ခွာနာလျှာနာရောဂါနှင့် ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးလျက်ရှိသည်။ ကုသမှုအနေဖြင့် ရေကျချိန်၌ ဖြစ်ပွားတတ်သော အဆုတ်ပွနှင့် အဆုတ်အအေးမိရောဂါများကို ကျွဲ ၃၅ ကောင်၊ နွားအကောင် ၁၈၀၊ ဝက် ၃၃၆ ကောင်တို့ကို ကုသပေးနိုင်ခဲ့ပြီး ကောလင်းမြို့နယ်၌ ကူးစက်ရောဂါကြောင့် ကျွဲ၊ နွားသေဆုံးမှုမရှိသေးကြောင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်ဝင်းရွှေက ပြောသည်။

**ကိုကိုမောင်(ကောလင်း)**

# ကလေးနှင့်တမူးဒေသအတွင်းရှိ ဒေသခံတောင်သူများ၏ မိုးစပါးပျက်ခဲ့သော ဧရိယာများတွင် အစားထိုးသီးနှံများစိုက်ပျိုးမှုစတင်

မုံရွာ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးဒေသတို့တွင် ဩဂုတ် ၃၁ ရက်တွင် ထွန်တုံးပိတ်စိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာအုပ်စုအလိုက်၊ ရက်အလိုက်၊ စိုက်ပျိုးနိုင်မည့် ဧရိယာများကို ရာသီချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်လက်ကျန်ရှိသောဒေသများတွင် အမြန်စိုက်ပျိုးနိုင်ရေးနှင့် အချို့ဒေသများတွင် ပျိုးထောင်ခြင်းမပြုတော့ဘဲ စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် လည်းကောင်း၊ အချို့နေရာများတွင် ကြဲပက်စိုက်ပျိုးခြင်းကို ခွင့်ပြုပေးခြင်းဖြင့်လည်းကောင်း စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကလေးဒေသအခြေစိုက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

"အတန်းလိုက် မျိုးစေ့ချစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ချကိရိယာ (Vietnum Seeder) ၁၅ လက်ကို ကလေးမြို့ကိုသယ်ပြီး သရုပ်ပြစိုက်ပျိုးပြသနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ကလေးနဲ့ တမူးဒေသများမှာ ရေကြီးဖုံးလွှမ်းပြီးနောက်ပိုင်း ဖြစ်ပေါ်လာတတ်တဲ့ ပိုးမွှားရောဂါနဲ့ ကြွက်ဖျက်ဆီးမှု အန္တရာယ်များကို ကြိုတင်ကင်းထောက်မှတ်တမ်းယူနိုင်ဖို့အတွက် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံနဲ့ အဖွဲ့တွေကို ခေါ်ယူပြီး စစ်တမ်းကောက်ယူနေပါတယ်။ စိုက်ပျိုးရေး(ရုံးချုပ်) နေပြည်တော်ကိုလည်း ကင်းထောက်မှတ်တမ်း ကောက်ယူရေးနဲ့ သီးနှံကာကွယ်ရေးပညာပေးလုပ်ငန်းတွေကို ချိတ်ဆက်ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာများ၊ လယ်ယာမြေများ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်စက် ၂၅ စီး၊ မန္တလေးတိုင်းဒေသကြီးမှ ထွန်စက်ကြီး ၃၅ စီး၊ နေပြည်တော်မှ ထွန်စက်ကြီး အစီး ၂၀ စုစုပေါင်း ထွန်စက်ကြီး အစီး ၈၀ နှင့်အတူ ရေနစ်မြုပ်သွားသော လယ်ယာသုံး စက်ကိရိယာများအား ပြန်လည်ပြုပြင်ပေးရန် လယ်ယာသုံးစက်ကိရိယာစက်ရုံမှ ဝန်ထမ်း ၂၀၊ ထုတ်လုပ်ရေးစက်ရုံမှ ဝန်ထမ်း ၁၅ ဦး၊ ပြင်ဆင်ရေးစက်ရုံ(ပင်မ-၂) မှ ဝန်ထမ်း ၁၅ ဦး စုစုပေါင်းပြင်ဆင်ရေးဝန်ထမ်း ၅၀ ဖြင့် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကလေးမြို့နယ်ရှိ လယ်ယာမြေများသည် လက်ရှိအချိန်တွင် နွံများဖုံးလွှမ်းလျက်ရှိပြီး ထွန်ယက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ခက်ခဲနေသည့်အတွက် တောင်သူများက စိုက်ပျိုးခြင်း၊ တိုက်ရိုက်အစေ့ချစိုက်ခြင်းစသည့် နည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ယခုအချိန်တွင် ရာဇဂြိုဟ်ကျေးရွာနှင့် ကြက်ဖနက်ကျေးရွာတို့တွင်သာ ထွန်စက်ကြီး ၁၅ စီးဖြင့် ခန့်မှန်းဧက ၅၀၀ အား ထွန်ယက်ရေးဆောင်ရွက်လျက်ရှိပြီး ကျန်ထွန်စက်များမှာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများပေါ်တွင် ဖုံးလွှမ်းလျက်ရှိသော နွံများကို ဖယ်ရှားပေးခြင်းနှင့် နေထိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရေနစ်မြုပ်သွားသော တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာများကို စက်ပြင်ဝန်ထမ်း ၅၀ ဖြင့် ကျေးရွာများအရောက် လိုက်လံပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ တမူးဒေသတွင် တောင်သူပိုင်လယ်ယာသုံးစက်ကိရိယာကိုးစီးနစ်မြုပ်ခဲ့ရာ ငါးစီးကို ပြန်လည်ပြုပြင်ပေးခဲ့ပြီး ကျန်စက်များကို ဆက်လက်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သဘာဝဘေးဒဏ်ခံခဲ့ရသော ကလေးနှင့် တမူးဒေသအတွင်းရှိ ဒေသခံတောင်သူများ၏ မိုးစပါးပျက်စီးခဲ့သော ဧရိယာများတွင် စပါးသီးနှံနှင့် အခြားဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးစေခြင်းဖြင့် တောင်သူတို့၏ ပုံမှန်စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ကောင်းမွန်လာစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်၊ မြို့နယ် အဆင့်ဆင့်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးဒေသနှင့် တမူးဒေသတို့တွင် ထွန်ယက်ရေးအကူဆောင်ရွက်ရန်အတွက် ရွှေဘိုမြို့ အမှတ်(၃) စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၅ စီး၊ ရေဦးမြို့ အမှတ်(၂၁) စက်မှုလယ်ယာစခန်းမှ ထွန်စက်ငါးစီးနှင့် ဝက်လက်မြို့ အမှတ်(၆)စက်မှုလယ်ယာစခန်းမှ ထွန်စက်ငါးစီး စုစုပေါင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှထွန်စက် ၂၅ စီး၊ ရမည်းသင်းမြို့ အမှတ်(၂၈)စက်မှုလယ်ယာစခန်းမှ ထွန်စက်နှစ်စီး၊ မတ္တရာမြို့ အမှတ်(၄၃)စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၈ စီး၊ ဝမ်းတွင်းမြို့ အမှတ်(၆၀)စက်မှုလယ်ယာစခန်းမှ ထွန်စက်ငါးစီး၊ အမရပူရမြို့ အမှတ်(၆၃)စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၀ စီး စုစုပေါင်း မန္တလေးတိုင်းဒေသကြီးမှ ထွန်စက် ၃၅ စီးနှင့် လယ်ဝေးမြို့ အမှတ်(၄၇) စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၀ စီးနှင့် ပျဉ်းမနားမြို့ အမှတ်(၈၄) စက်မှုလယ်ယာစခန်းမှ ထွန်စက် ၁၀ စီး၊ နေပြည်တော်မှ ထွန်စက် အစီး ၂၀ စုစုပေါင်းထွန်စက် အစီး ၈၀ ရောက်ရှိဆောင်ရွက်နေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)



## မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲ)မှ ရေဘေးသင့်ဒေသသို့ ပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား အမှူးထား၍ တရုတ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေ လျက်ရှိသော မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲ)မှဦးစီး၍ တရုတ်နိုင်ငံသား မိသားစုများက ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပွဲနှင့် ပဲခူးတိုင်းဒေသကြီး မိုးညို မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အဝတ်အထည်၊ စားသောက်ဖွယ်ရာများနှင့် ငွေကြေးများလှူဒါန်းပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေလိုဏ်ဂူ မဟာဝိဇယမဓ္ဓသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ အလှူရှင်မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲ)နှင့် တရုတ်နိုင်ငံသား မိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥက္ကဋ္ဌဆရာတော်၊ ဆရာတော်များနှင့် ရေဘေးသင့်ပြည်သူများအား လှူဒါန်းရခြင်းအကြောင်းကို မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲ)မှ MENG FEI(ခ) ဒေါ်ကြည်လင်းက ရှင်းလင်းလျှောက်ထားပြီး ဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်ကြီးများအား သံအမတ်ကြီးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလှူရှင်မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲ)နှင့် တရုတ်နိုင်ငံသားမိသားစုများသည် ဩဂုတ် ၂၇ ရက် နံနက်တွင် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့သို့ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။

မင်္ဂလာမဂ္ဂဇင်းကို တရုတ်-မြန်မာချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအတွက် ၁၉၉၂ ခုနှစ်မှစတင်၍ လစဉ်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မော်လမြိုင်၊ ထားဝယ်၊ ပုသိမ်၊ မြစ်ကြီးနား၊ မြဝတီနှင့် ဘားအံမြို့များသို့ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည့်အပြင် ဘုန်းတော်ကြီးကျောင်း၊ လေဆိပ်၊ စူပါမားကက်များနှင့် ကျေးရွာအချို့သို့လည်း ဖြန့်ဝေပေးနေသည်။ ထို့အပြင် မင်္ဂလာမဂ္ဂဇင်းတိုက်မှ မြန်မာပြည်အတွင်းရှိ မီဒီယာအဖွဲ့များကို ဖိတ်ကြား၍ တရုတ်နိုင်ငံအတွင်း လှည့်လည်လေ့လာနိုင်စေရန် စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၂၆ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၆

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၆ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၁၉၂၆၆ စုမှ လူဦးရေ ၁၆၂၉၂၅၄ ဦး ရေဘေးသင့်ခဲ့ပြီး ၁၂၀ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၁၀၅၆၈၃၁၅၀၊ အရေးပေါ် အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၂၁၁၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၃၃၁၁၇၂၉၀ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၀၆၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၈၅၈၃၄၆၇၀ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၆၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၆၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂၆)ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၆ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၃ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | ၁၃၃၇၇၄၄၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၀၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၀၀ | |
| ၅။ | ချင်းပြည်နယ် | ၂၆၉၇ | ၄၀၁၀ | ၂၀၂၈၄ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၇၇၀ | - | ၆၅၀၇၇၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၁၀၄၁၂၃၂၀ | - | ၁၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၁၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၈ | ၁၂၁၃၉၂ | ၅၀၄၂၀၈ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၄၂၀ | - | ၅၇၂၆၀၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၁၀၈၂ | ၁ | ၁၆၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၁၉၀ | |
| | စုစုပေါင်း | ၁၆၈၁၀ | ၃၉၉၈၈၅ | ၁၆၁၄၃၄၃ | ၁၁၄ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၉၉၀၀၀၀၀ | ၆၂၁၇၈၈၉၆၀ | |
| | ဇွန်လ၊ဇူလိုင်လနှင့်ဩဂုတ်လ စုစုပေါင်း | ၁၇၂၁၅ | ၄၀၂၀၃၁ | ၁၆၂၉၂၅၄ | ၁၂၀ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၁၉၀၀၀၀ | ၃၃၃၁၁၇၂၉၀ | ၁၀၆၀၀၀၀၀ | ၆၈၅၈၃၄၆၇၀ | |

❒ တောဆင်ရိုင်းမှ

အဆိုပါ တောဆင်ရိုင်းခြောက်ကောင်အား မူလကျက်စားရာ ပဲခူးရိုးမအတွင်းသို့ ပြန်လည်ပို့ဆောင်ရာတွင် ဆင်ယဉ်များဖြင့် ထိန်းကျောင်းဝန်းရံပို့ဆောင်မည်ဖြစ်သော်လည်း ထိုသို့လုပ်ဆောင်၍မရပါက မေ့ဆေးသေနတ်များအသုံးပြုကာ ၁၀ ဘီးကားခုနစ်စီးဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းငွေးက ပြောကြားခဲ့သည်။

လက်ရှိတွင် သစ်တောဦးစီးဌာနမှ ဆင်ဆရာဝန်တစ်ဦး၊ ညွှန်ကြားရေးမှူးနှစ်ဦး၊ သစ်တောဝန်ထမ်း ၂၀ အပါအဝင် အင်အား ၆၀ ခန့်နှင့်အတူ တောဆင်ရိုင်းများအား မူလကျက်စားရာနေရာသို့ ပြန်လည်ပို့ဆောင်ရန် စီစဉ်လျက်ရှိသော်လည်း တောဆင်ရိုင်းများ၏ ကျန်းမာရေးအခြေအနေသိရှိမှသာ မေ့ဆေးပေးပြီး ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးသန်းငွေးက ပြောကြားခဲ့သည်။

တောဆင်ရိုင်းအုပ်သည် ယနေ့နံနက်ပိုင်းတွင် တူရင်းတောင်ကြောဘက်ကို ရောက်ရှိလာခဲ့ပြီး ၎င်းတို့လာရာ လမ်းတစ်လျှောက်တွင် မည်သည့်ဖျက်ဆီးမှုမျှ မရှိခဲ့ဘဲ ၎င်းတို့အား အန္တရာယ်ပြုမည်ကို စိုးရိမ်ခြင်းကြောင့်သာ အကာအကွယ်ပြုသည့်လုပ်ရပ်များကို လုပ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု သိရသည်။

အဆိုပါ တောဆင်ရိုင်းအုပ်တွင် ဆင်ငယ်နှစ်ကောင်နှင့် ဆင်ကြီးလေးကောင်ပါဝင်ပြီး မူလကျက်စားရာနယ်မြေဖြစ်သည့် နတ်မောက်/မြို့သစ်နယ်မြေမှ ပဲခူးရိုးမအတွင်းသို့ ပြန်လည်ပို့ဆောင်ရာတွင် ဒေသခံများ အန္တရာယ် ကင်းစေရေးအတွက် ကျွမ်းကျင်ဆင်ထိန်းများ၏ ကြီးကြပ်မှုနှင့်အတူ တောဆင်ရိုင်းများအား လိုအပ်သလိုထိန်းကျောင်းနိုင်ရန် တောဆင်ထိန်းသိမ်းရေးအတွက် လေ့ကျင့်သင်ကြားပေးထားသည့် ဆင်ယဉ် ကွန်ဂျီဆင်ကြီးများကို အသုံးပြုကာ ပို့ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"အခုနံနက်ပိုင်းကတော့ တူရင်းတောင်ဘက်မှာ ရောက်နေတယ်လို့ သိရတယ်။ တူရင်းတောင်ဘက်ကနေ ကျောက်ပန်းတောင်းဘက်အတိုင်း မူလကျက်စားရာနေရာကို ထိန်းကျောင်းပို့ဆောင်သွားဖို့ စီစဉ်နေပါတယ်။ တောဆင်ရိုင်းတွေ သွားတဲ့ လမ်းတစ်လျှောက်မှာရှိတဲ့ ပြည်သူတွေကိုလည်း တောဆင်ရိုင်းတွေရဲ့ အန္တရာယ်မကျရောက်အောင် သတိပေးထားပါတယ်။ တောဆင်ရိုင်းတွေက လူတွေနဲ့စိမ်းတော့ သူတို့သွားတဲ့လမ်းမှာ တားဆီးပိတ်ဆို့မှုတွေ၊ ဝိုင်းဝန်းကြည့်ရှုမှုတွေ၊ ခြောက်လှန့်ခြင်းတွေနဲ့ အနှောင့်အယှက်ပေးမှုတွေမလုပ်ဖို့ ပညာပေးတာတွေ လုပ်ဆောင်နေပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးသန်းငွေးက ပြောသည်။

ဒေသခံအချို့နှင့် ကျွမ်းကျင်သူများကမူ အဆိုပါဆင်အုပ်စုမှာ ပဲခူးရိုးမအတွင်းမှ မျက်စိလည်လမ်းမှားလာခြင်းမျိုးမဟုတ်ဘဲ သစ်တောများ ပြုန်းတီးကာ သဘာဝဂေဟစနစ်များ ပျက်စီးခဲ့ခြင်းတို့၏ နောက်ဆက်တွဲအဖြစ် ကျက်စားရာ စားကျက်မြေရှာဖွေရန် ထွက်လာခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

**အခုနံနက်ပိုင်းကတော့ တူရင်းတောင်ဘက်မှာ ရောက်နေတယ်လို့ သိရတယ်။ တူရင်းတောင်ဘက်ကနေ ကျောက်ပန်းတောင်းဘက်အတိုင်း မူလကျက်စားရာနေရာကို ထိန်းကျောင်းပို့ဆောင်သွားဖို့ စီစဉ်နေပါတယ်။**

**တောဆင်ရိုင်းတွေ သွားတဲ့လမ်းတစ်လျှောက်မှာ ရှိတဲ့ ပြည်သူတွေကိုလည်း တောဆင်ရိုင်းတွေရဲ့ အန္တရာယ်မကျရောက်အောင် သတိပေးထားပါတယ်။**




ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် မေ့ပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) ဦးတင်သောင်းက လက်ခံယူစဉ်။ (ကြေးမုံ)

## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၁၅ ခုနှစ်"ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်" အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျတဲ့ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အာဟာရချို့တဲ့မှုများ လျှော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာများကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သောဓလေ့ ပိုမိုထွန်းကားလာရေးစသည့် ရည်မှန်းချက်များ ချမှတ်ကာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ရန် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကို ဩဂုတ်လတစ်လလုံး ဗဟိုအဆင့်အနေနှင့်သာမက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင်ပါ နှစ်စဉ်ကျင်းပခဲ့ပြီး ယခုဆိုလျှင် (၁၃)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို နှစ်စဉ်နှစ်တိုင်း ဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်တစ်ခုရွေးချယ်ပြီး ကျင်းပလေ့ရှိရာ ယခုနှစ်အတွက် လုပ်ငန်းဆောင်ပုဒ်သည် "လုပ်ခွင်မပျက် မိခင်နို့ တိုက်ကျွေးနိုင်ဖို့ ကူညီစို့" ဖြစ်ပြီး မိခင်နို့သည် ကလေးအတွက် ပထမဆုံးအစာအာဟာရဖြစ်ပြီး မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးဖို့လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက အမှာစကားပြောကြားရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့်လည်း ပြည်သူလူထုအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အရေးကြီးသည့်ကဏ္ဍအဖြစ်အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ယခုလိုမိခင် နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ကိုလည်း ကျန်းမာရေးအသိပညာပေးခြင်း၊ လိုက်နာကျင့်သုံးစေခြင်းတို့ကို အမျိုးသမီးရေးရာအဖွဲ့အစည်းအဆင့်ဆင့်မှ အဖွဲ့ဝင်များက ပညာပေးစည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ထို့နောက် အခမ်းအနားဒုတိယပိုင်းတွင် အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခိုင်မာဇော်က "အရေးပေါ်အခြေအနေနှင့် ကလေးငယ်အာဟာရ"အကြောင်း အသိပညာပေးပြောကြားကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## နောက်ဆုံးပေါ်နည်းပညာဖြင့် မျက်ကြည်လွှာအစားထိုး ခွဲစိတ်ကုသပေး



**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် နောက်ဆုံးပေါ် dmek နည်းပညာဖြင့်မျက်ကြည်လွှာအစားထိုးခွဲစိတ်ကုသမှုအား ဩဂုတ် ၂၄ ရက်က ရန်ကုန်မျက်စိဆေးရုံကြီးတွင် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်မျက်စိဆေးရုံအုပ် ပါမောက္ခ ဒေါက်တာ တင်ဝင်းက ပြောသည်။

အဆိုပါခွဲစိတ်မှုကို ဒုတိယအကြိမ် American Vision နှင့် Carl Zeiss( ဂျာမနီ )တို့က ပူးပေါင်း၍ အမေရိကန်မှ Hawaiian Eye Foundation အားဖိတ်ကြားခဲ့ရာ ၎င်းတို့ထံမှရရှိသော နည်းပညာအသိများနှင့် နီးနှော ဖလှယ်ခြင်းများကြောင့်ဖြစ်သည်ဟု သိရသည်။

"အရင်က desk လို့ခေါ်တဲ့ နည်းပညာတစ်ခုပဲရှိတယ်။ နောက်တော့ dmek ဆိုတာ ပေါ်လာတယ်။ အဲဒါက ဥရောပနဲ့ အမေရိကမှာ တွင်တွင်ကျယ်ကျယ်ကို လုပ်နိုင်တယ်။ အာရှမှာ သိပ်မလုပ်နိုင်ကြသေးဘူး။ ဆရာသိသလောက် စင်္ကာပူမှာတောင်မလုပ်နိုင်သေးဘူး။ လောလောဆယ် ဆရာကံကောင်းသွားတာက အခု အမေရိကန်က အလွန်တော်တဲ့ ပရော်ဖက်ဆာတွေ ရောက်လာတယ်။ သူတို့ဆီကရတဲ့ ပညာတွေနဲ့ ဆရာကိုယ်တိုင်ခွဲစိတ်တာ ပထမဆုံးအောင်မြင်သွားတာပဲ။ ဒါပေမယ့် ဒီနည်းနဲ့အောင်မြင်သွားလို့ ဒီနည်းကိုပဲသုံးပြီး ကုရမယ်လို့ မဆိုနိုင်ဘူး။ မျက်ကြည်လွှာ ပျက်စီးဆုံးရှုံးနေတဲ့အပိုင်းပေါ် မူတည်ပြီး ဘယ်နည်းပညာနဲ့ ခွဲစိတ်မှု ဖြစ်မယ်ဆိုတာကို ဆုံးဖြတ်ရမယ်"ဟု ပါမောက္ခဒေါက်တာတင်ဝင်းက ပြောသည်။

မျက်စိဆေးရုံကြီးတွင် အဖြစ်များဆုံးရောဂါမှာ အတွင်းတိမ်ရောဂါဖြစ်ပြီး ဒုတိယအဖြစ်များဆုံးရောဂါမှာ ရေတိမ်ဖြစ်သည်။ ကုသရန်အခက်ခဲဆုံးရောဂါများမှာ မျက်ကြည်လွှာ၊အာရုံလွှာရေတိမ်၊ ကလေးသူငယ်မျက်စိရောဂါ၊ သူငယ်အိမ်ရောင်ရောဂါ၊ အာရုံနှင့်ဆက်စပ်နေသော မျက်စိရောဂါများဖြစ်သည်။ မြန်မာနိုင်ငံတွင် မျက်ကြည်လွှာရောဂါဝေဒနာရှင် ၃၀၀၀ ကျော်ရှိသည်။

သို့သော် တစ်နှစ်တွင် မျက်ကြည်လွှာရရှိမှုနှုန်း ၁၀၀ မှ ၁၅၀ ကြားသာရှိကြောင်း သိရသည်။

"ဆရာတို့ဆီမှာ မျက်ကြည်လွှာလှူမယ့် စာရင်းပေးထားတာတွေ အများကြီးပါ။ ဒါပေမယ့် တကယ်အသုံးပြုလို့ရတာက တစ်နှစ်လုံးကိုမှ ၁၀၀၊ ၁၅၀ လောက်ပဲရတယ်။ ဒါကလည်း မျက်ကြည်လွှာကို လေးနာရီအတွင်း သွားယူရတဲ့အပြင် မျက်ကြည်လွှာထုတ်ယူတဲ့အခါမှာလည်း မိသားစုတွေရဲ့အခက်အခဲကြောင့် ကြန့်ကြာတာတွေ ရှိတယ်။ တစ်ခါတလေ မရတာတွေ လည်းရှိတယ်။ မျက်ကြည်လွှာရလာပြီဆိုရင်လည်း ကူးစက်ရောဂါပိုးရှိ မရှိစစ်ဆေးရတယ်။ ရှိတယ်ဆိုရင်သုံးလို့မရတော့ပြန်ဘူး။ မရှိဘူးဆိုရင်လည်း လေးရက်အတွင်း လူနာရှင်ကိုခေါ်ပြီး ကုသပေးနိုင်မှရမှာ" ဟု ပါမောက္ခ ဒေါက်တာတင်ဝင်းကဆက်လက်ပြောသည်။

ရန်ကုန်မြို့ရှိ လက်ရှိမျက်စိအထူးကုဆေးရုံကြီးသည် နိုင်ငံတော်၏ ပံ့ပိုးမှုအားများဖြင့်ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ထိပ်တန်းဆေးရုံကြီးတစ်ခုကဲ့သို့ စက်ပစ္စည်းများစုံလင်စွာဖြင့် နည်းပညာမြင့်မားစွာ ကုသနိုင်သည့်အပြင် လူတန်းစားမရွေး အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည်။

"ဆရာတို့ မျက်စိဆေးရုံကို အာရှမှာထိပ်တန်းဖြစ်အောင်ကြိုးစားနေပါတယ်။ ဆရာတို့မှာအခုဆို စက်ပစ္စည်းအစုံ အလင်ရှိတယ်။ ဒီစက်ပစ္စည်းတွေကို ကိုင်တွယ်တတ်ဖို့ ပြည်ပက ပညာရှင်တွေကို အခုလို တစ်လတစ်ခါဖိတ်တဲ့အပြင် ဆရာတို့ဆီက ကျောင်းသားတွေကို ပြည်ပမှာ သွားရောက် ပညာသင်ကြားစေတယ်။ ပြီးတော့ ဒီစက်ပစ္စည်းတွေကို ထိန်းသိမ်းနိုင်ဖို့ အင်ဂျင်နီယာတွေ နိုင်ငံခြားကို စေလွှတ်ပညာသင်စေတယ်။ ဒါတွေဟာ နိုင်ငံတော်ကို ဆရာတို့က ကျေးဇူးပြန်ဆပ်တာပဲ။ အနီးစပ်ဆုံး စင်ကာပူ၊ ဘန်ကောက်နိုင်ငံတွေမှာ မျက်ကြည်လွှာအစားထိုးကုသမယ်ဆိုရင် အမေရိကန်ဒေါ်လာ သုံးသောင်းကျော်လောက် ကုန်ကျတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာတော့ မျက်ကြည်လွှာကို အခမဲ့အစားထိုး ကုသပေးနေတာ ပြည်သူတွေကို သိစေချင်တယ်။ အခုဆိုရင် နောက်ဆုံးပေါ်မျက်ကြည်လွှာ အစားထိုးကုသနည်းကိုတောင် ဆရာတို့ကုသပေးနိုင်ပြီ။ အမေရိကန်ဗိုလ်ရှင်းတို့လို ပုဂ္ဂလိကမျက်စိဆေးရုံတွေကလည်း အခုလို အမေရိကန်က တကယ်တော်တဲ့ မျက်စိဆရာဝန်တွေကို ဖိတ်ကြားပေးတဲ့အတွက် ဆရာတို့ဆီက ကျောင်းသားတွေ နည်းပညာဆိုင်ရာ အသိပညာတွေအများကြီး ရရှိစေတယ်"ဟု ပါမောက္ခ ဒေါက်တာတင်ဝင်းက ဆက်လက်ပြောသည်။

Hawaiian Eye Foundation သည် အမေရိကန်ဗိုလ်ရှင်းနှင့် Carl Zeiss (ဂျာမနီ) တို့၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံသို့ ပထမအကြိမ်လာရောက်စဉ်က အလုပ်ရုံဆွေးနွေးပွဲများနှင့် လူနာများကို အခမဲ့ကြည့်ရှုပေးခဲ့သည်။ ယခုဒုတိယအကြိမ်တွင်မူ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာပေးဖလှယ်ခြင်းများပြုလုပ်ခဲ့သည့်အပြင် အမေရိကန်တွင် လက်ရှိသုံးစွဲနေသော နည်းစနစ်များ၊ စက်များဖြင့် အခမဲ့ကြည့်ရှုခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခြင်းဖြစ်သည်။

ဩဂုတ် ၂၅ ရက်မှ စတင်ခွဲစိတ်ပေးခဲ့ရာ ဩဂုတ် ၂၆ ရက်ထိ မျက်စိအတွင်းတိမ်လူနာ ခုနစ်ဦး၊ မျက်စိစွေစောင်းလူနာနှစ်ဦး၊ မျက်ကြည်လွှာလဲ ငါးဦး၊ ၊ oculoplastic ခွဲစိတ်မှု လေးဦးအားခွဲစိတ်ကုသပေးခဲ့ပြီး ဩဂုတ် ၂၇ ရက်ထိ ခွဲစိတ်မှုများအား ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခင်ဇာလီ)**




# ဆယ်လီနာဂိုမက်ဇ်ဖွင့်ဟလာတဲ့သူ့ရဲ့အချစ်ရေး

အမေရိကန်ပေါ့ပ်အဆိုတော် ဆယ်လီနာဂိုမက်ဇ်ဟာနာမည်ကျော်အဆိုတော် ဂျက်စတင်ဘီဘာနဲ့ ဆယ်ကျော်သက်ကာလကတည်းကတွဲခဲ့ကြတဲ့ချစ်သူတွေပါ။ ဒါပေမယ့်လည်းလက်တွဲဖြုတ်ခဲ့ပြီး ချစ်သူသစ်ဇက်နဲ့တွဲခဲ့ပါတယ်။ အခုလတ်တလောမှာတော့ တွဲနေတဲ့ချစ်သူမရှိတော့ပါဘူး။

အသက် (၂၃)နှစ်အရွယ် ဆယ်လီနာဟာသူ့ရဲ့ အချစ်ရေးရာကိစ္စရပ်များကြောင့် မီဒီယာတွေရဲ့ စောင့်ကြည့်ခြင်းခံရသူလည်း ဖြစ်ပါတယ်။ သူဟာနောက်ဆုံးလက်တွဲခဲ့တဲ့ချစ်သူဇက်နဲ့ လမ်းခွဲပြီးနောက်မှာငယ်ချစ်ဟောင်း ဂျက်စတင်ဘီဘာနဲ့ တစ်ခါတလေ ဟောလီဝုဒ်ရဲ့ လမ်းတွေပေါ်မှာအတူတွေ့ရတတ်ပေမယ့်သူတို့နှစ်ဦး၏ ပြန်လည်ဆန်းသစ်လာတဲ့အချစ်နဲ့ ပတ်သက်လို့ မီဒီယာတွေကသို့လောသို့လောပြောကြပေမယ့် ဆယ်လီနာကတော့ အမြင်းခဲ့ပါတယ်။

သူကလတ်တလောမှာလက်တွဲနေတဲ့ ချစ်သူမရှိသလို သူ့ဘဝမှာ အချစ်ကိုလိုက်ပြီးရှာဖွေတာကိုလည်းရပ်တန့်လိုက်ပါပြီလို့ Yahooနဲ့ ပြုလုပ်တဲ့အင်တာဗျူးတစ်ခုမှာထည့်သွင်းပြောကြားသွားခဲ့ပါတယ်။ ဆယ်လီနာက 'နောင်လက်တွဲမယ့်ချစ်သူဟာ ကျွန်မကိုတကယ်ချစ်မြတ်နိုးတဲ့သူဖြစ်ရပါမယ်။ ချစ်သူရရင်လည်းဖုံးကွယ်မထားဘဲ ပရိသတ်ကိုသိစေမှာပါ"လို့ ဆိုခဲ့ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ပတ်သက်ပြီးတော့လည်းသူက 'ကျွန်မရဲ့ အထင်မှာတော့ ကျွန်မသူနဲ့ပတ်သက်ပြီးအချစ်မှာပြန်လည်ကျဆုံးခဲ့ရတာမျိုးမရှိခဲ့ဘူး"လို့လည်းဖြေခဲ့ပါတယ်။

ဆယ်လီနာဟာအခုအချိန်မှာချိန်းဆိုတွေ့ဆုံရတာတွေကို စိတ်ဝင်စားမှုမရှိကြောင်းနဲ့ အချစ်ကိုနောက်တစ်ဖန်ရှာဖွေတော့မှာမဟုတ်ဘဲသူ့ဘက်က အမှန်တကယ်ရပ်တည်ပေးနိုင်မယ့်သူကိုသာရွေးချယ်သွားမှာဖြစ်တယ်လို့လည်း ဆိုခဲ့ပါတယ်။

အေးပြည့် - စုစည်းသည်။

# လီဂျောင်ဆပ်၏ဖယောင်းရုပ်တုဟောင်ကောင်တွင်ထားရှိမည်



တောင်ကိုရီးယားမင်းသားချောလီဂျောင်ဆပ်၏ပုံတူထုလုပ်ထားသောဖယောင်းရုပ်တုကိုဖယောင်းရုပ်တုများခင်းကျင်းပြသထားသည့် ဟောင်ကောင်ရှိဂလိုဘယ်ပြတိုက်တွင် ထားရှိပြသသွားမည်ဖြစ်ကြောင်းသူ၏အေဂျင်စီဖြစ်သောYedangကထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဖယောင်းရုပ်တုကို ၂၀၁၆ခုနှစ် ပထမနှစ်ဝက်အတွင်း ထားရှိပြသသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

သူ၏အေဂျင်စီက 'သိပ်မကြာသေးမီကပဲ ဟောင်ကောင်က တာဝန်ရှိတဲ့သူတွေနဲ့ လီတွေ့ဆုံခဲ့တယ်။ သူ့ရဲ့ ကိုယ်ခန္ဓာအတိုင်းအတာတွေလည်းတိုင်းယူသွားကြတယ်"ဟုဆိုသည်။ အဆိုပါ ပြတိုက်တွင် ကမ္ဘာတစ်ဝန်းနာမည်ကျော်ကြားထင်ရှားသူများ၏ ဖယောင်းရုပ်တုများကိုထုလုပ်ထားရှိပြီးယင်းရုပ်တုများတွင် အမေရိကန်သမ္မတအိုဘားမား၊ ဟောလီဝုဒ်ကြယ်ပွင့် အန်ဂျလီနာဂျိုလီ၊ မင်းသမီးအော့ဒရေးဟက်ပ်ဘန်းနှင့် ဟောင်ကောင်မင်းသားကြီးဟန်ဒီလုတို့၏ ရုပ်တုများလည်း ပါဝင်သည်။

လီဂျောင်ဆပ်သည် အဆိုပါပြတိုက်တွင် ဖယောင်းရုပ်ထုလုပ်ပြသခြင်းခံရသောလေးယောက်မြောက် တောင်ကိုရီးယားအနုပညာရှင်ဖြစ်သည်။ အခြားသောအနုပညာရှင်များဖြစ်သည့် မင်းသားဘေရောင်ဂျွန်း၊ လီမင်ဟိုနှင့် ကင်မ်ဆိုးဟွန်တို့၏ ဖယောင်းပုံတူများကိုလည်းထားရှိပြသထားပြီးဖြစ်သည်။



# Guardians of the Galaxy2 တွင် မင်းသားဗင်ဒီဇယ်ပါဝင်သရုပ်ဆောင်မည်

ဟောလီဝုဒ်မင်းသားကြီး ဗင်ဒီဇယ်သည် ၂၀၁၄ခုနှစ်ကထုတ်လွှင့်ပြသခဲ့သောအာကာသစွန့်စားမှု ဇာတ်လမ်းတွဲရုပ်ရှင် Guardians of the Galaxy၏ ဒုတိယမြောက်ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

မင်းသားဗင်ဒီဇယ်သည် အဆိုပါရုပ်သံဖန်တီးမှု ရုပ်ရှင်တွင် အသံဖြင့် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာဂျိမ်းစ်ဂန်ကသူ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် အတည်ပြုဖော်ပြခဲ့သည်။

ယင်းရုပ်ရှင်တွင် ခရစ်ပရက်ထ်၊ ဇိုးစဲလ်ဒါနာနှင့် ဒေ့ဗ်ဗျူးတီစတာတို့က ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကာ ဗင်ဒီဇယ်အပါအဝင် အခြားသောအနုအညာရှင်များဖြစ်သည့် ဘရက်ဒလေကူးပါး၊ ကာရန်ဂယ်လန်၊ မိုက်ကယ်ရော်ကာနှင့် စီရန်ဂန်းတို့က အသံဖြင့် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

Guardians of the Galaxy: Vol. 2 ရုပ်ရှင်ကိုမာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ကာရုပ်ရှင်၏ ရိုက်ကူးရေးလုပ်ငန်းများကို ၂၀၁၆နှစ်စပိုင်းတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး ၂၀၁၇ခုနှစ် မတ်လ ၅ရက်မှ စတင်ကာရုံတင်ပြသသွားမည်ဖြစ်သည်။

■

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၇ - ၈ -၂၀၁၅ (ကြာသပတေးနေ့)

## မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ ရှေးဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗွီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မှော်ဆရာနဲ့အပျော်ဆရာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်းအတိတ်ရဲ့ချစ်ခြင်း(အပိုင်း-၆၈)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ Hello Miss Universe
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျောင်းဗိုဂွန်း (အပိုင်း-၂၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၂၀)

## MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV -4 သတင်း
၅း၄၀ "သည်းခံခြင်းသည်အကောင်းဆုံး" တရားတော် (ဆရာတော်အရှင်ပညိသဿရာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၃၄)
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၆၆)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၁း၃၀ MRTV -4 Stage
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ " အိမ်နီးချင်း " (အပိုင်း-၂၅)
၆း၁၀ Health Fix
၈း၁၀ ရသစုံညွှန်းတမ်းများ
၁၁း၅၅ "သည်းခံခြင်းသည်အကောင်းဆုံး" တရားတော် (ဆရာတော်ပညိသဿရာဘိဝံသ)
၃း၁၀ Education Talk (မိဘဆရာအသင်းဖွဲ့စည်းပုံနှင့်ရွေးချယ်တင်မြှောက်ခြင်း)
၃း၅၅ လွန်းတင်သည့်ကြိုး

## mitv

07:27 "Caves of Myanmar
07:52 "Kindhearted Pet Lovers
08:25 "Alaungdaw Kathapa
08:44 "Distinguished Myanmar Ladies "Tin Moe Lwin"
08:53 "Young Talent "Animator Swan Thura Htun"
09:27 "Products Of Myanmar -Craft Blacksmithing
09:52 "Talented Musicians
10:26 "Taung Byone Nat Festival (Ep-2)
10:52 "Cultural Show: Theatrical Make Up
07:26 "Dawei -Tavoy, Travel To The Southern Part of Myanmar
07:45 "Impressionist Myanmar Master Artist - U Lun Kywe
07:51 "Today Myanmar: Rising Insurance Infrastructure
08:27 "Myanmar Delicate Artistic Creations- Gem Stone Painting
08:45 "Myanmar Harpist
08:51 "Horse Cart Driver



## စပါးတောင်ပံကစားသမား လာမယ်လာ အင်တာသို့ ပြောင်းရန်ဆွေးနွေးလျက်ရှိ

တောင်ပံကစားသမား လာမယ်လာသည် ၂၀၁၃ ခုနှစ်အတွင်းက အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ အင်္ဂလန်ပရီမီယာလိဂ်ကလပ် စပါးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၅ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူ ဖြစ်သော်လည်း စပါးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးခဲ့ရခြင်းကြောင့် စပါးအသင်းမှ ထွက်ခွာကာ အီတလီမြေသို့ ပြန်လည်ခြေချရန် စီစဉ်လျက်ရှိသည်။

လက်ရှိတွင် စပါးတောင်ပံကစားသမား လာမယ်လာအနေဖြင့် အီတလီစီးရီးအေကလပ် အင်တာမီလန် အသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်းလည်း တောင်ပံကစားသမား လာမယ်လာ၏ ဖခင်နှင့် အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

တောင်ပံကစားသမား လာမယ်လာသည် စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သည့် ၂၀၁၃ ခုနှစ်နောက်ပိုင်း စပါးအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီကမူ စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၄၆ ပွဲပါဝင်ကစားပေးထားခဲ့ပြီး သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

တောင်ပံကစားသမား လာမယ်လာသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရစ်ဗားပလိတ်အသင်းတွင် ကစားခဲ့သူဖြစ်ပြီး ရစ်ဗားပလိတ်အသင်းနှင့် ပွဲပေါင်း ၃၇ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ရိုးမားသို့ပြောင်းရွှေ့လာခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ ရိုးမားအသင်းတွင် ကစားခဲ့ရာတွင် ရိုးမားအတွက် ပွဲပေါင်း ၃၂ ပွဲပါဝင်ကစားပေးနိုင်ခဲ့သည်။ ရိုးမားတွင်မူ သွင်းဂိုး ၁၉ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အာဂျင်တီးနားအသင်းတွင်လည်း ပါဝင်ပေးထားသူဖြစ်သည်။ **ငွေကြယ်**

## မန်ယူနှင့်အပြောင်းအရွှေ့ကိစ္စရပ်အား လမ်းပွင့်ထားဟု နေမာပြောပြီ



ဘာစီလိုနာကြယ်ပွင့်နေမာက သူ့အနေနဲ့ ဘာစီလိုနာနဲ့ စာချုပ်သက်တမ်းသုံးနှစ်ကျန်နေသေးပေမယ့် မန်ယူနဲ့ အပြောင်းအရွှေ့ကိစ္စရပ်ကိုတော့ လမ်းဖွင့်ထားပါတယ်လို့ဖွင့်ဟလိုက်ပါပြီ။ မန်ယူဒါရိုက်တာ အက်ဒ်ဝုဒ်ဝေ့ါဟာ နေမာကိုဒီနှစ်နွေဈေးကွက် မပိတ်သိမ်းခင်မှာပဲ မန်ယူကိုအပြီးသတ်ပြောင်းရွှေ့ဖို့ ကြိုးပမ်းနေပေမယ့်လည်း ဒီနှစ်နွေမှာ ခေါ်ယူ ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အနေအထားပါ။ ကာယကံရှင်ကိုယ်တိုင်က မန်ယူရဲ့အစဉ်အလာတွေကြောင့် အပြောင်းအရွှေ့ကိစ္စရပ်ကို တံခါးဖွင့်ထားပါတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။

မန်ယူဘက်ကတော့ နေမာကိုဒီနှစ်နွေမှာခေါ်ယူဖို့မဖြစ်ရင်တောင် နောက်နှစ်နွေမှာတော့ သေချာပေါက်ခေါ်ယူနိုင်မယ်လို့ ယုံကြည်နေပါတယ်။ မန်ယူကနေမာကိုခေါ်ယူဖို့ ဘာစီလိုနာကို မပြောင်းရွှေ့ခင်ကာလကတည်းက ကြိုးပမ်းခဲ့ဖူးပေမယ့် ကစားသမားကိုယ်တိုင်က သူအထင်ကြီးလေးစားတဲ့ မက်ဆီနဲ့တွဲဖက်ကစားဖို့ အခွင့်အရေးရမယ့် ဘာစီလိုနာကိုပဲ ပြောင်းဖို့ဆုံးဖြတ်ခဲ့တာပါ။

ဘာစီလိုနာနည်းပြ လူးဝစ်အန်းနရစ်က ဒီအပြောင်းအရွှေ့ကိစ္စရပ်နဲ့ ပတ်သက်ပြီး ဘာမှတ်ချက်မှမပေးလိုဘူးလို့ လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ဘာစီလိုနာနဲ့ ဘီဘာအိုတို့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်အပြီးမှာပြောခဲ့ပါတယ်။။ ပြီးခဲ့တဲ့ ဩဂုတ် ၁၇ရက်ကမန်ယူရဲ့ ဝုဒ်ဝေ့ါဟာ နေမာရဲ့အပြောင်းအရွှေ့ကိစ္စရပ်အတွက် ညှိနှိုင်းမှုပြုဖို့အတွက် ဘာစီလိုနာကို ရောက်ရှိနေခဲ့တယ်လို့ သတင်းတွေထွက်ခဲ့ပေမယ့် ဒါဟာပက်ဒရိုကို ခေါ်ယူဖို့ဆောင်ရွက်နေတာဖြစ်တယ်ဆိုပြီး နောက်ပိုင်းမှာ သိရပါတယ်။ဒါပေမယ့် ပက်ဒရိုဟာ မန်ယူထက်ချယ်လ်ဆီးကို ပြောင်းရွှေ့ဖို့ သာရွေးချယ်ခဲ့တဲ့အတွက် မန်ယူအနေနဲ့အပြောင်းအရွှေ့တိုင်းမှာ ချယ်လ်ဆီးကိုမကျော်နိုင်ဘူးဆိုတာ ထင်ရှားနေခဲ့ပါတယ်။

**နှိုင်းယန်းဟောဒင်**

## ပေါ့ဘာကိုရဖို့ ခြေလှမ်းသွက်သွက်လှုပ်ရှားနေတဲ့ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းက ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာ အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ ဖြင့်ကမ်းလှမ်းခဲ့ရာ ဂျူဗင်တပ်ဘက်မှ ပယ်ချခဲ့သော်လည်း ချယ်လ်ဆီးတာဝန်ရှိသူများအနေဖြင့် စက်တင်ဘာ ၁ ရက်နွေဈေးကွက်မပိတ်သိမ်းမီ ပေါ့ဘာအားအရခေါ်ယူနိုင်ရန် တူရင်မြို့သို့ရောက်ရှိနေပြီး ညှိနှိုင်းမှုများပြုလုပ်နေသည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် စပိန်ကွင်းလယ်ဗဟိုတွဲဖြစ်သည့် မာတစ်-ဖာဘရီဂတ်စ်တွဲဖက်ကစားမှုအပေါ် လိုအပ်ချက်ရှိနေသေးသည်ဟု ယူဆထားသောကြောင့် ပေါ့ဘာအားချိတ်ဆက်ကမ်းလှမ်းမှုများပြုလုပ်လာခြင်းဖြစ်သည်။

ပေါ့ဘာနှင့်ဂျူဗင်တပ်တို့ ချုပ်ဆိုထားသော စာချုပ်အရ ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ ပေးလျှင် ထွက်ခွာခွင့်ပေးရမည်ဟု ပါရှိရာ ချယ်လ်ဆီးဘက်မှ သေချာပေါက်ခေါ်ယူနိုင်မည်ဟု ယူဆနေခြင်းဖြစ်သည်။ချယ်လ်ဆီးသည် ၎င်းတို့ဘက်မှ ထိုက်တန်သည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းထားသောကြောင့် ပေါ့ဘာအပြင် ဂွါန်စတုန်းကိုလည်း အပြောင်းဈေးကွက်နောက်ဆုံးနေ့ရက်တွင် ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားသည်။ယင်းပြောင်းရွှေ့ကြေးသည် ချယ်လ်ဆီး၏ ၂၀၀၇ခုနှစ်က တောရက်စ်အတွက်ပေးချေခဲ့သော ပေါင်သန်း ၅၀ထက်ပင်များစွာ များပြားနေသေးသည်။

ချယ်လ်ဆီးအသင်းပိုင်ရှင် ရာမန် အေဘရာမိုဗစ်ချ်ကအသက်(၂၂)နှစ်သာရှိသေးသော ပေါ့ဘာအတွက် ပေါင်သန်း၆၀ထက်ပိုမိုမပေးချေလိုသော်လည်း မော်ရင်ဟိုကမူ ယင်းကစားသမားကို ချယ်လ်ဆီးပထမပွဲထက်လူစာရင်းတွင် ထည့်သွင်းနိုင်ရန် စိတ်အားထက်သန်လွန်းသဖြင့် ယခုကဲ့သို့ ပေါင်သန်း၇၀အထိပေးကာ ကမ်းလှမ်းလာခြင်းဖြစ်သည်။ သို့သော် ဂွါန်စတုန်းအား စတုတ္ထအကြိမ်အဖြစ်ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ အထိ ပေးကာကမ်းလှမ်းခဲ့သော်လည်း အဲဗာတန်ဘက်မှ ထပ်မံ ငြင်းဆန်ပယ်ချခဲ့ပြီးဖြစ်ရာ အပြောင်းအရွှေ့မှာ ယခုနွေဈေးကွက်အတွင်း ဖြစ်မြောက်နိုင်ဖွယ်မရှိဟု အင်္ဂလန်မှ လာသော သတင်းများအရ သိရသည်။ဂွါန်စတုန်းမှာမူ အဲဗာတန်နည်းပြမာတီနက်ဇ်အား ၎င်းအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ရလျှင်ပင် လက်လွှတ်ခံသင့်ကြောင်းတောင်းဆိုခဲ့သည်။

ထို့ပြင် ချယ်လ်ဆီးသည် အသင်းမှ မာကိုမာရင်အား ထရန်ဇွန်စပေါ့၊ ကွာဒရာဒိုအား ဂျူဗင်တပ်အသင်းများသို့အငှားချထားပြီးဖြစ်ရာ ချယ်လ်ဆီး၏ပွဲထွက်လူစာရင်းကို ပြန်လည်ပြင်ဆင်ရန်မော်ရင်ဟိုအနေဖြင့် မည်မျှ လိုလားနေကြောင်းပေါ်လွင်စေခဲ့သည်။

**မေလဲ့သင်း**

## ပရီမီယာလိဂ်ရင်ခုန်သံ-၄

**ပရီမီယာလိဂ်ပွဲစဉ် (၂ )မှာတော့ လက်ရှိချန်ပီယံချယ်လ်ဆီးဟာ ဝက်စ်ဘရွှမ်းကို အခက်အခဲကြားက အနိုင်ရရှိခဲ့ပြီး နိုင်ပွဲစတင်ရရှိခဲ့ပါတယ်။ ဒါပေမယ့်နာမည်ကြီးအသင်းတွေဖြစ်တဲ့ စပါးနဲ့ဆောက်သမ်တန်တို့ကတော့ နိုင်ပွဲဆက်လက်ပျောက်ဆုံးနေ ဆဲပါ။ ဒါကြောင့် ဒီနှစ်သင်းဟာ ဩဂုတ် ၂၉၊ ၃၀ မှာ ကစားမယ့် ဒီပွဲစဉ် (၃) မှာအားစိုက်လာဖို့ရှိပြီး ပထမဆုံးနိုင်ပွဲတွေ ရယူသွားနိုင် ဖို့လည်းရှိနေပါတယ်။**

**နယူးကာဆယ် - အာဆင်နယ်** — ည ၆း၁၅ (၂၉-၈-၁၅)

မန်ယူကိုသရေကစားသွားခဲ့တဲ့ကာဆယ်ရဲ့ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် အဲ့ဒီပွဲစဉ်မှာ ကာဆယ်ရဲ့ခံစစ်ကစားပုံ ကောင်းမွန်ခဲ့တာကို တွေ့ရတယ်။ ဒါပေမယ့်လည်း ကာဆယ်ဟာ ဒီပွဲမတိုင်ခင်မှာ ကက်ပီတယ်ဝမ်းဖလားကစားခဲ့ရတဲ့ပွဲပန်းမှုရှိနိုင်တာကို သတိပြုရပါမယ်။ ဒါကြောင့် ဒီပွဲမှာတော့ အာဆင်နယ်တို့ ကပ်နိုင်သွားဖို့ရှိတယ်။

**ချယ်လ်ဆီး - ပဲလေ့စ်** — ည ၈း၃၀ (၂၉-၈-၁၅)

ပီထရိုရောက်လာတဲ့ချယ်လ်ဆီးတိုက်စစ်ကစားပုံ ကောင်းမွန်မှုရှိခဲ့ပြီး ဝက်စ်ဘရွှမ်းနဲ့ ပွဲစဉ်မှာ သုံးဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ခံစစ်ကတော့ လုံခြုံမှုမရှိသေးပါဘူး။ ပဲလေ့စ်ကအာဆင်နယ်ကလွဲလို့ ကျန်နှစ်ပွဲမှာ နိုင်ပွဲရယူနိုင်ခဲ့ပြီး ကစားပုံကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဒီပွဲကချဲလ်ဆီးကွင်းဖြစ်သလို ပဲလေ့စ်ကလည်း ကက်ပီတယ်ဝမ်းဖလားကြောင့်ပွဲပန်းလာမှာဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာလည်း ချယ်လ်ဆီးတို့ နိုင်ပွဲဆက်ဖို့ ရှိပါတယ်။

**ဘုန်းမောက် - လက်စတာ** — ည ၈း၃၀ (၂၉-၈-၁၅)

ဘုန်းမောက်ခြေမဆိုးဘူးလို့ဆိုနိုင်တယ်။ ဝက်စ်ဟမ်းကို အနိုင်ရခဲ့သလို လီဗာပူးကိုလည်း အကောင်းဆုံးခံကစားနိုင်ခဲ့တယ်။ ဒါပေမယ့်သတိပြုရမှာကဘုန်းမောက်ခံစစ်ဟာလုံခြုံမှုမရှိပါဘူး။ဒါကြောင့် ထိုးဖောက်ကစားပုံကောင်းမွန်တဲ့ လက်စတာတိုက်စစ်ကို ခက်ခဲစွာ ထိန်းချုပ်ရဖို့ရှိပါတယ်။ နှစ်သင်းစလုံး ဒီပွဲမတိုင်ခင် ကက်ပီတယ်ဝမ်းဖလားပွဲစဉ်တွေကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းနိုင်ပေမယ့် လက်စတာအနိမ့်ဆုံးသရေရမယ်။

**ဗီလာ - ဆန်းဒါးလန်း** — ည ၈း၃၀ (၂၉-၈-၁၅)

ဆွမ်ဆီးနဲ့ပွဲစဉ်မှာ ဆန်းဒါးလန်းကစားပုံမဆိုးဘဲ သရေရခဲ့တယ် ဆိုပေမယ့် ပွဲတိုင်းဂိုးပေးခဲ့ရတဲ့ခံစစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေတာကို သတိပြုရမှာဖြစ်ပါတယ်။ အဝေးကွင်းလည်း ဖြစ်နေတယ်။ ဗီလာက ခြေသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် ခြေကုန်ထုတ်ကစားမှာ ဖြစ်ပါတယ်။

**မန်စီးတီး - ဝတ်ဖို့ဒ်** — ည ၈း၃၀ (၂၉-၈-၁၅)

ဒီရာသီမှာ မန်စီးတီးရဲ့ခြေစွမ်းပိုင်း အထူးကောင်းမွန်နေပါတယ်။ ခံစစ်၊ တိုက်စစ်မျှတစွာကစားနေနိုင်ပြီး သုံးပွဲအပြီးမှာ ပေးဂိုးမရှိသလို ရှစ်ဂိုးအထိ သွင်းယူထားနိုင်တာ တွေ့ရပါတယ်။ ဝတ်ဖိုဒ်က ခြေစွမ်းသာမန်သာရှိပြီး တိုက်စစ်အားနည်းလို့ မန်စီးတီးခံစစ်ကို ကျော်ဖြတ်ဖို့ ခက်ခဲသလို ကက်ပီတယ်ဝမ်းကြောင့်လည်း ပွဲပန်းလာနိုင်ပါတယ်။ မန်စီးတီးကွင်းလည်းဖြစ်လို့ မန်စီးတီးကသာ နိုင်ပွဲထပ်ရသွားဖို့ ရှိနေပါတယ်။

**စတုတ် - ဝက်စ်ဘရွှမ်း** — ည ၈း၃၀ (၂၉-၈-၁၅)

ချဲလ်ဆီးနဲ့ပွဲမှာ ဝက်စ်ဘရွှမ်းရဲ့တုံ့ပြန်ကစား ပုံကောင်းမွန်ခဲ့တယ် ဆိုပေမယ့် ခံစစ်ပိုင်းလုံခြုံမှုမရှိတာကိုတွေ့ရပါတယ်။ စတုတ်ကတော့ အိမ်ကွင်းကစားပုံမာကျောတဲ့အပြင် လက်ရှိခြေစွမ်းပိုင်းလည်း မဆိုးပါဘူး။ ထိုးဖောက်ကစားပုံကောင်းပြီးအသင်းလိုက်ဟန်ချက် ကောင်းမွန်ပါတယ်။ စတုတ်ခံစစ်ကလည်း မတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် အပြန်အလှန်သွင်းဂိုးတွေနဲ့အတူ ဒီပွဲမှာ စတုတ်ပဲ ကပ်နိုင်သွားဖို့ ရှိတယ်။

**လီဗာပူး - ဝက်စ်ဟမ်း** — ည ၈း၃၀ (၂၉-၈-၁၅)

ဒီရာသီမှာ ဝက်စ်ဟမ်းရဲ့အသင်းလိုက်ကစားပုံနဲ့ ထိုးဖောက်အား ကောင်းမွန်တာမှန်ပေမယ့်လည်းလက်စတာ၊ ဘုန်းမောက်တို့နဲ့ ကစားခဲ့တဲ့ပွဲတွေမှာ ခံစစ်ကစားပုံအားနည်းမှုတွေရှိခဲ့တာကို သတိပြုရပါလိမ့်မယ်။ လီဗာပူးကတိုက်စစ်ဟန်ချက်မမိသေးပေမယ့် ကွင်းလယ်ကစားပုံကောင်းမွန်မှုရှိပြီး ခံစစ်ကလည်း ကျစ်လစ်မှုရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါကြောင့် ဝက်စ်ဟမ်းအနေနဲ့ လီဗာပူးကို တုံ့ပြန်ဖို့ခက်ခဲမှုတွေရှိနေပါတယ်။

**စပါး - အဲဗာတန်** — ည ၁၁း၀၀ (၂၉-၈-၁၅)

စပါးဟာ သုံးပွဲကစားပြီးမှာ နိုင်ပွဲမရသေးပါဘူး။ အထူးသဖြင့် အသင်းလိုက်ဟန်ချက်တည်ငြိမ်မှုအားနည်းပြီးခံစစ်ကလည်း အမှားအယွင်းတွေများနေတာကိုတွေ့ရပါတယ်။ ဒါပေမယ့် အဲဗာတန်ကလည်း ခြေမငြိမ်သေးဘူး။ ဆောက်သမ်တန်ကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် ဝတ်ဖို့ဒ်နဲ့ သရေကျခဲ့ပြီးမန်စီးတီးကို ရှုံးနိမ့်ခဲ့ရကာ အဆုံးသတ်ပိုင်း မတည်ငြိမ်တာတွေ့ရတယ်။ ဒါ့အပြင်အဲဗာတန်ဟာ ဒီပွဲမတိုင်ခင်မှာလည်း ကက်ပီတယ်ဝမ်းဖလားပွဲစဉ်ရှိနေတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်တယ်။ ဒီပွဲဟာ စပါးတို့ နိုင်ပွဲစရသွားမယ့်ပွဲပဲဖြစ်တယ်။

**ဆောက်သမ်တန် - နော့ဝှစ်ချ်** — ည ၇း၀၀ (၃၀-၈-၁၅)

ဆောက်သမ်တန်ဟာယူရိုပါလိဂ်နဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲ နှစ်ရပ်ကြားမှာ ခြေစွမ်းတည်ငြိမ်မှုကိုထိန်းချုပ်နိုင်ခြင်းမရှိသေးပါဘူး။ သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ နှစ်ပွဲသရေကျထားတယ်။ ခံစစ်ပိုင်းကအစ တည်ငြိမ်မှုမရှိဘူး။ ဒီပွဲမတိုင်ခင်မှာလည်း ယူရိုပါလိဂ်ခြေစစ်ပွဲ ကစားရဖို့ ရှိနေပါတယ်။ ဒါပေမယ့်လည်း နော့ဝှစ်ချ်ကလည်း ခြေစွမ်းတည်ငြိမ်မှုအားနည်းပြီး ခံစစ်မတည်ငြိမ်သလို ကက်ပီတယ်ဝမ်းဖလားကြောင့် ပွဲပန်းလာဖို့ရှိနေတယ်။ ကစားသမား အင်အားပိုတောင့်တင်းတဲ့ ဆောက်သမ်တန်နိုင်ပွဲစရမယ်။

**ဆွမ်ဆီး - မန်ယူ** — ည ၉း၃၀ (၃၀-၈-၁၅)

ဒီပွဲမတိုင်ခင်မှာမန်ယူဟာ ချန်ပီယံလိဂ်ခြေစစ်ပွဲကစားခဲ့ရမှာ ဖြစ်ပေမယ့်ပထမအကျော့ နှစ်ဂိုးအသာနဲ့ အနိုင်ရထားမှုအရ ဒီပွဲအတွက် ခြေချန်လာနိုင်ပါတယ်။ အထူးသဖြင့် မန်ယူဟာ ပြီးခဲ့တဲ့ နှစ်ရာသီစလုံး ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရတဲ့ဆွမ်ဆီးကို ပေါ့ပေါ့တန်တန် သဘောမထားဘဲအားစိုက်ကစားမှာ သေချာတယ်။ ဆွမ်ဆီးက လတ်တလောမှာရလဒ်ကောင်းပြီးခြေစွမ်းပြနေပေမယ့် ခံစစ်ပိုင်းအနည်းငယ်အားနည်းတာကို သတိပြုရဖို့ရှိသလို ကက်ပီတယ်ဝမ်းဖလားကြောင့်လည်းပွဲပန်းလာနိုင်တာသတိပြုရမယ်။ မန်ယူအခက်အခဲကြားက ကပ်ပြီးနိုင်မယ်။

**ရှိုင်းမင်းမင်း**

# စက်လှေပေါ်မှ ကန့်သတ်ကုန်ဘီယာများနှင့် အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**မြိတ် ဩဂုတ် ၂၆**

မြိတ်ကုန်သွယ်ရေးစခန်းနယ်မြေတွင် ကုန်ပစ္စည်းများ တင်ဆောင်လာသည့် လှေအချို့သည် ကော့သောင်း Mobile Team သို့ ဝင်ရောက်စစ်ဆေးမခံဘဲ တရားမဝင်ပစ္စည်းများတင်ဆောင်၍လည်းကောင်း၊ တရားဝင်ပစ္စည်းများနှင့် ရောနှော၍ တရားမဝင်ပစ္စည်းများ တင်ဆောင်၍လည်းကောင်း မြိတ်မြို့သို့ ဝင်ရောက်လျက်ရှိကြောင်း သတင်းအရ ဩဂုတ် ၁၂ ရက်က မြိတ်မြို့မှ ၁၂ မိုင်ခန့်အကွာ ကျွဲကူးကျောက်ဖျာမြစ်အတွင်းရှိ ဖိုးလမင်းကုမ္ပဏီလီမိတက်ပိုင် ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော အောင်စိန်မြတ်စက်လှေအား ဩဂုတ် ၁၃ ရက်တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပါဝင်သည့်အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးခဲ့ရာ အောင်စိန်မြတ်စက်လှေပေါ်မှ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် မလေးရှားနိုင်ငံထုတ် စားဆီ (Star Oil) (1× 18 L) (16.2 Kg) ၂၄၀၈ ပုံး၊ ကန့်သတ်ကုန် Beer Chang (1×330 ml) (1×24) ၅၀၀ ပါကင်၊ Singha Beer (1×330 ml) (1×24) ၅၀၀ ပါကင်တို့အား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်သိမ်းဆည်းခဲ့ပြီး တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများနှင့် ကန့်သတ်ကုန်ပစ္စည်းများတင်ဆောင်လာသော အောင်စိန်မြတ်စက်လှေအား အကောက်ခွန်အမှုတွဲဖွင့်လှစ်သိမ်းဆည်းခဲ့သည်။

အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများနှင့် စက်လှေတို့အား အကောက်ခွန်အမှုတွဲလေးမှုဖြင့် ဩဂုတ် ၂၁ ရက်တွင် အမှုဖွင့်လှစ်၍ မြိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး အောင်စိန်မြတ်စက်လှေ၏ တာဝန်ရှိသူ ဦးအောင်ဟိန်းထက်နှင့် ပဲ့နင်း ဦးဇော်ဇော်လတ်တို့အား မြိတ်မြို့ မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# မူဆယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၈၄ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်နှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂)နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် ဘုန်းကြီးကျောင်းအနီးလမ်းမပေါ်တွင် စွမ်စော်ရပ်ကွက်မှ ဆိုင်ကယ်စီးလာသူ ရင်ရုံးကျဲ့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၈၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(ယာပုံ)**

အလားတူ မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက်က ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မြတ်ကိုဦး (ခ)မြတ်ကို၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၀၀၉ ကီလို၊ ဘိန်းဖြူ ဆပ်ပြာခွက် နှစ်ခွက် (စုစုပေါင်းဘိန်းဖြူအလေးချိန် သုည ဒသမ ၀၃၂၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ငွေကျပ်သုံးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# အင်းစိန်မြို့နယ်တွင် လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဩဂုတ် ၂၆**

အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက်က ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်းမှ ကျောက်ချဉ်ကန်လမ်းသို့ ပြေးလာသည့် အမျိုးသားတစ်ဦးမှာ ယင်းနေရာအရောက် လဲကျသွားပြီး ဝဲရင်အုံနှင့် ဝဲနံစောင်း၊ ယာလက်မောင်းတို့တွင် ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိ၍ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ပေးကြောင်း၊ ဆက်လက်စစ်ဆေးရာ ၎င်းမှာ ညောင်တုန်းမြို့နယ်နေ သက်နိုင်ထွန်း (၃၄)နှစ် ဖြစ်ကြောင်း သိရပြီး သေဆုံးသွားသဖြင့် အင်းစိန်မြို့မရဲစခန်းက (ပ)၉၆၇/၂၀၁၅၊ ပြစ်မှု ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ် ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်းရှိ နေအိမ်တွင် သေဆုံးသူ ကရင်(ခ)သက်နိုင်ထွန်းနှင့် သန်လျင်မြို့နယ် ထမလုံကျေးရွာနေ ဇော်လေး (ခ) အောင်ဇော်လင်းတို့ ခိုက်ရန်ဖြစ်ပွားခဲ့သည်ကို စုံစမ်းသိရသဖြင့် ဇော်လေး(ခ)အောင်ဇော်လင်းအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၃ ရက် နံနက်တွင် တာမွေမြို့နယ် မလွှကုန်း ဒွေးကြွယ် (က)ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဇော်လေး(ခ)အောင်ဇော်လင်းအား စစ်ဆေးရာ ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်းရှိနေအိမ်သို့ သွားရောက်လည်ပတ်စဉ် ဩဂုတ် ၁၃ ရက် ညပိုင်းတွင် သက်နိုင်ထွန်းက ၎င်းအား ခြိမ်းခြောက်ပြောဆိုခဲ့ပြီး ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင် ၎င်းတည်းခိုနေထိုင်သော ထနီးလမ်းရှိ နေအိမ်မှ ထွက်ခွာစဉ် ရန်စခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားခဲ့ရာမှ သက်နိုင်ထွန်းအား ကတ်ကြေးဖြင့် ထိုးခဲ့ပြီး တိမ်းရှောင်လာကာ ကတ်ကြေးအား အောင်ဇေယျတံတားပေါ်မှ ရေထဲသို့ လွှင့်ပစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဇော်လေး(ခ)အောင်ဇော်လင်းအား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လှူပ်ရှား-၂ (ညောင်ခါးရှည်) Mobile Team မှ ဘီယာမျိုးစုံအား အကောက်ခွန်အမှုတွဲဖွင့်သိမ်းဆည်း

**ညောင်ခါးရှည် ဩဂုတ် ၂၆**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် လှုပ်ရှား-၂(ညောင်ခါးရှည်) Mobile Team သည် မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ တရားမဝင်ကုန်သွယ်မှုများအား စစ်ဆေးတားဆီးဆောင်ရွက်လျက်ရှိပြီး အများပြည်သူစားသုံးရန်/သုံးစွဲရန်မသင့်သော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား ဖျက်ဆီးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဩဂုတ် ၉ ရက်မှ ၁၅ရက်အတွင်း သိမ်းဆည်းရမိထားသော ဘီယာမျိုးစုံအား အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းခဲ့ပြီး ဘီယာမျိုးစုံ ၉၄၅ ဖာ (ဘူး ၂၂၆၈၀) အား လှုပ်ရှား-၂ (ညောင်ခါးရှည်) Mobile Team အခြေပြုစစ်ဆေးသည့် နေရာအနီး၌ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်သည်များအသင်းနှင့် သတင်းမီဒီယာတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဩဂုတ် ၁၁ရက်က ယန္တရားစက်ဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**



# ထော်လာဂျီယာဉ်ပေါ်မှ မြွေမျိုးစုံသိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၂၆**

နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြု၍ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသော ဌာနစုံပါဝင်သည့် Mobile Team အဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၁ နာရီခန့်က စစ်ဆေးရေးဂိတ်အနီး မြောက်ဘက်ကွင်းလမ်း၌ ပူးပေါင်းစစ်ဆင်ရေး အဖွဲ့မှ သွားရောက်စစ်ဆေးရာ ထော်လာဂျီယာဉ်တစ်စီးပေါ်တွင် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းချမည့် ခြင်းများ၊ အိတ်များဖြင့် ထည့်ထားသော မြွေမျိုးစုံကို သိမ်းဆည်းရမိခဲ့သည်။

မြွေပွေး၊ မြွေဟောက်၊ လင်းမြွေစသည့်မြွေများအား တစ်ဖက်နိုင်ငံနယ်စပ်မြို့၌ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

❒

# ကျောက်ပုံအားတိုက်မိ၍ ဆိုင်ကယ်မောင်းသူသေဆုံး

**နေပြည်တော် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် မူဆယ်မြို့နယ် မူဆယ်-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၂၅၉/၆-၇)ကြားတွင် ဩဂုတ် ၂၄ ရက် မွန်းလွဲ၂ နာရီခွဲခန့်က ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က လားရှိုးမှ မူဆယ်သို့ နမ့်အွမ်ကျေးရွာနေ ဝဏ္ဏ(၃၀)နှစ် မောင်းနှင်လာသော ရင်ဇင်း 110 ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ ကျောက်ပုံအား ဝင်တိုက်မိပြီး ဝဏ္ဏတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ၎င်းအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ပေ ၃၀၀ ခန့်ရှိချောက်ထဲသို့ ထိုးကျတိမ်းမှောက်

**နေပြည်တော် ဩဂုတ် ၂၆**

မင်းတပ်မြို့မှ မတူပီမြို့သို့ မင်းတပ်မြို့ ဘဝသစ်ရပ်ကွက်နေ ဦးမင်းဟာလိန်း (၃၅)နှစ်မောင်းနှင်ပြီး အနောက်ရပ်ကွက်နေ ဦးမေဟာ(၄၀)နှစ်လိုက်ပါလာသော Ford ယာဉ်သည် ဩဂုတ် ၂၃ ရက်က မင်းတပ်-မတူပီကားလမ်း မိုင်တိုင်အမှတ် (၆၃/၆-၇)ကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ပေ ၃၀၀ အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ဦးမေဟာတွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးကြောင်း သိရသည်။

**(ကြေးမုံ)**



## ဆားလင်းကြီးမြို့အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်

**ဆားလင်းကြီး ဩဂုတ် ၂၆**

ဆားလင်းကြီးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၆)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းရှိ ခန်းမဆောင်တွင် ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန်းနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသူများ အနေဖြင့် သင်တန်းကျောင်းမှ သင်ကြားပို့ချပေးသော စာတွေ့၊ လက်တွေ့သင်ခန်းစာများကို ဂရုပြုလိုက်နာဆောင်ရွက်ရန်၊ သင်တန်းကသင်ကြားပို့ချပေးသော အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် မိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ ပြန်လည်အသုံးချသွားနိုင်ရန်၊ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သည့် အမျိုးသမီးလေးများဖြစ်လာစေရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းများတွင် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၄၉ ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၅၅ ဦး စုစုပေါင်း ၁၀၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဥမ္မာခိုင်** (Iprd)

# မှော်ဘီမြို့နယ်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း ၉၀ ရာခိုင်နှုန်းပြီးစီး



**ရန်ကုန် ဩဂုတ် ၂၆**

မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံမှရေပိုက်လိုင်းများ၊ ရေစုကန်နှင့် ရေဘားများ သွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ ရေသန့်သုံးစွဲလိုသူ ပြည်သူများအား ရေမီတာတပ်ဆင်ခြင်းကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ဩဂုတ် ၂၅ရက်မှ စတင်လျှောက်ထားနိုင်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (ရေနှင့်သန့်ရှင်းမှု) အင်ဂျင်နီယာဌာနသည် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်မှ ပြည်သူများ သန့်ရှင်းသော ရေသန့်သောက်သုံးခွင့်ရရှိအောင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံမှရေပိုက်လိုင်းများ၊ ရေစုကန်နှင့်ရေဘားများ သွယ်တန်း တည်ဆောက်ခြင်းလုပ်ငန်းများကို မေလ ပထမပတ်အတွင်းမှ စတင်တည်ဆောက်ခဲ့သည်။

"အခုလောလောဆယ်မှာတော့ ကျွန်တော်တို့က ရေပိုင်လိုင်းများအားလုံး သွယ်တန်းမှုအဆင့်ဆင့်ပြီးစီးသွားပါပြီ။ ရေပေးဝေမှုအဆင်သင့်ဖြစ်နေတဲ့ အမှတ် ၂၊ ၅၊ ၆ ရပ်ကွက်က ပြည်သူတွေကို အိမ်ထောင်စုစာရင်း မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ မြေဂရန်မိတ္တူနှင့်ရေမီတာဖိုး ကုန်ကျငွေကျပ် ၁၀၅၀၀၀ ကို စိစစ်လက်ခံပြီးရေပေးဝေသွားမှာပါ။

"ကျန်ရှိရပ်ကွက်များဖြစ်တဲ့ အမှတ် ၁၊ ၃၊ ၇၊ ၈၊ ၁၀၊ ၁၂၊ ၁၃၊ ၁၉၊ ၂၀ တွေကတော့ လုပ်ငန်းဆောင်ရွက်မှုအပိုင်း အနည်းငယ်ကျန်ရှိနေသေးတဲ့အတွက် မကြာမီအချိန်အတွင်းမှာ ရရှိကြမှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသိန်းနိုင်ကပြောသည်။

ရွှေပြည်သာမြို့နယ်သည် ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်ရှိပြီး ပြည်သူအများစုမှာ အဝီစိရေကိုသာ သုံးစွဲခဲ့သည်မှာ အနှစ် ၂၀ ကျော်ကြာမြင့်ခဲ့ပြီး မြေအောက်အဝီစိတွင်းရေများသည် သံဓာတ်များပါဝင်သောကြောင့် သောက်သုံးရာတွင်ရေထဲ၌ သံဆီတက်ဝေခြင်း၊ ရေချိုးရာတွင်လည်း အသားအရေညိုမည်းခြင်း၊ အဝတ်အထည် လျှော်ဖွတ်ရာတွင်လည်း တောက်ပြောင်ဖြူစင်မှုနည်းခြင်း၊ အပေါက်အပြဲ အဆွေးအမြေ့မြန်ခြင်းများ ကြုံတွေ့ရကြောင်း ယင်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒေသခံတွေ အများစုက အဝီစိမှထွက်လာသောရေကို ကြားဖူးနာဝနည်းပညာများဖြစ်တဲ့ ဖွဲပြာ၊ သဲ၊ ကျောက်စရစ်ခဲ၊ မီးသွေးစတဲ့ ကြားခံများနဲ့ ရေစစ်ကန်လုပ်ကာ ရေသန့်အဖြစ်အသုံးပြုကြရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုအင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပေးသောရေသည် ဓာတ်ခွဲသန့်စင်ထားပြီးဖြစ်၍ အရည်အသွေးပြည့်မီသောရေကို အဆင်သင့်သုံးနိုင်သဖြင့် ပြည်သူများအသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းသည့် ရေသန့်ကို ရရှိမည်ဖြစ်ပြီး တစ်နေ့လျှင် ရေဂါလန် ၃ ဒသမ ၈၅ သန်းဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# ကိုယ့်မျိုးကိုယ်ပွား အသင့်ထားရှိနိုင်ရေး မျိုးစေ့ထုတ်နှင့် နည်းပညာများဖြန့်ဝေ

**မြိုင် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် တောင်သူများ စိုက်ပျိုးချိန်တွင် မျိုးဝယ်စရာမလိုဘဲ ကိုယ့်မျိုးကိုယ်ပွား အသင့်ထားရှိနိုင်ရန် ရေဆင်း(၃) အထူးအထွက်တိုးပုလဲသွယ်မျိုးစပါး ငါးဧကစာ မျိုးစေ့ထုပ်များကို မြိုင်မြို့နယ်အတွက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်နဲ့ ရေဆင်း(၃) ပုလဲသွယ်အထူးအထွက်တိုးစပါးမျိုး ငါးဧကစာမျိုးစေ့ထုပ်တွေ ကျွန်တော်တို့မြိုင်မြို့နယ်အတွက် ရရှိခဲ့ပါတယ်။ အဲဒီမျိုးစေ့တွေကို မြို့နယ်အတွင်း မြေသဘာဝချင်းမတူတဲ့ တောမကျေးရွာ၊ ကြက်မောက်ကျေးရွာ၊ ဆူးဝင်းကျေးရွာ၊ သက်ကယ်ကန်ကျေးရွာ၊ သန္တတ်ကျေးရွာစတဲ့ရွာငါးရွာမှာ တစ်ရွာတစ်ဧကစိုက်ပျိုးသွားမှာပါ။

"ပျိုးထောင်ချိန်ကစပြီး သိပ္ပံနည်းကျပေါင်းစနစ်နဲ့ ဌာနက ဝန်ထမ်းတွေက လက်တွေ့ပြသ ဆောင်ရွက်ပေးနေပါတယ်။ အခုလိုဆောင်ရွက်ခြင်းအားဖြင့် ရေဆင်း(၃) ပုလဲသွယ်အထွက်တိုးစပါးမျိုးဟာ ကျွန်တော်တို့မြို့နယ်ရဲ့ ရေ၊မြေ၊ သဘာဝနဲ့ ကိုက်ညီမှု ရှိ၊မရှိ သိနိုင်သလိုအထွက်နှုန်းနဲ့ဆန်စားသုံးမှုကအစ မှတ်တမ်းယူပြီး မျိုးကို ဆက်လက်ပြန့်ပွားထိန်းသိမ်းထားမှာ ဖြစ်ပါတယ်။

အခုလို ကိုယ့်မျိုးကိုယ်ပွားတဲ့ အလေ့အကျင့်တွေ တောင်သူတွေသိသွားရင် ကိုယ့်မျိုးကိုယ်ပွားထားခြင်းဖြင့် ၉၅ ရာခိုင်နှုန်း သန့်စင်ပြီး စိတ်ချရတဲ့မျိုးရရှိခြင်း၊ ကိုယ့်မှာ မျိုးအဆင်သင့်ရှိနေတဲ့အတွက် စိတ်ပူစရာမလိုခြင်း၊ ဈေးကြီးပေးမဝယ်ရခြင်း၊ မျိုးပြန်ရောင်းနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်" ဟု မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဦးက ရှင်းပြသည်။

**ဖေထွေးဇော်(ရေစကြို)**

## မကွေးမြို့တွင် ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဆင်း

**မကွေး ဩဂုတ် ၂၆**

မကွေးမြို့ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဦးဆောင် လမ်းညွှန်မှုဖြင့် စက်မှုသင်တန်းကျောင်းမှ သင်တန်းသား၊သင်တန်းသူများ ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဆင်းပွဲကို ဩဂုတ် ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းအား စနေ၊ တနင်္ဂနွေသင်တန်းကျောင်းပိတ်ရက်များတွင် မကွေးမြို့နယ် ကြက်ခြေနီအသင်းမှ သင်တန်းမှူး တပ်ရင်းမှူး မြင့်သိန်းနှင့် နည်းပြတပ်ခွဲမှူးလှဝင်း၊ တပ်ခွဲမှူးခိုင်သန်းဦး၊ တပ်ခွဲမှူးဝေဖြိုးအောင်၊ ဒုတပ်ခွဲမှူးစုမြတ်ယဉ်၊ ဒုတပ်ခွဲမှူးခင်သန်းဦးတို့ ခြောက်ဦးမှ တာဝန်ယူသင်တန်းပို့ခဲ့ကြောင်း သိရသည်။

"သင်တန်းကာလငါး ရက်အတွင်းမှာ အရိုးကျိုးခြင်း၊ အပူလောင်ခြင်း၊ မြွေကိုက်လူနာပြုစုခြင်း၊ ရေနစ်မေ့မျောသူပြုစုခြင်းစတဲ့ ရှေးဦးသူနာပြုစုခြင်း၊ အခြေခံနည်းတွေနဲ့ ကားနှင့်ပတ်သက်တဲ့ စက်ပြင်ယာဉ်မောင်းတွေ ထိခိုက်ရှနာမှုရှိခဲ့ရင် အခြေခံရှေးဦးသူနာပြုစုနည်းနှင့် ကုသနိုင်အောင် သင်တန်းပို့ချပေးခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးမြင့်သိန်းက ပြောသည်။

မကွေးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ယခုနှစ် ဇူလိုင်လအတွင်းတွင် မကွေးမြို့ပေါ်ရှိ အထက (၁)၊ အ-ထ-က (၃)၊ အထက (၄) ကျောင်းများနှင့် ဗောင်းတော်ဦးကျေးရွာတို့တွင် အခြေခံရှေးဦးသူနာပြုသင်တန်းများကို ပို့ချပေးနိုင်ခဲ့ပြီး ယခု စက်မှုသင်တန်းကျောင်း(၂)တွင် သင်တန်းငါးနေရာ သင်ကြားပို့ချပေးခဲ့ကြောင်း ၎င်းက ဆက်လက် ပြောသည်။

"ကျွန်မတို့သင်တန်းကျောင်းက မြို့နဲ့အလှမ်းဝေးတော့ သင်တန်းသား၊ သင်တန်းသူတွေကို ကျန်းမာရေးဗဟုသုတတွေ၊ ရှေးဦးသူနာပြုစုခြင်း ဗဟုသုတတွေကို သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ သင်တန်းဖွင့်လှစ်ခဲ့တာပါ။ သင်တန်းမှာ စစ်ရေးပြနည်းစနစ်တွေကိုလည်း သင်ကြားပို့ချပေးတော့ သင်တန်းတက်ရောက်သူအတွက် အဆင်ပြေပါတယ်" ဟု စက်မှုသင်တန်းကျောင်း(မကွေး)မှ ကျောင်းသားရေးရာဌာနမှူး ဒေါ်ချယ်ရီထွန်းက ပြောသည်။

ယခု သင်တန်းဆင်းပွဲကို စက်မှုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး(မကွေး)နှင့် သင်တန်းသား၊ သင်တန်းသူ ၈၇ ဦးနှင့်နည်းပြအဖွဲ့ဝင်များ တက်ရောက်ကာ သင်တန်းကာလတွင် ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုသုံးဆုနှင့်နည်းပြအဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရ သည်။

**ကိုကျော်(မင်းဘူး)**

## လူကုန်ကူးမှုပပျောက်ရေးအတွက် ဟောပြော

**တာချီလိတ် ဩဂုတ် ၂၆**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှုပပျောက်ရေးနှင့် မှုခင်းလျော့ပါးစေရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ယာယီရဲမှူးရင်ရင်အေးက ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားဖော်ထုတ်ခဲ့သော လူကုန်ကူးမှု မှုခင်းဖြစ်စဉ်များ၊ လူပျောက်တိုင်တန်းမှုကိစ္စများမှ စိစစ်သိရှိခဲ့သည့် ဖြစ်စဉ်များနှင့် လူကုန်ကူး၊ လူမှောင်ခိုဆိုင်ရာများကို ဟောပြောခဲ့သည်။

မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးကျော်သန်းက ပြစ်မှုဆိုင်ရာများ၊ မှုခင်းဖြစ်ပွားပါက လူမှုရေးအသိစိတ်ဖြင့် ပူးပေါင်းပါဝင်ကူညီရေးနှင့် ဖြစ်ပွားဖော်ထုတ်ခဲ့သော မှုခင်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ပေးမှုများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်လှဘုန်းက လူကုန်ကူးမှုအင်္ဂါရပ်သုံးချက်နှင့်စပ်လျဉ်းသည့်ဖြစ်စဉ်များ၊ လူမှောင်ခိုမှုနှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ-၂၆ နှင့် စပ်လျဉ်း၍ သိကောင်းစရာများကို အသီးသီးအသိပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီးဦးလှဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၃၀ ကျော် တက်ရောက်ခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အခြားကျောင်းများတွင် အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## ကော့သောင်း Mobile Team အဖွဲ့ စဉ်ဆက်မပြတ် ကွင်းဆင်းကြပ်မတ်

**ကော့သောင်း ဩဂုတ် ၂၆**

မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့ ပါချန်ပင်လယ်ရေပြင်နယ်စပ် Boder Line တစ်လျှောက် ရှောင်တခင် စစ်ဆေးခြင်းလုပ်ငန်းများအား ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများအဖြစ် ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့သည် ပါချန်မြစ်အတွင်း ခုတ်မောင်းသွားလာလျက်ရှိသည့် ပင်လယ်ငါးဖမ်းလှေများ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာမည့်ငါးလှေများ၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့်ငါးဖမ်းလှေများ၊ သွင်းကုန်ပစ္စည်းများတင်ဆောင်၍ ပြည်ပသို့ ထွက်ခွာမည့်ပြည်တွင်းရေကြောင်းသွား ကုန်တင်သင်္ဘောကြီးများအား သတ်မှတ်စည်းကမ်းစည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ နှစ်နိုင်ငံနယ်စပ်ပင်လယ်ပြင် မြန်မာ့ရေပိုင်နက်အတွင်း စဉ်ဆက်မပြတ် ကွင်းဆင်းကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့မှ စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေး၊ ပို့ကုန်လုပ်ငန်းနှင့် သွင်းကုန်လုပ်ငန်းကဏ္ဍ နှစ်ရပ်လုံးနှင့်ပတ်သက်၍ နိုင်ငံတော် ဝင်ငွေ အခွန်အခ တိုးတက်ရရှိလာရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**ကျော်စိုး(ကော့သောင်း ပြန်/ဆက်)**

# မြန်အောင်ရေကာတာအခြေအနေ စိုးရိမ်စရာ မရှိကြောင်း ဆည်မြောင်းဦးစီးဌာနပြောကြား

**မြန်အောင် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မြန်အောင်ရေကာတာအခြေအနေမှာ လက်ရှိအနေအထားအရ စိုးရိမ်စရာ မရှိတော့ကြောင်း ဩဂုတ် ၂၃ ရက်က မြန်အောင်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇော်ဇော်က ပြောသည်။

လွန်ခဲ့သည့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၆ ရက်အထိ ဧရာဝတီမြစ်ရေအမြင့်ဆုံးစံချိန်တင်မြင့်တက်ခဲ့ရာ မြန်အောင်ရေကာတာ၏ ရွှေကျင်ကျေးရွာအုပ်စု ငါးဘတ်ချောင်းကျေးရွာရှေ့ ရေကာတာမှာ ရေကျော်မည့်အခြေအနေထိဖြစ်ခဲ့သဖြင့် တားဆီးကာကွယ်မှုများကို ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံများစုပေါင်း၍ကာကွယ်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ လာမည့်စက်တင်ဘာလတွင်လည်း မြစ်ရေတက်လာနိုင်သည်ဟု ခန့်မှန်းထားသောကြောင့် ဩဂုတ်လ မြစ်ရေအမြင့်ဆုံးတက်ခဲ့စဉ်က တားဆီးကာကွယ်ခဲ့သော သဲအိတ်များကို စနစ်တကျဖြစ်အောင်ပြန်လည်ပြုပြင်ခြင်း၊ နေပူဒဏ် မိုးဒဏ်ခံနိုင်အောင် ဖြက် ၅ ပေ ဒု ၅ ပေအထိဖြစ်အောင် စီမံဆောင်ရွက်ထားကြောင်း၊ လာမည့်နွေရာသီတွင်လည်း ရေကာတာအား လက်ရှိအမြင့်ထက် ငါးပေမြှင့်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်တွင် လမ်းညွှန်ထားသဖြင့် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ခန့်မှန်းတွက်ချက်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ ဦးမျိုးဇော်ဇော်က ပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လ မြစ်ရေကြီးမှုတွင် ငါးဘတ်ချောင်းရှိ မြန်အောင်ရေကာတာကျိုးပေါက်သည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်သဖြင့် ရွှေကျင်ကျေးရွာအုပ်စုအတွင်းရှိ အချို့ကျေးရွာများမှာ ကုန်းမြင့်ရာနေရာဖြစ်သော ထူကျေးရွာအုပ်စုသို့ ခေတ္တပြောင်းရွှေ့ခဲ့ကြကြောင်း၊ ထူကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများတွင် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိခဲ့ရကြောင်း၊ ဩဂုတ် ၇ ရက်တွင် မြစ်ရေပြန်ကျသွားသဖြင့် ဒေသခံများ ရေဘေးရှောင်စခန်းများမှ ယင်းတို့နေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ရောက်ရှိပြီး လုပ်ငန်းများပုံမှန်ပြန်လည် လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ဒေါင်းကျကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မြန်အောင်ရေကာတာမှာ ကြံခင်းမြို့နယ် တိုက်ကြီးကျေးရွာမှ စတင်ကာ အင်္ဂပူမြို့နယ် လူတော်စုကျေးရွာတွင်ဆုံးပြီး အရှည်မိုင် ၄၈ မိုင် ၆ ဖာလုံရှိကြောင်း၊ ၎င်းရေကာတာပိုင်းအားလုံးကို မြစ်ရေကြီးစဉ်ကာလက ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံများစုပေါင်း၍ ကာကွယ်စောင့်ရှောက်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ရေသည် တစ်နှစ်လျှင် သုံးကြိမ်တက်လေ့ရှိကြောင်း၊ ပထမမြစ်ရေတက်သည့်လမှာ ဇွန်လ၊ ဒုတိယမြစ်ရေတက်သည့်လမှာ ဇူလိုင်လနှင့် ဩဂုတ်လဖြစ်ပြီး ယခုနှစ်တွင် စိုးရိမ်ရေမှတ်ထက်ကျော်လွန်သွားခဲ့ကြောင်း၊ တတိယမြစ်ရေတက်သည့်လမှာ စက်တင်ဘာလတို့ဖြစ်ပြီး ဒုတိယမြစ်ရေတက်စဉ်ကာလက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဒေသခံများနှင့်စုပေါင်း ကာကွယ်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း၊ လာမည့် စက်တင်ဘာလရေအားလည်း ကြိုတင်ကာကွယ်မှုများပြုလုပ်ထားပြီး ဖြစ်သဖြင့်ဒေသခံများအနေဖြင့် စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းဦးစီးဌာနမှ ဦးမျိုးဇော်ဇော်က ပြောကြားခဲ့သည်။

**နေဝင်းဇော်(မြန်အောင်)**



## ကျေးလက်တစ်ခွင်ဝယ်လိုအားကောင်း၍စောင်ရောင်းသူများအဆင်ပြေ

**ရေတာရှည် ဩဂုတ် ၂၆**

ကျေးလက်ဒေသများမှ ဆောင်းရာသီကာလအတွက် စောင်မျိုးစုံနှင့်ခြင်ထောင်များ ဝယ်လိုအား ကောင်းနေသည့်အတွက် လူငယ်အများစုသည် ဆိုင်ကယ်များဖြင့်တင်၍ ဒေသအနှံ့အပြားကို လိုက်လံရောင်းချကာ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်က အရင်တုန်းက ဆိုင်ကယ်ပြင်ဆိုင်မှာ လုပ်တာ ဝင်ငွေကသိပ်မကောင်းဘူး နောက်ပိုင်းကျတော့ သူငယ်ချင်းတွေကပြောတယ်။ ကော်မရှင်စားနဲ့စောင်ရောင်းရင် တွက်ခြေကိုက်တယ်။ လုပ်ကြည့်ပါလားလို့ ပြောတော့ စမ်းပြီးလိုက်ရောင်းတာ မဆိုးဘူး။ တွက်ခြေကိုက်တာနဲ့ ခုထိ ဒီအလုပ်ကိုပဲလုပ်ဖြစ်တော့တယ်”ဟု တောင်ငူမြို့မှ စောင်ရောင်းချသူတစ်ဦးက ပြောသည်။

ကျေးရွာများတွင်လိုက်လံရောင်းချရာ၌ အရောင်းအသွေးလှပခြင်း၊ ဈေးနှုန်းသက်သာခြင်းနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူများက ပို၍ရောင်းချရကြောင်း အဆိုပါ စောင်ရောင်းသူကပင် ဆက်၍ပြောသည်။

“ကျွန်မတို့အရင်တစ်ခေါက်က ခြင်ထောင်တစ်လုံးရယ် စောင်ငါးထည်ရယ်အားလုံးပေါင်းမှ နှစ်သောင်းခွဲပဲကျတယ်။ ဝယ်ထားလိုက်တာ ငွေလိုရင်လည်းသူတို့ကရတယ်။ နောက်တစ်ခေါက်မှ လိုတာပေးလို့ပြောတယ်။ စောင်တွေကရှိပေမယ့် ဆောင်းတွင်ကျရင် ကိုယ့်အိမ်ကိုဧည့်သည်လာရင် မျက်နှာမငယ်ရအောင်လို့ပါ” ဟု စောင်ဝယ်ယူရခြင်းနှင့် ပတ်သက်ပြီး ကျေးလက်ဒေသခံတစ်ဦးကပြောသည်။

ဈေးကွက်တွင် လိုက်လံရောင်းချသည့် စောင်များမှာ တရုတ်နိုင်ငံထုတ်နှင့် ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်သည့်ပစ္စည်းများဖြစ်ကာ ထုတ်လုပ်မှုက ပိုမိုများပြားလာသည့်အတွက် စောင်အရောင်းဆိုင်များကတစ်ဆင့် ရောင်းချသူများအား ကော်မရှင်စားဖြင့် ပြန်လည်ဖြန့်ဖြူးပေးပြီး ခေါက်ပြန်ပေးစနစ်ဖြင့်ရောင်းချခြင်းဖြစ်ရာ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်နေခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူသူများ မြစိမ်းရောင် ထောက်ပံ့မှုကြောင့်အဆင်ပြေ



**မလှိုင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာမှ တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူသူများ မြစိမ်းရောင် စီမံကိန်း (အသားကဏ္ဍ) ၏ ထောက်ပံ့ပေးမှုကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရွှေစုခင်ကျေးရွာမှ ဒေသခံပြည်သူအများစုမှာ မိရိုးဖလာ တောင်သူလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသော်လည်း မိသားစုအပိုဝင်ငွေရရှိစေရန် ဒေသခံအများစုမှာ ဆိတ်မွေးမြူရေးကိုလုပ်ကိုင်လျက်ရှိသည်။

“တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်တာခြင်းအတူတူ ဆိတ်မွေးတာက ကိုယ့်အတွက် ပိုကျန်တယ်လေ။ ဆိတ်မတမ်းမတစ်ကောင်ကို လေးသောင်းခွဲကနေ ငါးသောင်းအထိ ရောင်းရပါတယ်။ တစ်နှစ်ကိုနှစ်သား အနည်းဆုံးကျပါတယ်။ မျိုးကောင်းတဲ့ ဆိတ်မျိုးဆို နှစ်သားနဲ့ တစ်ဗိုက်လို့တောင် ပြောလို့ရပါတယ်” ဟု ဒေသခံ ဆိတ်မွေးမြူသူတစ်ဦးက ပြောပြသည်။

အဆိုပါကျေးရွာအပါအဝင် သဘွတ်ကုန်းကျေးရွာအုပ်စုရှိ ခုနစ်ရွာအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစီအစဉ်ဖြင့်မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆိတ်မွေးမြူရေး တိုးတက်မွေးမြူနိုင်ရန်နှင့် တစ်ပိုင်တစ်နိုင်မှသည် တစ်ရွာထုတ်ကုန်တစ်မျိုးအထိ ထုတ်လုပ်သွားနိုင်ရန် အတွက် ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးပြီး မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာများအဖြစ် ထူထောင်ပေးလျက်ရှိရာ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**

## မိုးခေါင်ရေရှားဒေသများတွင် တောင်သူပညာပေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ရေနံချောင်း ဩဂုတ် ၂၆**

ရေနံချောင်းမြို့နယ်ရှိ မိုးခေါင်ရေရှားသောဒေသများတွင် တောင်သူပညာပေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၂ ရက်က ချိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သီးနှံမျိုးစုံစိုက်ပျိုးရေးစနစ်နှင့်ပုံစံများ၊ နှမ်း၊ မြေပဲ၊ နေကြာစိုက်ပျိုးနည်းများ၊ ဆီထွက်သီးနှံများတွင်ကျရောက်သော ပိုးမွှားများနှင့် ကာကွယ်နည်းများ၊ ပဲမျိုးစုံစိုက်ပျိုးနည်းများ၊ ပဲမျိုးစုံတွင်ကျရောက်သော ပိုးမွှားများနှင့် ကာကွယ်နှိမ်နှင်းနည်းများအကြောင်း၊ သီးနှံများတွင်ကျရောက်တတ်သော ရောဂါများအကြောင်းနှင့် နှစ်ရှည်သီးနှံပင်များအကြောင်းတို့ကို စုံလင်စွာ ဆွေးနွေးခဲ့ကြသည်။

သင်တန်းတွင် ချိုင်းဒေသခံတောင်သူတစ်ဦးက “အရင်ကတော့ မိဘအစဉ်အဆက်စိုက်ခဲ့တဲ့မျိုးပဲစိုက်တာပေါ့ ပိုးသတ်ဆေးဆိုလည်း ကုမ္ပဏီတွေကလာရောင်းတာကို ဝယ်ပြီးအပင်တွေကိုဖျန်းလိုက်တာပဲ။ အခုလို ပိုးသတ်ဆေးဖျန်းလို့ဖြစ်လာတဲ့အန္တရာယ်တွေ မသိဘူးလေ။ ဒီနေ့သင်တန်းမှာ သင်လိုက်တာစုံလို့ပါဗျာ။ အထွက်ကောင်းဖို့ မျိုးပြောင်း၊ မြေပြင်ရတာတွေ၊ ပိုးသတ်ဆေးဖိုးတစ်သိန်းကျော်ကုန်ဖို့မလိုဘဲ သဘာဝနည်းတွေနဲ့ ပိုးမွှားရောဂါတွေကို ကာကွယ်တတ်ပြီ၊ ပိုးသတ်ဆေးဆိုလည်း ကောင်းကောင်းရွေးဝယ် တတ်လာတယ်။ တကယ်ကောင်းတဲ့ သင်တန်းတစ်ခုပါ” ဟု ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် တောင်သူ ၅၀ တက်ရောက် ဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာနကလည်း လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြသည်။ ရေနံချောင်းမြို့နယ်တွင် တောင်သူပညာပေးသင်တန်းများကို ချိုင်းကျေးရွာအပြင် ပင်းဝ၊ထိန်ချောင်း၊ဘဲဆိပ်၊ကန်ကြီး၊ ကုန်းအိုင်၊ ရုံးကုန်း၊ နတ်ကန်ဦး၊ကုက္ကိုခွနှင့် လေးတိုင်စင်ကျေးရွာတို့တွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

**မြို့နယ်ပြန်/ဆက်**

## တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့ မိုင်းတွမ်းတောင်ပေါ်ကျေးရွာဒေသများ၌ အခမဲ့ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်

**ပူနားကို ဩဂုတ် ၂၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ် ကျေးရွာဒေသအုပ်စု ပူနားကိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံတိုင်းရင်းသား ပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလရှဲန်၊ မိုင်းဆတ်မြို့ အမှတ်(၁၄)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သူရလှမင်းနှင့် တပ်မတော်အရာရှိများ၊ နိုင်ငံရေးပါတီများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ဗျူဟာ (အခြေချ) တာချီလိတ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်မင်းထွန်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျန်းမာရေးအသိပညာပေး သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြသည်။

ယင်းနောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆရာဝန်များက မိုင်းတွမ်းတောင်ပေါ် ကျေးရွာဒေသအုပ်စုမှ အထွေထွေရောဂါဝေဒနာရှင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၄၀ နှင့် ကလေး ၂၆ ဦးတို့အား စစ်ဆေးကုသပေးပြီး လိုအပ်သော ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# နှလုံးရောဂါအစ သောကဖွားခြင်းက

ကြည်လွင်မြင့် (မုဒြာ)

မိသားစုများ သင်္ဘောနစ်မြုပ်ရာတွင်ပါဝင်ပြီး အသက်ဆုံးရှုံးသွားသည့်သတင်းကို ကြားရပြီးနောက် ရင်ဘတ်ပေါ်တွင် လက်ဖြင့်ဖိပြီးလဲကျကာ သေဆုံးသွားသူလူကြီးတစ်ဦးကို ငယ်စဉ်က တွေ့ဖူးပါသည်။ လေသင်ခုန်းဖြတ်၊ နှလုံးရပ်ကာသေဆုံးသည်ဟု ပြောကြပါသည်။ ပြင်ပမှကြည့်လျှင် ဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ နှလုံးရပ်လျှင် သေဆုံးသွားနိုင်သည်ကို ငယ်စဉ်ကမြင်ဖူးခြင်းဖြစ်ပါသည်။

ဟဒယဝတ္ထုဟုခေါ်သော နှလုံးတွင် တစ်လက်ဆွမ်း(လက်ခုပ်တစ်ခုပ်စာ)မျှရှိသောသွေးသည် တည်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ လေ၏တွန်းအားဖြင့် စီးဆင်းလှည့်လည်နေသည်။ ထိုစီးဆင်းမှုအဟုန်ကို ခေတ်ကြီးလေးပါးတွင်ပါဝင်သော ဝါယောဓာတ်က သင့်တင့်မျှတသောအဟုန်ဖြင့် တွန်းပို့လျက်ရှိသည်။ စိတ်သောကတစ်ခုခုကြုံသောအခါ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်(စိတ္တဇဝါယော)သည် ရုတ်တရက် အရှိန်အဟုန်ပြင်းစွာဆောင့်တိုးသောကြောင့် သင်ခုန်းဓားနှင့် တိကန်ဖြတ်သကဲ့သို့ဖြတ်သောလေကို လေသင်ခုန်းဟုခေါ်ခြင်းဖြစ်သည်။

အနောက်တိုင်းဆေးပညာတွင်လည်း နှလုံးခုန်ကြိမ်ကို ဦးနှောက်မှထိန်းချုပ်လျက်ရှိသည်ဟု ဆိုသော်လည်း ဦးနှောက်အတွင်း သွေးကြောပေါက်၍ သတိလစ်မေ့မြောနေသူအချို့မှာ နှလုံးက ပုံမှန် အလုပ်လုပ်လျက်ရှိသည်ကို ထူးဆန်းစွာတွေ့ရသည်။ စိတ်သောကအပူလုံးရိုက်၍ နှလုံးရပ်သေဆုံးသွားသူမှာကား ဦးနှောက်ပါသေဆုံးသွားသည်ကို တွေ့ရသဖြင့် လူ့အသက်ရှင်ရေးအတွက် ဦးနှောက်ထက် နှလုံးကပို၍ အရေးကြီးသည်ဟု ဆိုရမလိုဖြစ်နေပေသည်။

အလုပ်တာဝန်များပြားသော အရာရှိကြီးတစ်ဦး၏ ဒူးနာရောဂါကိုကုပေးသည့်အခါ သူ့မှာအလုပ်ထဲမှ စိတ်သောကဖိစီးမှု Stress များကြောင့် ဒူးနာရောဂါကို မကုသနိုင်။ ဆေးခန်းသွားဖို့အချိန်မပေးနိုင်။ ဆေးကိုလည်း မှန်မှန်မလိမ်းနိုင်ရာမှ ပို၍ဆိုးသော ဒူးဆစ်ရောင်နာဖြစ်လာရသည်ကို တွေ့ရှိရပါသည်။

အလုပ်တာဝန်ဖိစီးသူ ဥပဒေပညာရှင်တစ်ဦးမှာလည်း ရှေ့ရင်လတ်နှင့်လက်ပြင်အောင့်ခြင်း၊ ခေါင်းငုံ့လျှင် မူးဝေခြင်းများကြောင့် နှလုံးရောဂါထင်ပြီး အထွေထွေရောဂါအထူးကုသမားတော်ကြီးနှင့် ပြသစစ်ဆေးသောအခါမှ နှလုံးရောဂါမဟုတ်ဘဲ ဇက်၊ လည်ပင်းရိုးဆစ်များ ကျီးပေါင်းတက်သည့် ရောဂါဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ နှလုံးရောဂါစစ်စစ်နှင့် နှလုံးရောဂါနှင့်ဆင်တူသော ရောဂါများကို ဆရာဝန်ကြီးများကိုယ်တိုင် စစ်ဆေးခြင်းအမျိုးမျိုးပြုလုပ်ပြီးမှသာ ရောဂါ ကောက်ချက်ချနိုင်သည်ကို တွေ့ရသည်။

နှလုံးရောဂါအစစ်များမှာ မွေးရာပါနှလုံးရောဂါနှင့် မွေးရာပါမဟုတ်သော အသက်ကြီးလာမှဖြစ်သည့် နှလုံးရောဂါဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် ဒုတိယအမျိုးအစားသည် မိမိ၏အနေအထိုင် အစားအသောက်၊ အပြုအမူ ချို့ယွင်းချက်တစ်ခုခုကြောင့် ရောဂါတစ်ခုဝင်လာပြီး နောက်ဆက်တွဲ အဖြစ် နှလုံးသို့ရောဂါရောက်ရှိကာ အသက်ရှူမဝခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ မောပန်းလွယ်ခြင်း၊ အလုပ်မလုပ်နိုင်ခြင်း၊ အပင်ပန်းမခံနိုင်ခြင်း၊ ညအိပ်မပျော်ခြင်း စသောရောဂါလက္ခဏာများ ပေါ်လာတော့သည်။ စိတ်ဖိစီးမှုသည်လည်း အနေအထိုင်နှင့်အပြုအမူ ချို့ယွင်းချက်ကဲ့သို့ပင် မိမိအပေါ်မူတည်သည်။ စိတ်ပင်ပန်းရမည့်အလုပ်၊ သောကပွားရမည့်အလုပ်များကို အစကပင် မရှောင်ရှားနိုင်ခဲ့သည်မှာ မိမိ၏အပြစ်ပင်ဖြစ်သည်။

အလုပ်တာဝန်များကြောင့် စားချိန်မမှန်၊ အိပ်ချိန်မမှန် သောကပွားရသူများသည် အသက်ငယ်စဉ်က ဒဏ်ခံနိုင်သော်လည်း အသက်လေးဆယ်ကျော်လာသောအခါ ဒဏ်မခံနိုင်ဖြစ်လာသည်ကိုတွေ့ရသည်။ လေးဆယ်ကျော်မှဘဝစသည်ဆိုခြင်းမှာ ဒုက္ခနှင့်သောကများကို မထမ်းပိုးနိုင်တော့သဖြင့် ရောဂါတစ်ခုခု ဝင်လာသော ဘဝ၏အစိတ်အပိုင်းကို ရောက်ရှိလာခြင်းဖြစ်မည်ထင်သည်။ အနောက်တိုင်းဆေးပညာတွင်လည်း ခန္ဓာကိုယ်မှ ဆဲလ်ကလာပ်စည်းများသည် အသက်လေးဆယ်ကျော်လာလျှင် ဖြစ်သည်ထက်ပျက်သည်က ပိုများလာသည်ဟု ဆိုသည်။

စိတ်ပညာ၏အခြေခံသဘောတရားများတွင် သိစိတ်နှင့်မသိစိတ်ဟူ၍ အခြေခံစိတ်နှစ်မျိုးရှိသည်။ ဗုဒ္ဓဘာသာတွင်ကား စိတ်တစ်ခုယုတ်ကိုးဆယ်ဟုဆိုသဖြင့် စိတ်အမျိုးပေါင်း (၈၉)မျိုးရှိသည်ဟုဆိုသည်။ အခြေခံစိတ်နှစ်မျိုးမှ သိစိတ်သည် တာဝန်ထမ်းဆောင်လိုသော်လည်း အခြားတစ်ဖက်မှ မသိစိတ်သည် ထိုတာဝန်များကို မထမ်းဆောင်ချင်တော့။ ဝန်ထုပ်ဝန်ပိုးများကို ပစ်ချလိုစိတ်ဖြစ်ပေါ်နေသည်။ ထိုစိတ်နှစ်မျိုး၏လွန်ဆွဲဆန့်ကျင်မှုကို ခံစားနေရသောလူသားသည် နှလုံးရောဂါဖြစ်လာရသည်။



တိုင်းရင်းဆေးပညာတွင် စိတ္တဇဝါယောဟူ၍ရှိသည်။ ဝါယောဓာတ်သည် နှလုံးမှသွေးများကို ခန္ဓာကိုယ်အနှံ့အပြားသို့ရောက်ရှိအောင် တွန်းပေးနေသောဓါတ်ဖြစ်သည်။ စိတ်လှုပ်ရှားမှုကြောင့် ဝါယောဓါတ်လွန်ကဲခြင်း၊ စိတ်ဓာတ်ကျခြင်းကြောင့် ဝါယောဓါတ်ယုတ်လျော့ခြင်းတို့ဖြစ်သောအခါ နှလုံးခုန်ကြိမ်များမှာလည်း စည်းဝါးမမှန် မြန်သည့်အခါမြန်၊ နှေးသည့်အခါနှေးနှင့် နှလုံးရောဂါဖြစ်လာတော့သည်။ ထိုသူသည် နှလုံးရောဂါကိုကုမည်ဆိုလျှင် စိတ်ကို အလျဉ်တည်ငြိမ်အောင် ကုသရမည်ဖြစ်သည်။ စိုးရိမ်သောက၊ ဗျာပါဒများကို လျှော့ချနိုင်မှသာ နှလုံးရောဂါသက်သာမည် ဖြစ်သည်။

'ရောဂါမှန်သမျှ အစာမကြေခြင်းမှစသည် . . .'ဟုဆိုသော ဆေးပညာစကားရှိသလို 'ရောဂါမှန်သမျှကြောက်စိတ်မှစသည်'ဟု လက်တွေ့ဆေးကုသနေသည့် ဆရာကြီးများကပြောသည့် စကားလည်းရှိသည်။ စိတ်ရောဂါမှန်သမျှတွင် ကြောက်စိတ်သည် နှလုံးကိုချက်ခြင်းဒုက္ခပေးနိုင်သော စိတ်ရောဂါဖြစ်သည်။

ဒေသနာနယဆေးပညာခေါ် ဗုဒ္ဓအဘိဓမ္မာကို အခြေခံသည့် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ စစ်စစ်တွင် ရောဂါရောက်ကြောင်း (ရောဂါဖြစ်ရခြင်း၏အခြေခံ)မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ . . . ဟု ဆိုခြင်းကြောင့် စိတ်သည် ဒုတိယထိပ်ဆုံးနေရာမှပါဝင်နေသည်ကို တွေ့ရပေသည်။ ဥတုနှင့် အာဟာရမှာ နောက်ကလိုက်သည်ကိုတွေ့ရသည်။

နှလုံးရောဂါသည် လက်သီးပုန်းရောဂါဖြစ်သည်ဟု နှလုံးအထူးကုဆရာဝန်ကြီးတစ်ဦးကဆိုသည်။ ယနေ့နံနက်ပင်တွေ့လိုက်သေးသည် ညနေတွင် ဆုံးရှာပြီဟူသောရောဂါမှာ နှလုံးရောဂါပင်ဖြစ်သည်။

လောဘ၊ဒေါသ၊ မောဟ အခြေခံသည့်စိတ်များနှင့် တည်ဆောက်ထားသည့်လူများသည် ရာထူး၊ ဂုဏ်ရှိန်၊ ဥစ္စာများအတွက် နေ့စဉ်နှင့်အမျှနှလုံးကို ထိခိုက်လျက်ရှိသည်ကို သတိပြုဆင်ခြင်ကြဖို့လိုပေသည်။ စိတ်ဖိစီးမှုများသာ နှလုံးရောဂါ၏ အခြေခံအကြောင်းတရားဖြစ်သည်ကို သတိပြုဆင်ခြင်နိုင်ရန် အကြံပြုတင်ပြလိုက်ရပါသည်။ ။




RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်အင်ဂျင်နှင့်အခြားအစိတ်အပိုင်းများတွင် အသုံးပြုသော အပိုပစ္စည်းများနှင့်
ပတ်သက်၍ **Myanmar Win Life Co.,Ltd** နှင့်အများသိစေရန်

RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်အင်ဂျင်နှင့် မော်တော်ယာဉ် အခြားအစိတ်အပိုင်းများတွင် အသုံးပြုသော Engin Mountain; Engin Bushing; Rear Engin Mountain;Insulator Engin Shock Absorber; Centre Bearing; Arm Bush; Suspension Bush; အစရှိသည့် မော်တော်ယာဉ်အင်ဂျင်နှင့်ဆက်စပ်အသုံးပြုရသော အဆင့်မြင့်ရော်ဘာပစ္စည်း အမျိုးစုံကို Golden Power Lamp Co.,Ltd က တရားဝင်တင်သွင်းလျက် မြန်မာနိုင်ငံဈေးကွက်တစ်ဝန်းလုံး ဖြန့်ချိရောင်းချနေပါသည်။

အဆိုပါ RBI ကုန်အမှတ်တံဆိပ်ပါပစ္စည်းများကို Myanmar Win Life Co.,Ltd. ၏အရောင်းပြခန်းဖြစ်သော ဘုရင့်နောင်ဈေးရှိ (Win Auto Parts)အရောင်းဆိုင်က တုပဖြန့်ချိရောင်းချနေခြင်းကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေကုမ္ပဏီက ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၃၇၈/၂၀၁၃)တွင်သီးခြားသက်သာခွင့် အက်ဥပဒေအရ ထာဝရတားဝရမ်း ရလိုကြောင်းနှင့်နစ်နာကြေးရလိုကြောင်း စွဲဆိုခဲ့ပါသည်။ အဆိုပါအမှုတွင် Myanmar Win Life Co.,Ltd.အပေါ် ထာဝရတားဝရမ်းအမိန့်ထုတ်ဆင့်ခဲ့ပြီး နစ်နာမှုလျော်ကြေးငွေ ကျပ်သိန်း(၄၀၀) ပေးလျော်စေရန် စီရင်ချက်နှင့် ဒီကရီကိုချမှတ်ခဲ့ရာ အဆိုပါစီရင်ချက်နှင့်ဒီကရီအပေါ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမပထမအယူခံမှု အမှတ်(၃၃၈/၂၀၁၄)အမှုတွင် ဆက်လက်အတည်ပြုထားပြီးဖြစ်ပါသည်။

သို့ပါ၍ RBI ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ထားသော မော်တော်ယာဉ်အင်ဂျင်နှင့် အောက်ပိုင်းသုံး ရော်ဘာအပိုပစ္စည်းများကို Myanmar Win Life Co.,Ltd.အပါအဝင် မည်သည့်လူပုဂ္ဂိုလ်/ကုမ္ပဏီ တစ်စုံတစ်ရာကမျှ မြန်မာနိုင်ငံတစ်ဝန်းဈေးကွက်များတွင် ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဦးသန်းစိုး(ထွန်း) | ဒေါ်မူယာ | ဦးဇော်ဇော်နိုင်အောင် |
| **B.A(Eco),H.G.P, R.L,D.B.L** | **LL.B,Dip in Business Law** | **LL.B** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၉၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၆၀) | အထက်တန်းရှေ့နေ(စဉ်-၂၅၄၇၄) |

အမှတ်(၁၅၈/ဘီ)၊ ၃-လွှာ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

“တယော ဘယ်က ရသလဲ”

“ဘယ်က ရရမလဲ၊ တယောတစ္ဆေလေးဆီကပေါ့”

ကိုမြင့်သောင်း၏ အဖြေကို ပြည်ကျောင်းဆောင်သားများမှအပ မည်သူမျှ နားလည်နိုင်မည် မဟုတ်။ ပြည်ကျောင်းဆောင်၌ တယောတီးကောင်းလှသော ကျောင်းသားသုံးဦးရှိကြသည်။ သူတကာ စာကျက်ကောင်းသော ညဉ့်နက်ပြီဆိုလျှင် သူတို့၏ တယောသံများ ပေါ်လာတတ်သည်။ မည်သူမျှလည်းသူတို့ တယောသံကို မလွန်ဆန်ရဲ။ မကန့်ကွက်ရဲ။ ငြင်းလည်း မငြင်းပယ်နိုင်။ စာအုပ်တွင် ပစ်၍နားထောင်မိကြသည်ချည်းဖြစ်၏။ တစ်နည်းအားဖြင့် တယောတစ္ဆေ အခြောက်ခံကြရသည်။ နောက်ဆုံးတွင်မူ အဆောင်သားအားလုံး တညီတညွတ်တည်း ဆုံးဖြတ်၍ သူတို့အားတောင်းပန်ကာ တယောတီးချိန် ကန့်သတ်ပေးရ၏။

တယောတစ္ဆေတို့သည် ဝါစဉ်အလိုက် ဘွဲ့ရကြသည်။

အသက်လည်း အကြီးဆုံး၊ ပညာလည်း အရင့်ဆုံး မောင်ရှိန်ကို တယောတစ္ဆေကြီးဟု ခေါ်ကြသည်။ မဖျံမပဒ္မီ ပဒါအဆင့်ရှိ လှဖေသန်းကို တယောတစ္ဆေလတ်ဟု ခေါ်ကြသည်။ လူကလည်း ငယ်ငယ်၊ ကိုယ်ဟန်ကလည်း နွဲ့နွဲ့နှင့် စိန်လွင်ကို တယောတစ္ဆေလေးဟု တညီတညွတ်တည်း သမုတ်ထားကြသည်။ သက်ခိုင်ကလည်း တယောတီးတတ်သည်။ သို့ရာတွင် တယောတစ္ဆေထွေးဘွဲ့ရမည်ကြောက်သောကြောင့် လျှို့လျှို့ဝှက်ဝှက် သာတီးရ၏။

သက်ခိုင်သည် ကိုမြင့်သောင်းကို နှုတ်ဆက်၍ အခန်းဝမှ ခွာရန်ပြင်သည်။ ကိုမြင့်သောင်းကသာ မှာကြား ၏။

“ဖိုးသက်ခိုင် . . . ကိုလေးတို့ . . ကိုစောတို့ အခန်းလည်း ဝင်သွားဦးလေ၊ ကိုလေးက သိပ်အလုပ်များ နေတယ်”

“ဘာလဲ . . . ကိုလေးကရေဒီယို ကလိပြန်နေပြီလား”

“မဟုတ်ဘူး မဟုတ်ဘူး . . . ဒီထက် အရေးကြီးတယ်၊ မောင်ရင်ဘာသာ မောင်ရင် သွားကြည့်”

သူငယ်ချင်းများက ကိုလေး . . ကိုစော . . ဟု ချစ်စနိုးခေါ်သော ကိုလေးမောင်နှင့် ကိုစောလွင်တို့၏ အခန်းများသည် ကိုမြင့်သောင်း၏ အခန်းနှင့် သုံးခန်းကျော်သာ ကွာလှမ်းသည်။

ကိုလေးမောင်၏ အခန်းသို့ သက်ခိုင်ဝင်သွားချိန်၌ အခန်းတွင်း၌ ကိုစောလွင်လည်းရှိနေ၏။ ကိုစောလွင်သည် ကုလားထိုင်တစ်လုံးထက်၌ မြန်မာသတင်းစာ တစ်စောင်ကို စိတ်ဝင်စားစွာ ဖတ်နေ၏။

ကိုလေးမောင်ကမူ ခုတင်ထက်တွင် မှောက်လျက်လှဲရင်း ကျောက်တံတစ်ချောင်း ကျောက်သင်ပုန်းတစ်ချပ်နှင့် အလုပ်များနေ၏။

သက်ခိုင်၏ ခြေသံကို ကြားသောအခါ ကိုစောလွင်က သတင်းစာနှင့် မျက်နှာခွာပြီး ဖိတ်မန္တကပြုသည်။

“လာ . . . ဖိုးသက်ခိုင် . . . ထိုင်”

သက်ခိုင်သည် လက်မှ ကိုင်စွဲလာသော ဖိုင်နှင့် စာအုပ်တို့ကို စားပွဲပေါ်တင်ထားလိုက်သည်။ ထီးကိုအခန်းထောင့်တစ်နေရာ၌ ထောင်ထားလိုက်ပြီး ကိုလေးမောင်မှောက်လျက်ရှိနေသော ခုတင်ဘေးအစပ်၌ ဝင်ထိုင် ၏။

ကျောက်တံ၊ ကျောက်သင်ပုန်းတို့နှင့် အလုပ်ရှုပ်နေရာမှ ကိုလေးမောင်က လှည့်ကြည့်သည်။ သက်ခိုင်ကို မြင်သော် ကိုလေးမောင်သည် သူ့ပါးစပ်၌ ခဲထားသော ဆေးပေါ့လိပ်ကို ချွတ်ယူပြီး-

“ရော့ . . . သောက်” ဟုပေး၏။

ကိုလေးမောင်သည် ဆေးပေါ့လိပ် အလွန်ကြိုက်သည်။ စီးကရက်အလကားရလျှင်ပင် သောက်သူမဟုတ်။ ဆေးပေါ့လိပ်ကိုသာ ခုံမင်သည်။ သူ အခုံမင်ဆုံး ဆေးပေါ့လိပ်မှာလည်း သူ သောက်လက်စ ဆေးပေါ့လိပ်ပင်။ သူသောက်လက်စ ဆေးပေါ့လိပ်ကို သူ၏ အချစ်ဆုံး သူငယ်ချင်းများကိုသာတည်လေ့ရှိသည်။




သောက်လက်စ ဆေးလိပ်ကို ဆက်သောက်ရမည်ကို သက်ခိုင်က ရွံသည်။ သို့ရာတွင် ကိုလေးမောင်၏ စေတနာနှင့် စရိုက်ကို သိသောကြောင့် ဆေးပေါ့လိပ်တိုကို လှမ်းယူပြီး တစ်ဖွာ၊ နှစ်ဖွာ ဖွာ၏။ ကိုလေးမောင်က ကျောက်သင်ပုန်းထက်တွင် ကျောက်တံနှင့် ဆက်ခြစ်နေ၏။ ဆက်ခြစ်ရင်းလည်း တစ်စုံတစ်ရာကို ရေတွက်ဟန် လက်ချောင်းများကို ချိုးနေ၏။ ပါးစပ်မှလည်း မတိုးမကျယ် ရွတ်သည်။

သက်ခိုင်က ကိုလေးမောင်၏ ကျောက်သင်ပုန်းကို လှမ်းကြည့်သည်။ ကျောက်သင်ပုန်းပေါ်၌ ဇာတာများပေါ်တွင် တွေ့ရတတ်သော ဆယ့်နှစ်ရာသီဂြိုလ်ခွင်နှင့် နက္ခတ်၊ ပါဒ်၊ ဗီဇနာ သုဒ္ဓဒိန်ပြသော တိုင်အမှတ် သင်္ကေတများကို တွေ့ရ၏။

ကိုလေးမောင်သည် ဂြိုဟ်ခွင်ကို ကျောက်တံနှင့် ထောက်ကာ ထောက်ကာရွတ်နေ၏။

“စ-သာ-ရွှေ-ကူ-အင်း-ဝ-သူ-ဆံ-ဖြူ-တ-တင်း-ပေး”

တစ်ခါတည်းရွတ်သည်၊ ထောက်သည် မဟုတ်။ အထပ်ထပ်ရွတ်သည်၊ ထောက်သည်။ ကျေနပ်လေမှ တစ်စုံတစ်ခု ရေးချ၏။ ထိုနောက် ဆက်လက်ထောက်ပြန် ရွတ်ပြန်၏။

“ကောင်း . . အောင် . . သာ . . ဘယ် . . ညာ . . လက် . . နှင့် . . ရွှေ”

ကျောက်သင်ပုန်းကို ကြည့်နေရာမှ သက်ခိုင်၏ မျက်လုံးတို့သည် အခန်းပတ်လည်သို့ ရောက်သွား၏။

ကိုလေးမောင်၏ တစ်ဖက်ဘေး မွေ့ရာပေါ်တွင် သံဒိဌ ပြက္ခဒိန်၊ ဗေဒဝိဇ္ဇာကိုးဆောင်တွဲကျမ်းစသော ဗေဒင်ကျမ်း သုံးလေးအုပ်ရှိနေသည်။ ခုတင်ခေါင်းရင်း နံရံ၌ သံတစ်ချောင်း ရိုက်ထားပြီး ထိုသံ၌ အနက်ရောင် စိပ်ပုတီးတစ်ကုံး ချိတ်ဆွဲထား၏။

အခန်းတွင်းရှိ ကျန်သောပစ္စည်းများကား ဗေဒင်ကျမ်း၊ စိပ်ပုတီးတို့နှင့် မဆိုင်လှသော ပစ္စည်းများ ဖြစ်ကြ၏။

စားပွဲတစ်ခုပေါ်၌ ရေဒီယိုပျက်များ၊ ဝိုင်ယာလက် စက်ပျက်များ၊ တယ်လီဖုန်းဟောင်းများရှိနေ၏။ ထိုစားပွဲ၏ အထက်နံရံ၌ လက်သီးဆုပ်ခန့် မီးလုံးကြီးမှစ၍ လက်နှိပ်ဓာတ်မီး မီးသီးအဆုံး တပ်ဆင်ထားသော လျှပ်စစ်မီးသီးတပ် ပျဉ်ပြားဘုတ်တစ်ခု ရှိသည်။ ခလုတ်အမျိုးမျိုးကလည်း စုံလှ၏။ ဝါယာကြိုးများကလည်း ရှုပ်ပွ နေသည်။ အင်မီတာ၊ ဗို့တိုမီတာ၊ ထရင်စဖော်မာစသော လျှပ်စစ်ပညာသုံး ကိရိယာများကိုလည်း မြင်နိုင်၏။ အခန်းနံရံတစ်ဖက်၌မူ ကြိမ်လုံးစည်းများ၊ သစ်သားဓားရှည်များ၊ သစ်သားဓားမြှောင်များကို ထောင်ထား၏။ ကြွက်လျှောက်တန်း တစ်ခုထက်၌ မြန်မာဆေး၊ အင်္ဂလိပ်ဆေး၊ ဆေးပုလင်းများက တန်းစီနေ၏။

မယ်ဒလင်တစ်လုံးကလည်း ခုတင်တိုင်၌ ချိတ်ဆွဲလျက် ထူးထူးခြားခြား ရှိနေ၏။

သက်ခိုင်က ဤသို့ ငြိမ်ကြည့်နေခိုက် သက်ခိုင်ဝင်လာစက ဧည့်ဝတ်ကျေစွာ ဆီးကြိုနှုတ်ဆက်သော ကိုစောလွင်ကမူ သတင်းစာ၌ ပြန်ခေါင်းမြုပ်နေပြန်၏။

“သတင်းထူးပါလား ကိုစော”

ကိုစောလွင်က ရုတ်တရက် အဖြေမပေးသေးဘဲ သတင်းစာကို အဆုံးသတ် ဖတ်လိုက်ပြီးနောက်မှ သက်ခိုင်ကို လှမ်းကြည့်သည်။

“ထူးတယ်လေ၊ ဒါပေမဲ့ စိတ်ချမ်းသာစရာတော့ မဟုတ်ဘူး ကိုသက်ခိုင်ရေ . . .”

ကိုစောလွင်သည် သက်ခိုင်ထက် သုံးနှစ်မျှကြီးသည်။ အတန်းလည်းကြီးသည်။ သို့ရာတွင်အပြောအဆို အခေါ်အဝေါ်၌ ယဉ်ကျေး၏။ သက်ခိုင်ကို 'ကို' တပ်၍ စကားပြောမြဲ ဖြစ်သည်။ ကိုလေးမောင်ကလည်း ထိုနည်းအတူပင်တည်း။

ကိုစောလွင်က သတင်းစာကို သက်ခိုင်အား လှမ်းပေး၏။ သက်ခိုင်က အဆင့်သင့် လှန်ထားသော စာမျက်နှာမှ သတင်းကို ဖတ်ကြည့်သည်။

> **ကိုစောလွင်၏အထူးခြားဆုံး လက္ခဏာမှာ မြဲမြံခိုင်မာသော မေးရိုးဖြစ်၏။ ဒုတိယထူးခြားချက်မှာ ကြည်လင် အေးမြသော်လည်း ရဲရင့်စူးရှသောမျက်လုံးများဖြစ်၏။ တတိယ ထူးခြားချက်ကား ကိုယ်အမူအရာ၊ နှုတ်အမူအရာ အေးချမ်းငြိမ်သက်၍ ယဉ်ကျေးခြင်းဖြစ်သည် . . .**

“လက်ဝဲညီညွတ်ရေး ပျက်ပြားသွားပြီး နု-မူ ဆယ့်လေးချက်ကိုရဲဘော်ဖြူများက လက်မခံ။”

ခေါင်းစီးက စာလုံးမည်းများနှင့် ဤသို့ တပ်ထား၏။

ခေါင်းစီးအောက် သတင်းကမူ လွတ်လပ်စ ပြည်ထောင်စု မြန်မာနိုင်ငံတော် မပျက်စီးရန် အဖွဲ့အစည်းအသီးသီးမှ လက်ဝဲညီညွတ်ရေးရရန် ကြိုးပမ်းကြပုံ၊ သခင်နုက လက်ဝဲညီညွတ်ရေးမူ ဆယ့်လေးချက်တင်ပုံ၊ ဂျူဗလီဟော၌ ဖ-ဆ-ပ-လ ဦးစီးအဖွဲ့က စဉ်းစားကြပုံ၊ ရဲဘော်ဖြူမူသည် ဆယ့်လေးချက်ချင်း သဘောတူညီသော်လည်း အချက် တစ်ချက်၌သာ ကွဲပုံ၊ ရဲဘော်ဖြူများက အစိုးရကို လက်နက်စွဲကိုင် တိုက်ခိုက်နေသော ကွန်မြူနစ်သောင်းကျန်းသူများ ဝင်လာလျှင် မျက်နှာစုံညီဆွေးနွေးရေးဖြစ်နိုင်ကြောင်း သဘောထားပုံ၊ ဤတစ်ချက်၌သာ ကွဲလွဲကြပုံ၊ စေ့စပ်ရေးမရပုံ၊ ထိုကွဲလွဲချက်ကြောင့် ရဲဘော်ဖြူ ရဲဘော်ဝါ နှစ်ခြမ်းကွဲသွားပုံ၊ သောင်းကျန်းမှုကို ထောင်ခံသူများက ရဲဘော်ဖြူဖြစ်သွားပုံ၊ ပြည်ထောင်စုအစိုးရကို ထောက်ခံသူများက ရဲဘော်ဝါဖြစ်သွားပုံစသည်ဖြင့် အသေးစိတ်မှုန်း ဖော်ပြထား၏။

သက်ခိုင်သည် ကိုစောလွင်အား လှမ်းကြည့်သည်။

ကိုစောလွင်၏ အထူးခြားဆုံး လက္ခဏာမှာ မြဲမြံခိုင်မာသော မေးရိုးဖြစ်၏။ ဒုတိယထူးခြားချက်မှာ ကြည်လင်အေးမြသော်လည်း ရဲရင့်စူးရှသောမျက်လုံးများ ဖြစ်၏။ တတိယ ထူးခြားချက်ကား ကိုယ်အမူအရာ၊ နှုတ်အမူအရာ အေးချမ်းငြိမ်သက်၍ ယဉ်ကျေးခြင်း ဖြစ်သည်။

သက်ခိုင်က မေးသည်။

“ကိုစော ဘယ်လိုထင်သလဲ”

“ခင်ဗျားကော . . . ဘယ်လိုထင်သလဲ ကိုသက်ခိုင်”

“ကျွန်တော် ထင်တာတော့ လက်ရှိတစ်မီးမှာ နောက်တစ်မီးပွားပြီး နောက်ထပ်မီးတွေ ဆက်ပွားဦးမယ် ထင်တာပဲ၊ နိုင်ငံအတွက်တော့ ဝမ်းသာစရာ တစ်ကွက်မှ မရှိဘူး”

“ဟုတ်တယ် . . . ကျွန်တော်လည်း ဒီလိုပဲ ထင်တာပဲ”

သက်ခိုင်နှင့် ကိုစောလွင်တို့သည် အတန်ကြာ ငိုင်နေကြ၏။ ပြီးမှ . . .

“ဒါထက် ကိုလေး ဘာလုပ်နေတာလဲ ကိုစော”

ကိုစောလွင်က ရယ်သည်။ သူရယ်သောအခါ သူ့မျက်နှာက ရှိရင်းစွဲထက် ပိုမိုနုပျိုလာသည်။

“ကိုလေးက ဗေဒင်တွက်နေတာဗျို့ . . . ကိုသက်ခိုင်”

“ဗျာ . . . ဗေဒင်တွက်နေတာ”

“ဟုတ်တယ် . . . ဗမာပြည်ရဲ့ ဇာတာကို စစ်နေသတဲ့၊ ကိုလေး အကြောင်းလည်း ခင်ဗျားသိသားပဲ၊ သွားတော့ မရှုပ်နဲ့နော်”

သက်ခိုင် မဖြေရမီ ကိုလေးမောင်ထံမှ အဖြေပေါ်လာ၏။

“ရှုပ်ရှုပ် မရှုပ်ရှုပ်ကွာ . . ပြီးပါပြီ၊ ဟေ့ ညီလေးတို့ရေ . . . အဲဗရီးသင်း အောရိုက်၊ ဆိုဖား . . . ဆိုးအောရိုက်”

ကိုလေးမောင်သည် ကိုစောထက်ပင် အသက်ကြီးသည်။ ကိုစောထက်လည်း မျက်လုံးက စူးရှပြောင်လက်၏။ ကိုစောလောက်တော့ မေးရိုးမခိုင်။ ကိုစောထက်လည်း နှုတ်ပိုသွယ်၏။ ကိုမြင့်သောင်းထက်လည်း ပိုအသားမည်း၏။ သို့ရာတွင် ကိုမြင့်သောင်းကို ရှမ်းနက်ဘွဲ့ သူကပင် ပေးသည်။

ကိုလေးမောင်က သူ့ကျောက်သင်ပုန်းကို သူကြည့်ကာ ဟောကိန်းထုတ်၏။

“နမော တဿ ဘဂဝတော အရဟတော . . . သမ္မာသမ္ဗုဒ္ဓဿ၊ အဟမ်း . . မြတ်ခေါင်ရတနာ၊ မြတ်ထွဋ်ချာကို၊ မြတ်ဒွါရကံ၊ မြတ်အားသန်ရာ၊ မြတ်ကြံစေတနာ၊ ဒီလှိုင်းလာသို့၊ စေတနာထိပ်ထားပြီး တက္ကသိုလ်ဗေဒဝိဇ္ဇာ . . . ငါဆရာ ဟောကြားတော့အံ့”

ကိုလေးမောင်ကို ကိုစောလွင်နှင့် ကိုသက်ခိုင်က ပြုံးကြည့်နေကြ၏။ ကိုလေးမောင်က မမှုဘဲရှုတည်တည်နှင့် ဆက်ရွတ်၏။

“ ကြာသပတေး၊ ရန်ဝေးသောကြာ၊ ဂြိုဟ်နှစ်ဖြာတို့၊ တိမ်ပြာလှစ်ထွင်း၊ လကို နင်းသော်၊ မင်းနှင့်မိဖုရား၊ နှစ်ပါးစုရုံး၊ နှလုံးကြည်နူး၊ မယွင်းမြူးလိမ့်၊ ဗုဒ္ဓဟူးကျော်ဟိုး၊ ချင်းနင်းညှိုးမူ၊ ဆည်ရိုးကန်မြောင်း၊ တိမ်းစောင်းပေါက်ကြေ၊ စနေကြယ်လွန်၊ ချဉ်းလေလွန်ကြောင့်၊ ပစ္စန္တရာ စစ်ကြီးလာအံ့၊ စစ်ကြီးလာအံ့၊ ဟေ့ကောင်တွေ . . ပြုံးမနေနဲ့၊ ဒါ မုံရွေး ဇေတဝန်ဆရာတော်ရဲ့ အာကာသသျှတ္တရကျမ်း အလိုအရ ငါဟောနေတာ”

သက်ခိုင်က ဆက်ပြုံးနေသော်လည်း ကိုစောလွင်က မျက်နှာကိုတည်ပစ်လိုက်ပြီး တိုက်တွန်း၏။

“ဆက်ဟောစမ်းပါဦး ကိုလေးရ”

ကိုလေးမောင်က ဆက်ဟောသည်။

“ဒွါဒသီဝယ်၊ မှီသည့် ပြိဿာ ဂရုဍာမှတ်၊ ဆဒ္ဒန်မြတ်မှ ပူးနတ်ခနေ့၊ ရာဟုစန္ဒာ၊ သိဟ်သီဟာနှင့် ဇီဝါကန်ေနေ၊ နဂါးမြွေလည်း၊ မေထုန်ပျော်လျက်၊ မိဿလဂ်တွင်၊ နက္ခတ်စင်ရုံး၊ ဆယ်လုံးတစ်ပါဒ် . . . .

အဲအဲ . . စသဖြင့် သိပေါမင်းပါသွားပြီး မြန်မာပြည်ကျွန်ဖြစ်ရတဲ့ အချိန်က ဂြိုဟ်စီးဂြိုဟ်နင်းမျိုးကိုလည်းမမြင်ရဘူး၊ အင်္ဂါဂြိုဟ်နဲ့သောကြာဂြိုဟ်ဗျူဟစရိယကျင့်မှု မင်းအမတ်ပုန်ကန်အံ့၊ သောကြာဂြိုဟ်ဗျူဟစရိယ ကျင့်မှု ပြည်ထဲရေးခြောက်ခြားအံ့။

ဒီလောက်ပါပဲ၊ ဒီထက်မပိုဘူး၊ဇီဝမြန်မာ၊ သောကြာသက်ပေ၊ စနေကုလား၊ တိုင်းကားစိုးအုပ်၊ တရုတ်ရာဟု . . စသဖြင့် လောကဒီပသာရကျမ်းမှာ မင်းကြီးမဟာစည်သူ ဆိုထားချက်အရ ဇီဝမြန်မာ၊ ကြာသပတေးဂြိုဟ် အားကောင်းနေတယ်၊ ဂေါစာမှာ ဥစ်၊ ကသစ်ရပြီး၊ နိစ်ကြီးမရှိပြကလေးသာ ရှိတော့ တို့မြန်မာပြည်ကြီးမပျက်နိုင်ဘူးကွ”

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဓာတုဆေးဝါးသုံးစွဲမှုပိုမိုများပြားလာ

**ရေတာရှည် ဩဂုတ် ၂၆**

လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ရှေးယခင်က စပါးထွက်နှုန်းကောင်းမွန်စေရန် မြေဆွေး၊ နွားချေးတို့ကိုသာ သုံးစွဲခဲ့ကြသော်လည်း တိုးတက်ပြောင်းလဲလာသော စိုက်ပျိုးရေးနည်းစနစ်များနှင့်အညီ ပေါင်းသတ်ဆေး၊ အပင်အားဆေး၊ အသီးအားဆေး၊ အပင်သန်ဆေး၊ ပိုးသတ်ဆေးအမျိုးမျိုးအစရှိသည့် ဓာတုဆေးဝါးများကို တောင်သူများ ပိုမိုသုံးစွဲလာကြသည်။



စပါးတစ်ဧကထွက်နှုန်းကောင်းမွန်ရေးသည် တောင်သူများအနေဖြင့်အဓိကရည်မှန်းချက်ဖြစ်ကာ ဓာတ်မြေဩဇာနှင့် အထက်ဖော်ပြပါ ဆေးဝါးများကို အကုန်အကျများစွာခံကာ သုံးစွဲကြသော်လည်း လက်တွေ့နယ်ပယ်၌ အကျိုးအမြတ်နည်းပါးသည်များလည်းရှိကြောင်း တောင်သူအချို့က သုံးသပ်သည်။

“ပေါင်းသတ်ဆေးပေ့ါဗျာ။ ဆေးညွှန်းပါတဲ့ ပေါင်းပင်အမျိုးအစားထက် ကိုယ့်လယ်ထဲမှာက ပိုနေတယ်။ ထိရောက်တာက နှစ်မျိုးလောက်ပဲ။ ကျန်တဲ့လေးမျိုးလောက်ကို သက်ရောက်မှုမရှိဘူးပေ့ါ။ ငွေသာကုန်တယ် ထိရောက်မှုနည်းပါးတာကိုပြောတာပါ” ဟု တောင်သူတစ်ဦးက ကြုံတွေ့ရပုံကို ရှင်းပြသည်။

အခြားသောတောင်သူများက စပါးထွက်နှုန်းမြင့်မားစေသော ဓာတုဆေးဝါးများကို အလွန်အကျွံသုံးစွဲခြင်းဖြင့် မြေဆီလွှာများ ပျက်စီးခြင်းနှင့် ဆန့်ကျင်ဘက်ဆိုးကျိုးများကို ရရှိနိုင်ကြောင်း တွက်ဆမှုများလည်း ရှိနေသည်။

“ကျွန်တော်မနှစ်က ဝမ်းစာအတွက် စပါးကို ဓာတုဆေးလုံးဝမသုံးဘူး။ မြေဆွေးနဲ့နွားချေးပဲချပြီး စိုက်ကြည့်တယ်။ ထွက်နှုန်းလည်းအတူတူပါပဲ။ သန့်သန့်ရှင်းရှင်းဖြစ်တာပေ့ါ။ အခုလူတွေရောဂါမျိုးစုံအောင်ဖြစ်နေကြတာ ဓာတုဆေးဝါးတွေကြောင့်များလားလို့တောင် ထင်မိတယ်” ဟု ကုန်းကြီးကျေးရွာအုပ်စု ကရင်ရွာနေတောင်သူတစ်ဦးကပြောသည်။

**ကိုလွင်(ဆွာ)**

# ဟင်္သာတမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအောင်မြင်လျက်ရှိ

**ဟင်္သာတ ဩဂုတ် ၂၆**

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဟင်္သာတမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်က အင်းဝဝယ်အုပ်စု၊ သံကြိုးတန်း ကျေးရွာသို့သွားရောက်ပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက် ခဲ့သည်။

ဟင်္သာတမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းဝင်ကျေးရွာ(၁၀)ရွာ ဆောင်ရွက်နိုင်ခဲ့၍ လုပ်ငန်းများအောင်မြင်မှုရရှိခဲ့ပြီး ယခုနှစ်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းကျေးရွာ (၃၃)ယူနစ်ထိရရှိခဲ့ပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက စီမံကိန်းရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပြီး မြို့နယ်မြစိမ်းရောင် ကော်မတီအဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဝမ်းမြောက်ဝမ်းသာစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(ဟင်္သာတ)ခရိုင်ပြန်/ဆက်**

❏

# ချောက်မြို့နယ်တွင် မိုးစပါးစိုက်ဧကပြည့်မီရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ချောက် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေ-ပခန်းငယ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရေအရင်းအမြစ်အသုံးချဦးစီးဌာနရုံးတွင် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက မိုးစပါးစိုက်ဧကပြည့်မီရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့တို့ တက်ရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စပါးစိုက်ဧကနည်းပါးမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များဖြစ်သည့် ဦးသက်နိုင်ထွန်းနှင့် ဒေါ်ဥမ္မာအောင်တို့ကလည်း မိုးစပါးစိုက်ဧကပြည့်မီရေး တောင်သူများ၏ လိုအပ်ချက်များကိုသိရှိရေး အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် စလေ-ပခန်းငယ်နှင့် ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင် ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ စလေ-ပခန်းငယ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ AE ဦးညီညီထိုက်က ကျေးရွာအုပ်စု (၂) အုပ်စုမှ ကွင်းပေါင်း (၁၄)ကွင်းအားလည်းကောင်း၊ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ AE ဦးထွန်းကျော်က ကျေးရွာ (၄)အုပ်စုမှ ကွင်းပေါင်း (၉) ကွင်းအတွက် ရေကော်မတီများဖွဲ့စည်း၍ ရေလှည့်စနစ်ဖြင့် ရေပေးဝေလျက်ရှိကြောင်း တာဝန်ရှိသူနှစ်ဦးတို့က ရှင်းလင်းတင်ပြခဲ့ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မချို(ချောက်)**

# မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရောဂါကာကွယ်ကုသခြင်းများ ကွင်းဆင်းဆောင်ရွက်

**ငါးသိုင်းချောင်း ဩဂုတ် ၂၆**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ဝဝန်မြစ်ရေကြီးမှုကြောင့် ပုသိမ်-မုံရွာ ကားလမ်းမတစ်လျှောက် လမ်းဘေးဝဲယာတွင် ရေဘေးသင့်ခဲ့ရသော ဒေါင့်ကြီးဘက်၊ သရက်ချောင်း၊ သောင်ကြီးနှင့် ရေနံ့သာကျေးရွာအုပ်စုများမှ လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားအကောင်ရေ ၃၀၀ နှင့် ဝက်အကောင်ရေ ၃၀ တို့အား မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရောဂါကာကွယ်ဆေး၊ အားဆေးများထိုးခြင်း၊ လိုအပ်သော ရောဂါကာကွယ်ကုသခြင်းများကို ဩဂုတ်လဆန်းပိုင်းမှ လလယ်အထိ လေးကြိမ်ဆက်တိုက် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ ငါးသိုင်းချောင်းမြို့ပေါ် ရွှေဘိုရပ်ကွက်တွင် မွေးမြူထားသော နို့စားနွားများကိုလည်း ကာကွယ်ဆေးအားဆေးထိုးခြင်းနှင့် ကူးစက်ရောဂါကာကွယ်ခြင်းများပါ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသောကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်း ကုသမှုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရေဝင်ရောက်၍ပိတ်ထားရသော ဝက်လက်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်

**ဝက်လက် ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း ဇူလိုင် ၂၀ ရက်က မိုးမြစ်ရေလျှံမှုကြောင့် စာသင်ခန်းများအတွင်းရေဝင်သဖြင့် အခြေခံပညာကျောင်း ၁၄ ကျောင်း ပိတ်ထားခဲ့ရသည်။ အဆိုပါ ပိတ်ထားသောစာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ပညာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသားမိဘများ၊ ပြည်သူများက ရေကျသည်နှင့်တစ်ပြိုင်နက် စာသင်ကျောင်းအတွင်း တင်ကျန်နေသည့် နုန်းမြေများ၊ ရွှံ့များ၊ စာသင်ကျောင်းပတ်ဝန်းကျင်တို့ကို သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သဖြင့် ဩဂုတ် ၂၀ ရက်အထိ စာသင်ကျောင်း ၁၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ကျန်စာသင်ကျောင်းနှစ်ကျောင်းကိုလည်း ရေကျကျချင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးရုံးမှ ရေဘေးသင့်ကျောင်း ၁၄ ကျောင်းအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ သန့်စင်ခန်းပြုပြင်ရန်၊ ရွှံ့ညွန်များဆေးကြောရန်၊ ရေတုံကင်များသန့်စင်ရန်၊ အာဟာရကျွေးရန်၊ ခုံများပြုပြင်ရန်အတွက် အလယ်တန်းကျောင်းတစ်ကျောင်းလျှင် ငွေကျပ်ကိုးသိန်းနှုန်း၊ ယင်းအောက်အဆင့် ကျောင်းတစ်ကျောင်းလျှင် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် ထောက်ပံ့သော စုစုပေါင်းငွေကျပ် ၁၀၂ သိန်းကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**နန်းမြင့်(ဝက်လက်)**

# ရေဘေးကြောင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကလေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လုပ်အားပေးဆောင်ရွက်



**ကလေး ဩဂုတ် ၂၆**

ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ဝိဇ္ဇာအထူးပြုဘာသာရပ်များမှ ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးနှင့် ကြီးကြပ်ရေးဆရာ၊ ဆရာမ ငါးဦးတို့သည် ရေကြီးရေလျှံမှုကြောင့် ရွှံ့ညွှန်များတင်ကျန်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ သိပ္ပံအထူးပြုဘာသာရပ်များမှ ကျောင်းသား၊ ကျောင်းသူ ၅၇ ဦးနှင့် ကြီးကြပ်သူဆရာ၊ ဆရာမငါးဦးတို့သည် အဆိုပါ အ. ထ. က (၁) စာသင်ခန်းများနှင့် စာသင်ခုံများ သန့်ရှင်းရေးကို တက်တက်ကြွကြွ လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ရွေးကောက်ပွဲသတင်းယူနည်းကို သတင်းထောက်များအားသင်ကြားပို့ချ

**မန္တလေး ဩဂုတ် ၂၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ပွင့်လင်းမြင်သာစွာ သတင်းမီဒီယာ ဥပဒေနှင့်အညီ သတင်းယူရေးသားကြမည့် သတင်းထောက်များအား ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ သင်တန်းများပို့ချလျက်ရှိရာ မန္တလေးမြို့ ၈၁ လမ်းပိုင်ပေါ်ရှိ ဟိုတယ်၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ရွေးကောက်ပွဲသတင်းယူနည်း သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းပြန်/ဆက်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်း ကာလအမှာ ဩဂုတ် ၂၄ ရက်မှ ဩဂုတ် ၂၈ ရက်ထိ ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို သတင်းမီဒီယာသမား ၃၀ ခန့် တက်ရောက်ကြောင်းသိရသည်။

**ကျော်ကျော်(မလှိုင်)**

❏

# စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ သန်းဖြင့်ကျောက်ချောလမ်းခင်းမည်

**ကျွန်းလှ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကျွန်းလှ-ထန်းပင်ကုန်း-ကြာတကန် ကျေးရွာချင်းဆက်မြေသားလမ်းခင်းခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၇၉ ဒသမ ၇၅၀ ဖြင့် အရှည် ၆ မိုင်ကို စတင်ဆောင်ရွက်လျက်ရှိပြီး ကျောက်ချောလမ်းသုံးမိုင်ကိုလည်း ခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ သန်းဖြင့် AFC ကုမ္ပဏီက တာဝန်ယူခင်းမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ကျေးရွာအုပ်စုမှာ ရွာနှစ်ရွာရှိပြီး ကျွန်းလှမြို့ရဲ့ အရှေ့ဘက်မှာရှိပါတယ်။ ယခင်က ကျေးရွာချင်းဆက်လမ်းနဲ့ ကျွန်းလှမြို့အထိ မြေသားလမ်းကိုပဲ အသုံးပြုရတာပါ။ မိုးရာသီမှာ သွားလာရေးခက်ခဲပါတယ်။ အခုလို ကျန်ရှိနေတဲ့လမ်းကို မြေသားလမ်းခင်းပေးပြီး ကျောက်ချောလမ်းသုံးမိုင်ပါ ခင်းမယ်ဆိုတော့ သွားလာရေးလွယ်သွားမှာဖြစ်ပါတယ်”ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လမ်းဖောက်ရာ၌ပါဝင်သည့်လယ်ယာမြေအတွက်လျော်ကြေးပေး

**မြို့သစ် ဩဂုတ် ၂၆**

မကွေးခရိုင် မြို့သစ်မြို့နယ် ပုလင်းကြီးကျေးရွာအုပ်စု သီးပင်ကျေးရွာတွင်ရှိသော လယ်ယာမြေသည် နေပြည်တော်-မြို့သစ်-ကံပြားလမ်းဖောက်လုပ်ရာတွင်ပါဝင်သွားသည့်အတွက် လမ်းဦးစီးဌာနက လယ်ယာမြေလျော်ကြေးပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဗိုလ်အောင်မောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လမ်းဦးစီးဌာနအင်ဂျင်နီယာ ဒေါ်ပြုံးကြည်က လယ်ယာမြေလျော်ကြေးပေးအပ်ရခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကိုရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ လျော်ကြေးငွေများကို သီးပင်ကျေးရွာနေ ဒေါ်ဌေးဌေးမြင့်နှင့်ရှစ်ဦးပါတောင်သူများကို ပါဝင်သွားသည့်ဧကအလိုက် တစ်ဧကလျှင်ကျပ် သိန်း ၆၀ ဖြင့်ဧကပေါင်း ၁ ဒသမ ၅၂ ဧကအတွက်ကျပ်သိန်း ၉ ဒသမ ၁၂ သန်းထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ကျေးလက်လူငယ်အသက်မွေးဝမ်းကျောင်းအတွက် ဆိုင်ကယ်ပြုပြင်သင်တန်းဖွင့်

**ခင်ဦး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးလက်လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်ခန်းမတွင် ၁၅ ရက်ကြာ သင်ကြားပို့ချသွားမှာဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးလက်လူငယ် စုစုပေါင်း ၂၀ တက်ရောက်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မင်းဘူး(စကု)တွင် ရေဘေးသင့်တောင်သူများအား မျိုးစပါးထောက်ပံ့

**မင်းဘူး ဩဂုတ် ၂၆**

မင်းဘူး(စကု)မြို့နယ်တွင် ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးခဲ့သော သီးနှံစိုက်ခင်းများအနက်မှ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးများအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အခြေစိုက် ရတနာဧရာကျေးလက်ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအခြေစိုက် ချမ်းမြရေကြည်ပရဟိတအသင်းအဖွဲ့များထံမှ အကူအညီရယူ၍ မျိုးစပါးထောက်ပံ့ပေးအပ်ခြင်းများကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် ဆောင်ရွက်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း မိုးအဆက်အပြတ်ရွာသွန်းခဲ့ခြင်းကြောင့် မန်းချောင်းနှင့် ဧရာဝတီမြစ်ရေကြီးပြီး သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိကျောက်စံ၊ ကံသစ်၊ ကံကုလား၊ ပေါင်းရွာ၊ လက်ခုပ်ပင်၊ အလံပါယ်၊ မယ်ဘော့ကုန်း၊ သနပ္ပင်စုနှင့် ပေါက်ငူကျေးရွာအုပ်စု စသည့်ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူဦးရေ ၃၂၂ ဦးအား မျိုးစပါးတင်း ၃၆၀ ထောက်ပံ့ကူညီပေးခဲ့သည်။ မျိုးစပါးထောက်ပံ့ပေးအပ်ပွဲသို့ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးမှူး၊ မင်းဘူး(စကု) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**



မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ ဧရာဝတီမြစ်ရေကြီးမြင့်လာပြီး ရေများမြင့်တက်လာမှုကြောင့် ရေလွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ကျေးရွာနေပြည်သူများ ရေများကျဆင်းသွားပြီဖြစ်၍ မိမိကျေးရွာအတွင်း ပြန်လည်ပြောင်းရွှေ့နေထိုင်ကြပြီ ဖြစ်သည်။

ယင်းသို့ နေထိုင်ရာတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပေါ်ရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများက ရေပေါ်ကျွန်းကျေးရွာသို့ ကွင်းဆင်းပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၊ကျေးရွာစာသင်ကျောင်းနှင့် ကျေးရွာအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မိစေရန် ခြင်၊ ယင်များ မပေါက်ပွားစေရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ဇော်ထက်(သရက်)

# ပဲခူးမြို့တွင် ပထမအကြိမ် မွန်ရိုးရာအခြေခံတူရိယာသင်တန်းဖွင့်

**ပဲခူး ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပထမအကြိမ် မွန်ရိုးရာအခြေခံတူရိယာသင်တန်းဖွင့်ပွဲကို ဩဂုတ် နောက်ဆုံးပတ်ကမဟာစေတီဘုရားလမ်းရှိ သုခကာရီမွန်ပရိယတ္တိကျောင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၎င်းသင်တန်းဖွင့်ပွဲကို ပဲခူးမြို့နယ် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်ဂီတအစည်း အရုံးဥက္ကဋ္ဌ ဦးတင်ငွေက လူငယ်များကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမင်းသိမ်းသမ်းက မွန်ရိုးရာတူရိယာသင်တန်းဖြစ်မြောက်ရေးနှင့် အနာဂတ်အတွက် ပြန့်ပွားရေးအစီအစဉ်ကို ရှင်းလင်းပြောကြားကာ မွန်ရိုးရာတူရိယာသင်တန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက သင်တန်းဦးတည်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

မွန်ရိုးရာတူရိယာဆရာ ဦးတော့ပိုင်က မွန်ရိုးရာတူရိယာနှင့် ယခုခေတ်မွန်လူငယ်များအခြေအနေအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ပဲခူးမြို့နယ်မှ မွန်စာပေနှင့်ယဉ်ကျေးမှုဥက္ကဋ္ဌက သင်တန်းကာလမှာ ၄၅ ရက်ဖြစ်ကြောင်း၊ နံနက် ၉ နာရီမှ ၁၁ နာရီခွဲထိ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ပိတ်ရက်မှအပ နေ့စဉ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သုလင်း(ဟံသာမြေ)**

SMART RESOURCES
WORLDWIDE EDUCATION
The World is in Your Hands
President Scholarship ဆုရရှိထားသူများ IGCSE နှင့် ဆယ်တန်းအောင်ပြီးသောကျောင်းသား ကျောင်းသူများအတွက် UK, USA, Australia, Singapore, Canada,Thailand, Malaysia, New Zealand, Japan နိုင်ငံရှိ College and University များတွင် ပညာသင်ယူရန် ပညာရေးလမ်းကြောင်းအခွင့်အလမ်းများ အကြံပြုဆွေးနွေးပွဲ
SR Worldwide Education Function Hall, 3rd Floor
Level 4, MMC City Campus 47 /48 Bahosi Building, Lanmataw Township, 11131, Yangon, Myanmar.
Tel : + 951 210765 Mobile: +959 26508 1112/3/4/5, 5428848, 5438848, 5148848 Email : info@sr-education.com
web: www.sr-education.com fb.com/sr.worldwide.education

SEM
"စိုး"လျှပ်စစ်မှ ကူသိုလ်ယူ

မြန်မာနိုင်ငံအတွင်း၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသော ရေဘေးသင့်ဒေသများ တွင်ရှိသည့် ရေစိုပျက်စီးသွားသော မည့်သည့်ထရန်စဖော်မာ အမျိုးအစားမဆို ကျွန်တော်များ "စိုး"လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက် မှ အခမဲ့ ပြုပြင် ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ

☎ - ၀၁ ၅၄၆၁၀၀ ၊ ၀၁ ၅၅၆၇၅၄ ၊ ၀၁ ၅၅၆၅၇၆၊ ၀၁-၈၆၀၃၅၀၂ ၊
၀၁ ၈၆၀၃၅၀၃၊ ၀၁ ၅၉၀၂၅၅၊ ၀၁ ၅၉၁၁၀၁၊ ၀၁ ၅၉၅၁၂၆၊

# ကော့သောင်းမြို့တွင် ပြည်သူ့ဝန်ဆောင်မှုရုံး OSS (One Stop Shops) လုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၆**

မြို့နေပြည်သူများ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စများ လွယ်ကူမြန်ဆန်အဆင်ပြေ ချောမွေ့စေရေး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆောတလျင်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုရုံး OSS (One Stop Shops) လုပ်ငန်းများ ကော့သောင်းမြို့တွင် ဩဂုတ် ၂၅ ရက်က OSS (One Stop Shops) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ OSS ရုံးအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးကြီးကြပ်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန စသည့်ဌာနဆိုင်ရာအဖွဲ့အစည်း ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။

မြို့နေပြည်သူများ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ရန်ရှိသည့်ကိစ္စများအား ဌာနစုံတစ်နေရာတည်းတွင် လွယ်ကူမြန်ဆန် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ရေး ဩဂုတ် ၁၂ ရက်က စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များ ယခင်ကာလထက် လွယ်ကူမြန်ဆန် အဆင်ပြေလာမည်ဖြစ်သည်။ **ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**

# ရွှေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း ဖွင့်လှစ်

**ပလောက် ဩဂုတ် ၂၆**

မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၃)ရပ်ကွက်၌ ပုလောမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲများနှင့် ကိုယ်စားလှယ်များအား ပလောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ပလောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို ပလောက်မြို့နယ် တပ်ရင်းတပ်ဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ ကော်မတီဝင်များ စုစုပေါင်း ၆၀ တက်ရောက်ကြပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမောင်မောင်သန်းက ရွေးကောက်ပွဲဆိုင်ရာနှင့် ကြိုတင်မဲပေးရေးဆိုင်ရာကိစ္စရပ်များကို ပညာပေးပို့ချခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

# စပါးသီးနှံ အထွက်နှုန်း တိုးတက်မြင့်မားရေး နည်းပညာပေးဟောပြောဆွေးနွေး

**မြိုင် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးရာသီတွင် စပါးအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် နည်းပညာပေး ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက် နံနက်က မြိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အုပ်စုတာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးမောင်မောင်ဦးက စပါးသီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးအတွင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စပါးစိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့ချိန်အထိ သိပ္ပံနည်းကျ စိုက်ပျိုးရေး (GAP) စနစ် ၁၄ ချက်နှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရေး၊ သဘာဝမြေဩဇာကို အချိုးကျရောစပ်၍ သတ်မှတ်ချိန်တွင် သတ်မှတ်နှုန်းထားအတိုင်း အပြည့်အဝထည့်သွင်းကျွေးမွေးရေး၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန်နှင့် မြေဆီလွှာမပျက်စီးရန် ထိန်းသိမ်းရေး၊ စိုက်ပျိုးရေကိုစနစ်တကျ အကျိုးရှိစွာအသုံးချရေးတို့နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသော တောင်သူများက သိလိုသည်များကိုမေးမြန်းရာ ဦးစီးအရာရှိ ဦးခင်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

**ဇေထွဏ်းဇော်(ရေစကြို)**

# ရေဝင်နစ်မြုပ်အိမ်ခြေများရှိ မိသားစုဝင်များသို့လှူဒါန်း



**ငါးသိုင်း ဩဂုတ် ၂၆**

ပုသိမ်ခရိုင် ငါးသိုင်းမြို့ မြို့သစ်ရပ်ကွက် ဇေယျဝတီကျောင်းတိုက်သို့ ဩဂုတ် ၂၅ ရက်က ရှမ်းပြည်နယ်ရိုးရာမီးပုံးပျံအဖွဲ့နှင့် (တီကျစ်)နဂါးဘိလပ်မြေစက်ရုံတို့မှ မြို့သစ်ရပ်ကွက်အနိမ့်ပိုင်း ရေဝင်နစ်မြုပ်အိမ်ခြေများရှိ မိသားစုဝင်များသို့ ဆန်၊ ရေသန့်၊ အဝတ်အထည်၊ အိမ်သုံးဆေးဝါးနှင့် အစားအစာပစ္စည်းအရေအတွက် ၁၅ မျိုးပါဝင်သော မိသားစုသုံးအစုံအိတ် ၁၀၀ ပေးအပ်လှူဒါန်းကြရာ ကျောင်းထိုင်ဆရာတော် ဦးဥတ္တမက ရေဘေးသင့်မိသားစုများသို့ လက်ရောက်ပေးဝေလှူဒါန်းပေးခဲ့သည်။

အဆိုပါလှူဒါန်းမှုနှင့်ပတ်သက်၍ ရိုးရာမီးပုံးပျံအဖွဲ့ဝင်တစ်ဦးက "ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်နေရာတော်တော်များများ လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ အဖွဲ့ဝင်အင်အား ၇၅ ဦးနဲ့ ကားအကြီး၊ အသေး ၁၀ စီး၊ အင်းသားအဖွဲ့က စက်လှေနှစ်စီးလည်း ပါလာပါတယ်။ ငဝန်မြစ်ရေကျသွားပေမယ့် အတွင်းရေရှိနေတဲ့နေရာတွေကို အခုလိုပဲအရောက်သွားပြီး အလှူပစ္စည်းတွေ ဆက်လက်လှူဒါန်းပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ကွန်ကရစ်တံတား ဆောင်ရွက်မှုလုပ်ငန်းပြီးစီး

**ကရသူရိ ဩဂုတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ အမှတ်(၁) ရပ်ကွက် ရေဆိပ်ဆက်သွယ်ကွန်ကရစ်တံတား ဆောက်လုပ်မှုပြီးစီးသဖြင့် ဩဂုတ်လတတိယပတ်မှစတင်၍ ရပ်ကွက်နေပြည်သူများ သွားလာမှုလွယ်ကူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါရေဆိပ်ကွန်ကရစ်တံတား ဆောင်ရွက်မှုလုပ်ငန်းများအား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၅ သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တံတားအရှည် ၁၇ ပေ၊ အကျယ် ၁၂ ပေဖြစ်ပြီး သံကူကွန်ကရစ်အမျိုးအစားဖြင့် ကော်မတီဖွဲ့ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ရပ်ကွက်ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ကြပြီဖြစ်သည်။ **ကရသူရိ(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်

**ကြံခင်း ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာခုနစ်ရွာမှ ကော်မတီဝင် ၄၉ ဦးကို ဩဂုတ် ၂၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံးတွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ သိကောင်းစရာအချက်အလက်များအား ရှင်းလင်းခြင်း၊ ငွေစာရင်းထိန်းသိမ်းမှုပုံစံများ ရှင်းလင်းဆွေးနွေးခြင်းနှင့် ကော်မတီဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်ပေးကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာခုနစ်ရွာမှ ကော်မတီဝင်များကလည်း ကျေးရွာတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခြေအနေများကိုတင်ပြကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



ကြော်ငြာ

**ASIA KING 09-43114301,09-420221257**

✧ ကျောက်စိမ်းစေတီ၊ မန္တလေးမဟာမြတ်မုနိ၊ (နေပြည်တော်) နေ့ချင်းပြန် (ဘုပတ်စဉ်-သောကြာ၊စနေ) Package-40000

(၆၃)ကြိမ်မြောက် အာဘာအောင်မင်းခေါင် ထွက်ရပ်ပူဇော်ပွဲသို့ Sep 28/29 ထွက်မည်

✧ အာဘာထွက်ပွဲ(သီးသန့်)၊ ပုပ္ပါး- နေ့ချင်းပြန်/(၁)ညအိပ်

✧ အာဘာထွက်ပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ သီဟိုဠ်ရှင် ... (၄)ရက်

✧ အာဘာထွက်ပွဲ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ၊ နေပြည်တော် (၅)ရက်

✧ အာဘာထွက်ပွဲ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ လွိုင်ကော် (၅)ရက်

ခရီးစဉ်တိုင်းအာမခံလက်မှတ်ပေးသည် | သီးသန့် Group Package Tour စိတ်တိုင်းကျစီစဉ်ပေးသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**"တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်"**

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၅ ခုနှစ်၊ ဇူလိုင်လ သုံးစွဲကာလ** အတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်း အမျိုးအစား | နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက် |
|---|---|---|
| ၁။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ဧရာဝတီ၊ မွန် ပဲခူး(အရှေ့/အနောက်) | Autoနှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၂၈-၈-၂၀၁၅) |
| ၂။ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ တနင်္သာရီ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) | Autoနှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၁၁-၉-၂၀၁၅) |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်**

၁၂ ရက် ရန်ကုန်-ဂယာ-ရန်ကုန် (လေးဌာနအဓိက) ၂ သိန်း + USD 700
၁၅ ရက် ရန်ကုန်-ဂယာ-ရန်ကုန် (နေရာစုံ) ၂ သိန်း + USD 750
ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန် ၂ သိန်း + USD 800
(အမှန်အကန် စရိတ်ငြိမ်း)

နိုင်ငံကူးလက်မှတ် (၆)လသက်တမ်းကျန်လျှင် (၃)သောင်းကျပ် လျှော့ပေးသည်၊ ဝန်ဆောင်မှုနှင့် ဈေးနှုန်းမျှတမှု ရှိ/မရှိ ခရီးသည်ဟောင်းများအား မေးမြန်းနိုင်ပါသည်၊ နယ်မှ ခရီးသည်များ ရန်ကုန်မြို့ရှိ လုံးချင်းအိမ်များတွင် အခမဲ့တည်းခိုနိုင်ပါသည် (ရုံး/လေဆိပ် ပို့/ကြို အပါအဝင်)၊ (၅)ဦးနှင့်အထက် သတ်မှတ်လျှော့နှုန်းများရှိပါသည်၊ (၂)လကြိုတင် စာရင်းပေးခြင်းဖြင့် ခရီးစဉ်သေချာစိတ်ချစေနိုင်ပါမည်၊

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်၊
၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄ (သံရုံးသို့ လိုက်ရန်မလို) (စရံငွေချေ/ဦးရာလူစနစ်)
ရုံးခွဲ - အမှတ်(၂၈၉)၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း(စုံးကျော်တံတားအနီး)၊ ကျောက်တံတား၊ ရန်ကုန်၊
၀၁-၃၇၇၆၁၅၊ ၀၉-၅၃၂၁၀၀၂ Email: khinnandartravels@gmail.com (Air Bus A 320) Website: www.khinnandartravel.com

**KMD** LCCI

ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော
**LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)**

- Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခမဲ့ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

**10 - Sept - 2015(3pm - 5pm) (Thu & Fri)**

ISO

၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး။ ☎ ၅၂၇၄၃၆၊ ၅၃၄၁၇၀

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# လပွတ္တာမြို့၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း

**"(၆)ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်"**

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်**

**လပွတ္တာမြို့**
**သမဝါယမဘဏ် (CB Bank)**
**လပွတ္တာ ဘဏ်ခွဲ**
**A/C No.002660100016667**



**ရန်ကုန်မြို့**
**ကမ္ဘောဇဘဏ် (KBZ Bank)**
**လမ်းမတော်(၄)လမ်း ဘဏ်ခွဲ**
**A/C No.139-302-13900033101**

အလှူငွေများကို လပွတ္တာမြို့ပေါ်ရှိ အ.ထ.က(၁) ကျောင်းသူ/ကျောင်းသားဟောင်းများနှင့် မြို့ခံအလှူရှင်များအနေဖြင့် လပွတ္တာဘဏ်ခွဲသို့လည်းကောင်း၊
အဝေးရောက်ကျောင်းသူ/ကျောင်းသားဟောင်းများနှင့်မြို့သူ မြို့သားအလှူရှင်များအနေဖြင့်ရန်ကုန်ဘဏ်ခွဲသို့လည်းကောင်း၊
တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။
မှတ်ချက်။ ။အလှူရှင်များအနေဖြင့် မိမိတို့၏အမည်ကို သက်ဆိုင်ရာဘဏ်များတွင် ထည့်သွင်းပြောကြားပေးပါရန်။

## မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (ရန်ကုန် – ဂယာ – ရန်ကုန် တိုက်ရိုက်ခရီးစဉ်)

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက် (၉) သိန်း
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက် (၁၀)သိန်း

လိုင်စင်အမှတ် – ခ – ၂၀၀၅ | **အပယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာ သို့ မြတ်ဂုဏ်ရောင်နဲ့သွားကြစို့** | မှတ်ပုံတင် – ၃၃၁/၂၀၁၅ – ၂၀၁၆(ရက)

သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ ခရီးစဉ် တိုင်းတွင် ဦးဆောင်ဆရာတော်တစ်ပါးနှင့် Tour Leader တစ်ဦးအမြဲပါရှိပါမည်။ (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ခရီးစဉ်အတွင်း ငွေကြေး ထပ်မံကောက်ခံခြင်းမရှိကြောင်း အထူးပင်အာမခံပါသည်။ ဟိုတယ် (၂)ည အိပ်။ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ mgytravel@gmail.com

အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၁-၅၆၀၁၆၅၊ ၅၆၀၁၆၄၊ ၀၉-၄၉၇၇၇၇၀၄၅၊ ၃၁၁၈၈၈၈၁၊ ၂၆၈၇၃၂၃၂၊ ၄၀၁၅၆၆၁၀၁



## ဓမ္မအလင်း တရားအသံတော်ဖြန့်ချိရေး

(MP3 စက်၊ USB-Micro Stick) အသင့်သွင်းပြီး တရားအသံတော်များကို သက် သာ သောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်။

L7- ယုဇနပလာဇာ၊ မြေညီ၊ PH: 01 200747, 1315, 09 73009841



## ဦးရဲမင်းပိုင်(သချာ)နှင့် ဘာသာစုံသင်တန်း

**၁၀တန်း ဘာသာစုံပိုင်း** ညနေ(၅း၀၀-၇း၀၀) မွန်းလွဲ (၂း၀၀-၅း၀၀)

**၈တန်း၊ ၁၀တန်း** (သင်္ချာ၊ အင်္ဂလိပ်စာ) စနေ-တနင်္ဂနွေ နှင့် ကြားရက်

၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၇၃၁ ၆၁၁၄၀



# GETC Congratulations!

building a better future

၂၀၁၅ မေလတွင် British Council မှကြီးမှူးကျင်းပသော Cambridge ESOL Exams တွင် ဝင်ရောက်ဖြေဆိုပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသော GETC မှ ကျောင်းသား/သူများအား မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ၆/၉/၂၀၁၅ တနင်္ဂနွေနေ့ NOVOTEL YANGON MAX Hotel တွင် GETC မှ ဂုဏ်ပြုဆုတံဆိပ်နှင့် Cambridge English Certificate များပေးအပ်ချီးမြှင့်မည်ဖြစ်ပါသည်။

### --Pass with Full Shields--

**Starters**
1. Sit Moe Nyein
2. Khant Thaw Dah Zin
3. Khin Khant Khant Kyaw
4. Khin Thuta Zaw
5. Arthur Htinshar Aung
6. Kyal Sin Myint Mo
7. Su Woon San
8. Nyan Htet Oo
9. Phoo Pyae Khin
10. Nyan Htoo Hlaing

**Movers**
1. Christine Dim Deih Lun
2. Ei Phoo Eain
3. Su Thun Eain

**Flyers**
1. Ruth Cing Siam Lian
2. Aung Kaung Thant
3. Su Pyae Htoo

### --Pass with Distinction--

**PET**
1. Aye Zay Yar Min @ Alex
2. Ohinmar Myint
3. Cheryl

ဖြေဆိုသူ - ၆၇
ဂုဏ်ထူးအောင် - ၂၆
အထူးအောင် - ၂၀
ရိုးရိုးအောင် - ၁၈
အောင်ချက် - ၁၀၀%

**KET**
1. Su Myat Yee Mon
2. Yoon Myat May Thu
3. Twin Min Thant
4. Phone Myat Kyaw
5. Phoo Myat Nay Chi Naing
6. Poe Chit Myat The
7. Aung Swan Pyae
8. Thiha Swan Htet
9. Tay Zar Lin
10. Aye Myat Moe

Sanchaung - 09262963774/5 Hlaing - 530097 Tamwe - 549590 www.getc-languageschool.com



## ကား မျိုးစုံ

(Alphard/Crown/MarkII/အနီးစတတ်/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph: 09795549249, 095418126


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၄၀၉)၊ မြေကွက်တည်နေရာအမှတ်(၄၀၉)၊ ဦးအောင်ဇေဝလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဦးသောင်းရွှေ(ခ)ဦးသောင်းရှင် (AC-၀၀၃၉၆၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းရွှေနှင့် ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သည်။ ဦးအောင်ဝင်းတို့အား တရားပြိုင်ထားသော ဒေါ်အေးအေးသန်းမှ တရားလိုပြုလုပ်၍ ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရှုံးမှုလ (ကိုယ်စား) ဘီလစ်ဒေါ် နီလာခင် [၁၂/မဂဒ(နိုင်)၀၉၈၉၀၁]မှ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉/၁၅၏ ၂၁-၅-၂၀၁၅ရက်စွဲပါစီရင်ချက် ဇာရီမှုအမှတ်(၆၁/၁၅)၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ဆိုင်လိုသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ရေဘေးနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေး ပြဿနာများကိုနောက်ဆုံးပေါ် **Geosynthetics** နည်းပညာ ဖြင့် အချိန်၊ လုပ်အား၊ ပစ္စည်း နှင့် ငွေ ၃၀ % မှ ၅၀ % အထိ သက်သာစွာဖြင့် ဖြေရှင်းမှု




TENCATE Polyfelt GEOSYNTHETICS FOR CIVIL, HYDRAULIC & ENVIRONMENTAL ENGINEERING GAI-LAP CE

ရက်တိုအတွင်းမှာ မမျှော်မှန်းနိုင်လောက်အောင် မိုးများစွာရွာသွန်းမှုကြောင့် မြစ်/ချောင်းကမ်းပါးများပြိုကျပျက်စီးခြင်း၊ မြေပြိုခြင်းနှင့်လမ်းတံတား ပျက်စီးယိုယွင်းခြင်းများကိုဖြေရှင်းသည့်နည်းပညာများတွင် နောက်ဆုံးပေါ်ခေတ်မီအဆင့်မြင့်နည်းပညာတစ်ခုဖြစ်သော **GEOSYNTHETICS** နည်းပညာလည်း အပါအဝင်ဖြစ်ပါသည်။ ၂၀၀၁ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ရန်ကုန်-မအီ-ကျောက်ဖြူကားလမ်း ဖောက်လုပ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း အချို့နေရာများသည် အောက်ခံမြေသား အလွန်ညံ့ဖျင်းပြီး ရွံ့နွံထူထပ်သောနေရာသည် ၂၀ မိုင်ခန့် ရှိသောကြောင့်မြန်မာနိုင်ငံတွင် **GEOSYNTHETICS** နည်းပညာကို လမ်းဖောက်လုပ်ခြင်းစီမံကိန်း၌ ပထမဦးစွာ အသုံးပြုခဲ့ပါသည်။ ထိုနည်းပညာ နှင့် လိုအပ်သည်များကို **Agricultural & Industrial Development Co.,Ltd. (A&ID)** က မြန်မာနိုင်ငံ၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် နယ်သာလန်နိုင်ငံ **Royal TenCate** ကုမ္ပဏီ၏အာရှဆိုင်ရာကုမ္ပဏီခွဲဖြစ်သော မလေးရှားနိုင်ငံအခြေစိုက် **TenCate Geosynthetics Aisa Sdn Bhd** မှတင်သွင်းပြီး၊ လမ်းဖောက်သူများအား လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီပေးခဲ့ပါသည်။ အစိုးရဌာနကြီးများ၊ဆောက်လုပ်ရေးကုမ္ပဏီကြီးများနှင့် NGOများက ဆောင်ရွက်သောစီမံကိန်းကြီးများတွင် **A&ID** မှနည်းပညာပိုင်းဆိုင်ရာ **DESIGN**များကို အခမဲ့ ပံ့ပိုးကူညီပေးနေပါသည်။Email:md.anidco@gmail.com,PH:01-212015,0973200688,098627386, 09420016149သို့ စုံစမ်းမေးမြန်းပါရန် ဖိတ်ခေါ်အပ်ပါသည်။ ရုံးချုပ်မှာ အမှတ်(၁၅၆)၊ ဒုတိယသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။

## ဒေါက်တာစန္ဒသူရိယ အောင်စကြာဆရာတော် ဝါတွင်း (၇) ရက်၂ နာရီတရားစခန်းပွဲ ဩဂုတ်လ (၃၁) ရက်မှ စက်တင်ဘာလ (၆) ရက်နေ့ထိ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာစန္ဒသူရိယ အောင်စကြာဆရာတော်သည် ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို အခြေခံမှုစ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ၂၀၁၅ ခု ဩဂုတ်လ (၃၁) ရက်နေ့မှ (၆)ရက်နေ့အထိ (၇)ရက် ညနေ (၄ း ၃၀)နာရီမှ ည (၇) နာရီအတွင်း (၁) နာရီတရားဟော တရားပြ၍ လက်တွေ့(၁)နာရီ အားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နိုင်ကြပါသည်။ ဆက်သွယ်ရန်- ဖုန်း ၀၁ ၂၂၄၆၈၁















# STRATEGY FIRST INSTITUTE

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများအတွက်

NCC education

**Level 4 Diploma in BUSINESS**

UKမှ စီးပွားရေးဘွဲ့ရယူရန် ဒီပလိုမာများ



## လူငယ်တို့၏ အနာဂတ်အတွက် အကောင်းဆုံးပြင်ဆင်ပေးခြင်း

L4DB သည် ဗြိတိသျှ စီးပွားရေးပညာဘွဲ့ ပထမနှစ်နှင့် ညီမျှသော ၆-လ Semester နှစ်ခုပါဝင်သော တစ်နှစ်သင်တန်းဖြစ် ပါသည်။ L4DB အောင်မြင်ပါက UKတက္ကသိုလ် များတွင် စီးပွားရေးဘွဲ့ ဒုတိယနှစ် (သို့) မြန်မာနိုင်ငံတွင် ဆက်လက်တက်ရောက်လိုပါက ဒုတိယနှစ်နှင့် ညီမျှသော NCC L5DB တစ်နှစ် သင်တန်းကို ထပ်မံ တက်ရောက်နိုင်ပါသည်။ L5DB ပြီးလျှင် UK (သို့) ဩစတေးလျတွင် နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်နိုင်သလို မြန်မာနိုင်ငံမှလည်း UK စီးပွားရေးဘွဲ့ရယူနိုင်ရန် အခွင့်အလမ်းများရှိပါသည်။ NCC စီးပွားရေး ဒီပလိုမာများကို စီးပွားရေးပညာများနှင့် လိုအပ်သော အင်္ဂလိပ်စာ၊ ကွန်ပြူတာ ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံရေး၊ ဦးဆောင်မှုစသည့် အခြေခံ ကောင်းများရရှိစေရန် သင်ကြားပေးပါသည်။ စာတွေ့အပြင် လက်တွေ့စဉ်းစား ဆောင်ရွက်နိုင်ရန် Field Trip များ၊ Project များဖြင့် ပြည်တွင်းပြည်ပ ဆရာ/မများက သင်ကြားပါသည်။ NCC စီးပွားရေး ဒီပလိုမာ ရရှိထားသူများသည် တစ်ချိန် မိသားစုလုပ်ငန်း ဦးဆောင်နိုင်ရန်၊ ကိုယ်ပိုင်လုပ်ငန်း စတင်နိုင်ရန် ပြင်ဆင်ပေးသလို၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်း ကောင်းများ လည်း ရရှိနိုင်မည်ဖြစ် ပါသည်။ အစေးသင် နှင့်တွဲတက်ရန်အဆင်ပြေပါသည်။

## L4DB First Semester ဘာသာရပ်များ

1. Business Mathematics - Mondays: 9:00 AM to 12:00 PM
2. Fundamental of Economics - Tuesdays: 9:00 AM to 12:00 PM
3. Introduction to Finance - Wednesdays: 9:00 AM to 12:00 PM
4 Communication for Business - Thursdays: 9:00 AM to 12:00 PM
5 Introduction to Entrepreneurship - Fridays: 1:00 PM to 4 PM

## L4DB Second Semester ဘာသာရပ်များ

6 Essentials of Management | 7 Principles of Marketing | 8 e-Business
9 Understanding Business Organisations | 10 ICT Skills




### ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS 5.5 ရရှိရန် ဖြေဆိုရပါမည်။ IELTS အတွက်လည်း သင်တန်းမှ ပြင်ဆင် ပေးပါသည်။ အင်္ဂလိပ်စာ အဆင့်သတ်မှတ်နိုင်ရန် သင်တန်းဝင်ခွင့်ဖြေ ဆိုရမည်။

### သင်တန်းကြေးနှင့် Scholarships

ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ
L4DB Tuition Fees: 2,980,000 Ks
L4DB NCC Assessment Fees - 320 GBP
သင်တန်းကြေးကို အရစ်ကျလည်း ပေးသွင်းနိုင်ပါသည်။

အင်္ဂလိပ်စာ အမှတ် ၆၀ နှင့် အထက် - ၁၀% Scholarship
တစ်ဘာသာဂုဏ်ထူး - ၁၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၂၀%)
Eco ဂုဏ်ထူး - ၂၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၃၀%)
ဂုဏ်ထူး ၂ ဘာသာ - ၂၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၃၀%)
ဂုဏ်ထူး ၃ ဘာသာ - ၃၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၄၀%)
ဂုဏ်ထူး ၄ ဘာသာ - ၄၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၅၀%)
ဂုဏ်ထူး ၅ ဘာသာ - ၅၀% Scholarship (အင်္ဂလိပ်စာ ၆၀+ ၆၀%)
ဂုဏ်ထူး ၆ ဘာသာ - ၇၅% Scholarship

စက်တင်ဘာလ (၇) ရက်အတန်းများစမည်။

## L4DB နှင့် L5DB အပြီးတွင် စီးပွားရေးဘွဲ့အတွက် ဆက်လက်တက်ရောက်နိုင်သော တက္ကသိုလ်များ

UK: Birmingham City University | De Montfort University | Kingston University, London | London Metropolitan University | Nottingham Trent University | Oxford Brookes University | Plymouth University | University of Northampton | University of Central Lancashire | University of Wolverhampton | University of Worcester | Westminster Business School | Glasgow Caledonian University | Bangor University | Australia: Southern Cross University

မြေညီထပ်၊ ပန်းခြံတာဝါ၊ ဓမ္မစေတီလမ်းနှင့် တာကရာလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Please Note: we do not serve alcohol, tobacco and certain multi-level marketing companies and their employees.

ဝင်ခွင့်ဖြေဆိုရန် ဆက်သွယ်ပါ - **09250 717166 - 68**

Hot Line No-0930500100

## မြန်မာယူ-၁၉ အသင်းနှင့် တီမောလက်စ်တေ ယူ-၁၉အသင်းတို့ ယှဉ်ပြိုင်ကစားပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၆**

လာအိုနိုင်ငံတွင် ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည့် AFF U-19 Championships ၂၀၁၅ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များထဲတွင် မြန်မာ ယူ-၁၉ အသင်းနှင့် တီမောလက်စ်တေ ယူ-၁၉ အသင်းတို့ ဩဂုတ် ၂၇ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာအသင်းနှင့် တီမောလက်စ်တေအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၂၀ တွင် MRTV Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယနေ့မွန်းလွဲ၁နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။



## ပွဲဦးထွက်နိုင်ပွဲရရှိထားသည့် မြန်မာယူ-၁၉ အသင်း တီမောနှင့် ယနေ့ယှဉ်ပြိုင်မည်

**အာဆီယံယူ-၁၉ ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာယူ-၁၉ အသင်း(အပေါ်ပုံ)နှင့် တီမောယူ-၁၉အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုပွဲမှာ မြန်မာအသင်းအတွက် ဆီမီးတက်ရေး အဆုံးအဖြတ်ပွဲ မဟုတ်သေးသော်လည်း အရေးပါသည့် ပွဲစဉ်ဖြစ်သည်။**

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - MFF

မြန်မာယူ-၁၉ အသင်း၏ အုပ်စုဒုတိယပွဲစဉ်ဖြစ်ပြီး တီမောအသင်းမှာ သုံးပွဲမြောက်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး တီမောအသင်းမှာ မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် နှစ်ပွဲဆက်ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် တီမောအသင်းနှင့်ပွဲအပြီးတွင် ဗီယက်နမ်၊ မလေးရှားတို့နှင့် ထပ်မံကစားရမည်ဖြစ်ရာ နောက်တစ်ဆင့်တက်ရန်အတွက် ယနေ့ယှဉ်ပြိုင်ရမည့်ပွဲမှာ အရေးပါလျက်ရှိသည်။ တီမောအသင်းသည် နှစ်ပွဲဆက်ရှုံးနိမ့်ထားသော်လည်း ခြေစွမ်းမနိမ့်သည့် အသင်းဖြစ်ရာ

**စာမျက်နှာ ၃ ကော်လံ ၃ သို့**

# တောဆင်ရိုင်းများအား ဆင်ယဉ်များဖြင့် ဝန်းရံပို့ဆောင်မရပါက မေ့ဆေးပေးကာ ကားခုနစ်စီးဖြင့် ပြန်လည်ပို့ဆောင်ရန် စီစဉ်

နေပြည်တော် ဩဂုတ် ၂၆

**နတ်မောက်/မြို့သစ် သစ်တောကြိုးဝိုင်းများဘက်မှ နယ်ကျွံလာသည်ဟုယူဆရသော တောဆင်ရိုင်းများအား ၎င်းတို့လာရာလမ်းကြောင်းအတိုင်း မူလကျက်စားရာနေရာသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ailu ,



ယနေ့ မာတိကာ
အကောင်းဆုံးမျှခြေ
စာမျက်နှာ » ၂
ဖမ်းဆီးရမိသည့် ဆင်စွယ်နှစ်တန် ထိုင်းအစိုးရ ဖျက်ဆီး
စာမျက်နှာ » ၄
မန်ယူနှင့် အပြောင်းအရွှေ့ ကိစ္စရပ်အား လမ်းဖွင့်ထားဟု နေမာပြောပြီ
စာမျက်နှာ » ၁၃


ဒေဝယက္ခမန်းဆေးနဲ့တွေ့ရင် အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင်မှုန့်သွားမယ်
ဒေဝယက္ခ အကျိတ်ကြေ အစာမြှုမန်းဆေး
အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ၊ နကြေရှင်ပေါက် အမြစ်ပါမကျန်ပျောက်။ မန်းဝင် မန်းငုပ်မှအစ သုံးစွဲပါ။
အမှတ်-၃၇၃၊ သနပ်ပင်လမ်း၊ (အုန်းပင်တန်း)၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၀၁၄၃၊ ၀၉-၈၆၅၀၈၆၇၊ ၀၉-၅၃၀၁၄၄၂၊ ၀၉-၄၂၈၁၂၃၆၃၊ ၀၅၂-၂၁၄၂၂

Design - Myint Soe (Lin)